ဧရာဝတီမြစ်ကိုပိတ်ဆို့
ရေကာတာတည်ဆောက်ခြင်း

ကျွန်တော်တို့ **ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့** နေဖြင့် ဤအစီရင်ခံစာ ထွက်ပေါ်လာဖို့ အတွက်အစပြုးကူညီထောက်ပံ့ပေးခဲ့သော အလှူရှင်များဖြစ်ကြသော DCMF နှင့် GGF တို့ကို အထူးကျေးဇူးသင်ရှိပါသည်။

ထိုနည်းတူ ဤအစီရင်ခံစာအတွက် နည်းစနစ်များဖြင့် ပံ့ပိုး၍ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်း ကူညီကြသော BRC, E-desk နှင့် ERI သို့ ကိုလည်း အထူးကျေးဇူးတင်ပါသည်။ ထို့အတူ ဤအစီရင်ခံစာကို အစမှအဆုံးတိုင် သတင်းအချက်အလက် ကောက်ခံစုဆောင်းခြင်းကို တာဝန် ယူဆောင်ရွက်ခဲ့သော ကချင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့နှင့် ပါဝင်ကူညီပေးသော ကချင် ကျောင်းသားလူငယ်များအဖွဲ့နှင့် နည်းစနစ်များ၊ အကြံညဏ်ဖြင့်ဝိုင်းဝန်း ကူညီကြသော အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့များအားလုံးကို လည်းအထူးကျေးဇူးသင်ရှိပါသည်။

Kachin Development Networking Group

ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့

KDNG သည် ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်သော ကချင်ပြည်နယ်အတွင်းနှင့် ပြည်ပနိုင်ငံ များရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့များနှင့် လူထုအခြေပြုလူမှုအဖွဲ့အစည်း၏ ကွန်ယက် တစ်ခုဖြစ်ပါသည်။ KDNG ၏ ဦးတည်ချက်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ် အတွင်းရှိဒေသခံအဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ အဖွဲ့အစည်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် လူမှုရေးနှင့်နိုင်ငံ ရေးတိုးတက်ပြောင်းလဲ ဖြစ်ပေါ်စေရန်အတွက် တိုက်ပွဲဝင်နေကြသော ဒေသခံပြည်သူများအ တွက် တန်းတူညီမျှမှုနှင့် တရားမျှတမှုအပေါ် အခြေခံသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူ ထောင်မြင့်တင်ပေးရန်ဖြစ်သည်။ ကချင်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့သည် **ကချင်လူမှုဖွံ့ဖြိုး ရေးကွန်ယက်အဖွဲ့တွင်** အဖွဲ့ဝင်ဖြစ်ပြီး ဤအစီရင်ခံစာဖြစ် မြောက်ဖို့အတွက်အစအဆုံး တာဝန် ယူစီစဉ်ရေးသားသည့်အဖွဲ့ ဖြစ်သည်။

Kachin Environmental Organization

ကချင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့

ကချင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့သည် ဧပြီလ ၂၀၀၄ ခုနှစ်တွင် ကချင်ပြည်အတွင်း သဘာဝသယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် အလွန်အကျွံ့ပြုန်းတီးနေမှုပြဿနာများကို ကာကွယ်ထိန်းသိမ်းနေကြသော သဒေခံလူထုအဖွဲ့အစည်းများဖြင့်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

ဤအစီရင်ခံစာ မှ ဓါတ်ပုံများကို အသုံးပြုလိုပါက သက်ဆိုင်ရာ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက် အဖွဲ့သို့ အကြောင်းကြားပြီး အသုံးပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မာတိကာ

အစီရင်ခံစာ အကျဉ်းချုပ် ၁

အခန်း [၁]။ နောက်ခံသမိုင်းကြောင်း ၅
စစ်တပ်ကြီးစိုးမှုနှင့် ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ် ပြောင်းလဲမှုများ ၆
မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ထုတ်လုပ်ငန်း ၈
မြစ်ကြီးဧရာဝတီ ၁၀
ဧရာဝတီမြစ်ဝှမ်း ၁၁
မြစ်ဆုံဒေသနှင့်ကချင်တို့အတွက် ယဉ်ကျေးမှုအရအရေးပါမှု ၁၄

အပိုင်း [၂] ဧရာဝတီမြစ်ဆုံဆည် ဆောက်လုပ်ရေးစီမံချက် ၁၆
ဆည်ကို မည်သို့အသုံးချမည်နည်း ၁၇
လျှပ်စစ်ဓါတ်အားရောင်းချမှုမှ ရရှိမည့် ခန့်မှန်းခြေတန်ဘိုး ၁၈
ဘဏ္ဍာငွေ မည်မျှကုန်ကျမည်နည်း။ ၁၈
အင်မိုင်ခ (မေခ) မြစ်ကိုဆည်ဖို့ခြင်း ၁၉
အချိန်ကာလ သတ်မှတ်ချက်များ ၂၀
ဆည်ဆောက်လုပ်မည့်နေရာ၌ လတ်တလော ဖြစ်ပေါ်တိုးတက်မှုများ ၂၃
အကျိုးစီးပွားအရ ပါဝင်ပတ်သက်နေကြသူများ ၂၅

အပိုင်း [၃]။ ဧရာဝတီမြစ်ဆုံဆည်ကြောင့် ဖြစ်လာနိုင်သော ရိုက်ခတ်မှု ဆိုးကျိုးများ ၃၃
ဧရာဝတီ မြစ်ဆုံဆည် စီမံချက်ကြောင့် ရေလွှမ်းခံရမည့်နေရာများ ၃၃
လူများ နေရပ်ရင်းစွန့်ခွါ ပြောင်းရွှေ့ရခြင်းနှင့် ၎င်း၏နောက်ဆက်တွဲပြဿနာများ ၃၄
မြန်မာနိုင်ငံတွင် ဆည်တည်ဆောက်ရေးလုပ်ငန်းများကြောင့် ရွှေ့ပြောင်းကြရမှုများ ၃၅
ယဉ်ကျေးမှုဆိုင်ရာ ပျက်စီးဆုံးရှုံးစေမှုများ ၄၁
အသက်မွေးဝမ်းကျောင်းမှုဘဝများ ပျက်စီးကြရခြင်း။ ၄၃
မြစ်အောက်ပိုင်းရှိ မြေနုန်းတင် စိုက်ခင်းများ ပျက်စီးစေခြင်း။ ၄၄
လုံခြုံရေးအတွက် ပူပန်ရမှုများ ၄၇
သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများ ၅၄
ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ၆၀

စစ်အင်အားတိုးချဲ့ ချထားခြင်း။ ၆၃
အမျိုးသမီးများအတွက် အထူးထိခိုက်နစ်နာစေနိုင်သည့် အန္တရာယ်များ ၆၅

အခန်း [၄]။ အသိရှိရှိဖြင့် သဘောတူ၍ အနစ်နာခံကြရခြင်း၊ သို့မဟုတ် အခြားရွေးချယ်စရာ နည်းလမ်းများ ညွှန်ပြရွေးချယ်စေခြင်းမရှိဘဲ လူအများက ထိခိုက်နစ်နာကြရခြင်း။ ၆၉
အငယ်စားရေအားလျှပ်စစ် ထုတ်လုပ်ငန်းများ ၆၉

အောက်ခြေမှတ်စုများ ၇၁

နောက်ဆက်တွဲ ၁။ ၇၆

ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်မည့်နေရာ



အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ အချက်အချာဒေသများကို ဖြတ်သန်းစီးဆင်းနေသော၊ အာရှတိုက်၏ အဓိက မြစ်ကြီးတသွယ်ဖြစ်သည့် ရောဝတီမြစ်ကို ဆည်ဖို့ကြပေတော့မည်။ မြန်မာနိုင်ငံ၏ စစ်အစိုးရသည် ရောဝတီမြစ်ကိုပိတ်၍ (၁၅၂) မီတာ အမြင့်ရှိသော ရေမဆည်ကြီးတခုကို တည်ဆောက်ပြီး၊ လျှပ်စစ်ဓါတ်အားကို တရုတ်ပြည်သို့ပို့လွှတ် ရောင်းချရန် တရုတ်ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံခွင့် ပြုခဲ့သည်။ မြန်မာစစ်အစိုးရအဖို့ ဝင်ငွေဝင်လမ်းအသစ်များရရှိမည်ဖြစ်သော်လည်း မည်သည့် အရေးဆိုပိုင်ခွင့်မျှ မရှိသော မြန်မာနိုင်ငံပြည်သူများအဖို့မူ ဤစီမံချက်အတွက် ထိခိုက်နစ်နာမှုများဖြင့် တန်ဘိုးပေးဆပ်ကြရမည်ဖြစ်သည်။

(၂၀၀၇) ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆည်သစ်များဆောက်လုပ်ရေးနှင့် ပတ်သက်သော စီမံကိန်း အမြောက်အများကို ထုတ်ပြန်ကြေငြာခဲ့ပြီး၊ ၎င်းတို့အထဲတွင် အိမ်နီးချင်းတိုင်းပြည်များသို့ လျှပ်စစ်ဓါတ်အားတင်ပို့ ရောင်းချနိုင် မည့် ရေအားလျှပ်စစ်ထုတ်လုပ်ငန်းများလည်း ပါဝင်နေခဲ့သည်။ လျှပ်စစ်စွမ်းအင်ဆာလောင် မက်မောနေကြသော အိမ်နီးချင်းတိုင်းပြည်များအဖို့ မြန်မာနိုင်ငံအတွင်းတွင် ဆည်များဆောက်လုပ်ခြင်းသည် လျှပ်စစ်ဓါတ်အားကို ဈေးချိုချိုနှင့် ရစေနိုင်သည့် အတွက်ကြောင့် အကျိုးအမြတ်ဖြစ်စေသော်လည်း၊ ဤဆည်များတည်ဆောက်ခြင်းကြောင့်ဖြစ်ပေါ်လာစေမည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာရမှုများကို မြန်မာနိုင်ငံ ဘက်ခြမ်းရှိ လူထုများသို့ ပုံချတွန်းပို့ထားနိုင်ပါသည်။

မြန်မာပြည်မြောက်ပိုင်းအစွန်ဆုံးဖြစ်သော ကချင်ပြည်နယ်ရှိ ရောဝတီမြစ် အစပြုရာမြစ်ဆုံ၌ ဆည်ဆောက်လုပ်ရေး စီမံချက်ဖွင့်ပွဲအခန်းအနားတခုကို (၂၀၀၇) ခုနှစ်၊ မေလတွင် ကျင်းပခဲ့ပါသည်။ ဤဆည်မှနေ၍ ရေအား လျှပ်စစ်ဓါတ်အား မီဂါဝပ် ၃,၆၀၀ (MW) ကို ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ပြီး၊ အများစုကို တရုတ်နိုင်ငံသို့ ပို့လွှတ်ရောင်းချစေမည် ဖြစ်သည်။ ဤဆည်တည်ဆောက်ရေးလုပ်ငန်းများသည် တရုတ်နိုင်ငံ ဗဟိုအစိုးရ၏ "အနောက်မှ အရှေ့သို့ စွမ်းအင်ပို့လွှတ်စေရေး မူဝါဒ" (West to East Power Transmission Policy) အရ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဤလျှပ်စစ်ဓါတ်အား ရောင်းချမှုတန်ဖိုးသည် တနှစ်လျှင် အမေရိကန်ဒေါ်လာသန်း (၅၀၀) ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ ရောဝတီ မြစ်ဆုံဆည်သည် ဤမြစ်ကြောင်းတလျှောက် တရုတ်တို့က တည်ဆောက်မည့် ဆည်ကြီး (၇) ခုအနက် ပထမဦးဆုံးဆည်လည်း ဖြစ်သည်။

ဆည်ကြောင့် ဖြစ်ပေါ်လာစရာရှိသော ဆိုးကျိုးများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိသောကြောင့် ကချင်ပြည်နယ် တလွှားရှိ ရပ်ရွာလူကြီးများနှင့် ရွာသူရွာသားများက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ဤဆည်ဆောက်လုပ်ရေး စီမံချက်ကို ရပ်ဆိုင်းပေး

ရန် ကန့်ကွက်စာများ ပေးပို့ခဲ့ကြသည်။ သို့သော်လည်း ဤကန့်ကွက်မှုများကို လျစ်လျူပြုထားကြဆဲပင်ဖြစ်သည်။

ဇီဝသတ္တ စုံလင်ထွေပြားမှုနှင့်ပတ်သက်၍ ကမ္ဘာ့ "အကျော်ကြားဆုံးနေရာ" နေရာ (၈) ခုအနက် ဤဒေသကို တခုအပါအဝင်အဖြစ် သတ်မှတ်ထားကြပြီး၊ ဆည်တည်ဆောက်ပြီးစီးပါက ဤဒေသတွင်းရှိ ခန့်မှန်းခြေရွာပေါင်း (၄၇) ရွာ ရေမြုပ်သွားပေတော့မည်။ လူဦးရေ ခန့်မှန်းခြေအားဖြင့် (၁၀၀၀၀) သည်လည်း အိုးအိမ်အခြေပျက် ရွှေ့ပြောင်းကြရမည်ဖြစ်ကာ အလုပ်အကိုင်ဆုံးရှုံးရခြင်း၊ အလုပ်လက်မဲ့ပြဿနာကို ပိုမိုဆိုးရွားလာစေခြင်း၊ မူးယစ်ဆေးစွဲမှု ပြဿနာများတိုးပွားလာစေခြင်းနှင့် ကိုယ်ခံအားကျရောဂါ (အိပ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ်) ကူးစပ်ပျံ့ပွားမှုပိုမိုဆိုးရွားလာဖွယ် ရှိနေပေသည်။ ရေလွှမ်းမှုကြောင့် ဝေးလံခေါင်သီသည့် ဒေသများနှင့် မြို့ကြီးများကို ဆက်သွယ်ထားသော လမ်းများလည်း ပြတ်တောက်ကာ လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်သွယ်ရေး ထိခိုက်နစ်နာကြရပေတော့မည်။

မကြာသေးမီကာလ၊ (၂၀၀၆) ခုနှစ် အတွင်းကလည်း အနီးအနားရှိမြစ်ပေါ်၌ တည်ဆောက်ထားသော ဆည်ကျိုးပေါက်ခြင်းကြောင့် နေအိမ်များနှင့် တံတားများ မျောပါ ဆုံးရှုံးကြရပြီး၊ လူများအသက်ဆုံးရှုံးရခြင်း၊ လျှပ်စစ်ဓါတ် အားပေးစက်ရုံနှင့် ဆည်အဆောက်အဦများ ပြန်ပြင်၍မရတော့လောက်အောင် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းသည် မြေငလျင်ဒဏ် မကြာခဏ ခံရတတ်သောနေရာဖြစ်ပြီး၊ ဧရာဝတီမြစ်ဆုံ ဆည်နေရာသည် အဓိက စစ်ကိုင်းမြေငလျင်ကြောနှင့် ကီလိုမီတာ (၁၀၀)ပင် မပြည့်တတ်သော အကွာအဝေးတွင် တည်ရှိနေပါသည်။ ဆည်အောက်ဘက် ကီလိုမီတာ (၄၀) မျှ အကွာအဝေးတွင်ရှိနေကြသော ကချင်ပြည်နယ်၏ မြို့တော် ဖြစ်သည့် မြစ်ကြီးနားမြို့နေလူထုများအဖို့ ဆည်ကျိုးပေါက်ခြင်း၊ သို့မဟုတ် သဘာဝအရ မဟုတ်သော ရုတ်တရက် ရေလျှံတက်မှုနှင့်လည်း ကြုံရနိုင်ပါသေးသည်။

ထို့အပြင် ဆည်ကြီးများ တည်ဆောက်မှုကြောင့် ဖြစ်ရသော ဆိုးကျိုးများမှာ ငါးဖမ်းလုပ်ငန်း၊ နုံးတင်မြေနုလွင်ပြင်များတွင် ယာစိုက်ပျိုးကြသူများနှင့် မြစ်ရိုးတလျှောက် မြစ်ကမ်းပါးများပေါ်တွင် စိုက်ပျိုးမှီခိုနေကြသူများတို့အပေါ် သေချာပေါက် ကျရောက်ရပေတော့မည်။ အခြားဆည်ကြီးများ ဆောက်လုပ်ရေးလုပ်ငန်းများမှ ဤသို့ဆိုးကျိုးများ ကြုံကြရပုံကို သေချာမှတ်တမ်းတင်ထားခဲ့ကြပြီး ဖြစ်သည်။ ဤသို့ဖြစ်လာမည့် ဆိုးကျိုးဒဏ်သင့်မှုများကို ဧရာဝတီမြစ်ကို မှီတင်းနေထိုင်ကြသည့် လူသန်းပေါင်းများစွာတို့ ခံစားကြရပေတော့မည်။ ထို့အပြင် ငှက်ဖျားရောဂါ ပျံ့နှံ့ကူးစက်လာနိုင်သကဲ့သို့၊ ရေလှောင်တာတမံများမှ ထွက်လာသော မီသိုင်းမာကျူရီ ပြဒါးဆိပ်သင့်မှု စသည့် ကျန်းမာရေးပြဿနာများကိုလည်း မြန်မာပြည်သူတို့ ခံစားကြရလိမ့်မည် ဖြစ်ပါသည်။ ဤအခြေအနေ ဖြစ်ပေါ်လာပါက ကမ္ဘာပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အညံ့ဖျင်းဆုံး နိုင်ငံတခုအဖြစ် သတ်မှတ်ခံထားရသော မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်အတွက်

ပို၍ဝန်ထုပ်ဝန်ပိုး ဖြစ်လာစေတော့မည်။ ရောဝတီမြစ်၏အမည်နှင့်အတူ ယှဉ်တွဲကျော်ကြားလှသည့် ရှားပါးမျိုးတုန်းတော့မည်ဖြစ်သော ရောဝတီလင်းပိုင်ငါးကြီးများသည်လည်း ဤမြစ်အတွင်းမှ အပြီးတိုင် ပျောက်ကွယ်သွားနိုင်ပါသည်။

စစ်အစိုးရသည် တည်ဆောက်ရေးစီမံချက်ကြီးများ၏ လုံခြုံရေးအတွက်ဆိုကာ စစ်အင်အားတိုးချဲ့ချထားခြင်းနှင့် ထိုဒေသတွင် မြေမြှုပ်မိုင်းများ ခင်းလာဖွယ် ရှိနေပါသေးသည်။ စစ်အစိုးရ၏ အကျယ်အပြန့်လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အစီရင်ခံစာ အစောင်စောင်က မှတ်တမ်းတင်ဖော်ပြခဲ့ကြပြီး၊ အတင်းအကျပ် လုပ်အားစေခိုင်းခြင်း၊ မြေသိမ်းခြင်းနှင့် လူအများ၏ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက် ဖိနှိပ်မှုများသည်လည်း ဤဆည်တည်ဆောက်ရေး စီမံကိန်းများနှင့်အတူ လိုက်ပါလာနိုင်ပါသည်။ ရောဝတီ မြစ် ဆုံဆည်နေရာတွင် နေထိုင်နေကြသော လူထုများသည်လည်း ချွင်းချက်မဖြစ်နိုင်ပါ။ အလားတူအကျိုးဆက်များ ကို ခံစားရရန် အကြောင်းရှိနေပါသည်။ အထူးသဖြင့် အမျိုးသမီးများအဖို့ စစ်တပ်၏ လိင်မှုဆိုင်ရာအရ အကြမ်း ဖက်မှုများကို ခံရနိုင်စရာ အကြောင်းရှိနေပါသည်။ ဤကဲ့သို့သော ဘေးအန္တရာယ်များ သာမက၊ ဆည်ဆောက်လုပ်မည့်နေရာကို သတ်မှတ်အပြီး၊ ပြောင်းရွှေ့ကြရသည့်အခါ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလည်း ဆုံးရှုံးထိခိုက်ကြမည်ဖြစ်ပြီး၊ ဘဝအခြေပျက်ကြရသောကြောင့် အမျိုးသမီးများ အနေဖြင့်၊ လိင်ဖျော်ဖြေရေး လုပ်ငန်းများနှင့် လူမှောင်ခိုကုန်ကူးမှုများထဲသို့ ကျရောက်သွားစေနိုင်သည့် အန္တရာယ်လည်း ရှိနိုင်ပါသည်။

ရာစုနှစ်များနှင့်ချီ၍ မြစ်ဆုံဒေသသည် ကချင်တို့၏ ဂုဏ်ယူဖွယ် အမွေအနှစ်သာမက မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး၏ အမွေအနှစ်လည်းဖြစ်သော တေးသီချင်းများ၊ ကဗျာများနှင့် ဒဏ္ဍာရီပုံပြင်များ၏ ဘူမိနက်သန်လည်း ဖြစ်ခဲ့ပါသည်။ အကယ်၍ ဤဆည်ကိုသာ ဆက်၍ဆောက်သွားမည်ဆိုပါက အမျိုးသား ယဉ်ကျေးမှု အထိမ်းအမှတ်နေရာတခုလည်း အနာဂတ်မျိုးဆက်များအတွက် အစဉ်ထာဝရ ဆုံးရှုံးသွားရပေတော့မည်။

ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ (KDNG) က ရောဝတီမြစ်ဆုံဆည် တည်ဆောက်ရေးစီမံချက် ရပ်တန်းက ရပ်ပစ်ရေးအတွက် အတိအလင်း ဖွင့်ဟတောင်းဆိုလာခဲ့သူများနှင့်အတူတသားတည်း ရပ်တည်ပါသည်။ လက်ရှိ စစ်အစိုးရသည် ၎င်း၏ စစ်အာဏာတည်မြဲရေးအတွက်သာ ကြိုးပမ်းနေလျှက်ရှိပြီး၊ ၎င်းတို့ အမြတ်အစွန်းများစေမည့် ရောမတည်ဆောက်ရေးလုပ်ငန်းကြီးများကို တိုးမြှင့်လုပ်ဆောင်လျှက် ရှိပါသည်။ ဤတည် ဆောက်ရေးလုပ်ငန်းများ၏ အကျိုးဆက်ကောင်းကျိုးချမ်းသာကို ပြည်သူလူထုများ ခံစားခွင့်ရှိကြမည် မဟုတ်ဘဲ၊ ထိခိုက်နစ်နာရမည့် ပေးဆပ်မှုများနှင့် အန္တရာယ်မှန်သမျှကိုသာ အာဏာမဲ့ပြည်သူများအပေါ် ကျရောက်စေပါလိမ့်မည်။ ဤသို့ ရောမစီမံချက်ကြီးများအစား ဒေသနေ ပြည်သူလူထုများ၏ အခွင့်အရေးများကို အသိအမှတ်ပြုပေးပြီး၊ သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရာ၌ သူတို့ကိုယ်တိုင် ပါဝင်

ဆောင်ရွက်စီမံခွင့်ပေးရန် လိုအပ်ပါသည်။ ထို့အပြင် အခြားရွေးချယ်စရာနည်းလမ်းများကိုလည်း ရှာကြံဆောင်ရွက်ရန် လိုအပ်ပါသည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်း အင်အားကြီး နိုင်ငံတခုဖြစ်ပြီး၊ ဒေသအတွင်း နိုင်ငံများအတွက်များစွာသော ကောင်းကျိုးများ ဆောင်ကျဉ်းပေးနိုင်ပါသည်။ ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ (KDNG) အနေဖြင့် တရုတ်နိုင်ငံအပေါ်တောင်းဆိုလိုသည်မှာ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် စီမံချက်များတွင်လည်း တရုတ်နိုင်ငံတွင်း ချမှတ်ထားသည့် ကျင့်ဝတ်စံသတ်မှတ်ချက်များအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ပါရန်နှင့် ဤစီမံချက်များ၏ ဆိုးကျိုး အကျိုးဆက်ဒဏ်ကို ခံစားကြရမည့် ပြည်သူလူထုများ၏ အသံကို အလေးအနက်ပြုပါရန် တောင်းဆိုပါသည်။

Photo: tab

မြစ်ဆုံအနီးရှိ မလိခမြစ် စီးဝင်နေပုံ

အခန်း [၁]။ နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်

မြန်မာနိုင်ငံသည် (၁၉၄၈) ခုနှစ်တွင် လွတ်လပ်သော ဒီမိုကရေစီနိုင်ငံတခု ဖြစ်လာခဲ့သည်။ (၁၉၆၂) ခုနှစ်တွင် စစ်တပ်က ဒီမိုကရေစီအစိုးရထံမှ အာဏာသိမ်းယူခဲ့ပြီး၊ ထိုအချိန်မှစ၍ စစ်တပ်က တိုင်းပြည်ကို အုပ်ချုပ်လာခဲ့သည်။ (၁၉၉၀) ပြည့်နှစ်တွင် နှစ်ပေါင်း (၃၀) နီးပါးကြာပြီးနောက်ပိုင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က အပြတ်အသတ်အနိုင်ရခဲ့သော်လည်း စစ်တပ်က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုခဲ့ချေ။ စစ်တပ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) အမည်ဖြင့်၊ စစ်ကောင်စီက အာဏာကိုဆက်လက်ချုပ်ကိုင်ထားဆဲဖြစ်ပြီး၊ ၎င်း၏ ညံ့ဖျင်းဆိုးရွားသော လူ့အခွင့်အရေးမှတ်တမ်းကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားနေရပါသည်။ လက်ရှိကာလတွင် စစ်တပ်က များစွာအငြင်းပွားဖွယ် ရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရေးဆွဲ၍ အနာဂတ်အစိုးရ အုပ်ချုပ်ရေးလုပ်ငန်းများတွင် စစ်တပ်၏ အခန်းကဏ္ဍကို တရားဝင်ဖြစ်အောင် ကြိုးပမ်းနေလျှက်ရှိသည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အကျဆုံးအပိုင်းတွင်ရှိသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ တောင်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျှက်ရှိသည်။ ကချင်ပြည်နယ်၏ လူဦးရေမှာ ၁.၂

သန်းကျော်ရှိပြီး၊ ကချင်လူမျိုးနွယ်များဖြစ်သည့် ဂျင်းဖေါ၊ ရဝမ်၊ လီဆူး၊ ဇိုင်ဝါ၊ လောင်းဝို၊ လချစ် နှင့် ၊ရှမ်းလူမျိုး၊ ဗမာလူမျိုး၊ တရုတ်နှင့် အင်ဒီးယန်းနွယ်ဖွား လူမျိုးများ မှီတင်းနေထိုင်ကြသည်။ ပြည်နယ်မြို့တော်သည် မြစ်ကြီးနားမြို့ဖြစ်ပြီး၊ လူဦးရေ (၁၄၀, ၀၀၀) ခန့် ရှိသည်။

ကချင်ပြည်နယ်တွင် အရှေ့တောင်အာရှ၏ အမြင့်ဆုံးတောင်ထွဋ်ဖြစ်သော ဆီးနှင်းများဖုံးလွှမ်းနေတတ်သည့် (အမြင့် ၅,၈၈၁ မီတာရှိ ခါကာဘိုရာဇီတောင်) တည်ရှိရာ အရပ်လည်းဖြစ်သည်။ မြောက်ပိုင်းရှိ နှင်းဖုံးတောင်များသည် တိုင်းပြည်၏ ပင်မမြစ်ဖြစ်သော ဧရာဝတီမြစ်၏ မြစ်ဖျား ခံရာနေရာလည်းဖြစ်သည်။ ကချင်ပြည်နယ်တွင် သဘာဝသယံဇာတနှင့် သက်ရှိသတ္တဝါအမျိုး မျိုးတို့ စုံလင်ကြွယ်ဝသည်။ ပြည်နယ်တ ခုထဲမှာပင်လျှင် သစ်ခွမျိုးစိတ်ပေါင်း (၈၀၀) ရှိသည့် အပြင်၊ ရှားပါး တောရိုင်းတိရစ္ဆာန်များဖြစ်သည့် **(leaf deer)** ခေါ် သမင်တမျိုးနှင့် အကောင်အ ရေအတွက် ဆုတ်ယုတ်လျော့ပါးလာနေသော ကျားအပါအဝင် အခြားရှားပါး သတ္တဝါမျိုးစိတ် ပေါင်းများစွာရှိသည်။ ကျော်ကြားသော ဗြိတိသျှ ရုက္ခဗေဒပညာရှင်ဖြစ်သူ အက်ဖ်–ကင်းဒန်း ဝ့ါဒ် **(F.Kingdon Ward)** က ကချင်ပြည်နယ်သည် "အရှေ့တောင်အာရှဒေသရှိ စိတ်ဝင်စား ဖွယ် အကောင်းဆုံး ရုက္ခဗေဒနှင့် သတ္တဗေဒဆိုင်ရာ သဘာဝဌာနေတောတခု" ဟု ဖော်ပြပြောဆို ခဲ့ပါသည်။

Photo: tab

မြစ်ကြီးနားလေဆိပ်တွင် လက်နက်ကိုင် စောင့်ကြပ်နေသော စစ်သားတဦး

စစ်တပ်ကြီးစိုးမှုနှင့် ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ် ပြောင်းလဲမှုများ

ရေရှည် ပြည်တွင်းစစ်ပွဲဒဏ်နှင့် မြန်မာစစ်တပ်က ကချင်ပြည်နယ်နေ ပြည်သူလူထုများအပေါ် ဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပြီး နောက်ပိုင်းတွင်၊ (၁၉၉၄) ခုနှစ်၌ မြန်မာစစ်အစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIA) တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရ ယူနိုင်ခဲ့ပါသည်။ အပစ်အခတ်ရပ်စဲမှုလုပ်ပြီးချိန်မှစ၍ ကချင်ပြည်နယ်အတွင်းတွင် မြန်မာစစ်တပ် တပ်ဖွဲ့များ သိသိသာသာတိုးချဲ့ချထားလာသည်နှင့် ကြုံကြရပြီး၊ ဆိုးကျိုးမြောက်များစွာ ဖြစ်ပေါ်စေသော ဒေသဖွံ့ဖြိုး ရေးစီမံချက်များကိုလည်း လုပ်ဆောင်ခဲ့ကြပါသည်။ ဤအကျိုးဆက်များကြောင့် ဖြစ်ပေါ်လာရသော ဘက်ပေါင်းစုံ အခြေအနေကို ဒေသခံခေါင်း ဆောင်အချို့က အထွေထွေစီးပွားရေး၊ သဘာ ဝပတ်ဝန်းကျင်ရေးရာနှင့် လူမှုရေး ကပ်သင့်မှုဟုပင် ခေါ်ဆိုခဲ့ကြပါသည်။ စိုက်ပျိုးမြေဧကေ ထောင်ပေါင်းများစွာနှင့် လူနေအိမ်များကို စစ်အာဏာ ပိုင်များနှင့် ၎င်းတို့၏ အပေါင်းပါ စီးပွားရေးလုပ်ငန်းရှင်များက ဖွံ့ဖြိုးရေးအမည်ခံလျှက် သိမ်းယူခဲ့

ကြပါသည်။ ထို့အပြင် စည်းကမ်းမဲ့ သစ်ခုတ်မှုကြောင့် ကချင်ပြည်နယ်၏ ကြွယ်ဝလှသော သဘာဝသစ်တောရိုင်းများနှင့် ထွေပြားလှ သည့် ဇီဝသတ္တမျိုးကွဲများ တည်ရှိနေမှုလည်း ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် မြစ်ချောင်းများ ညစ်ညမ်းကြရပါသည်။ ထို့အပြင် မူးယစ်ဆေးစွဲသူများ၊ ကိုယ်ခံအား ကျရောဂါ (အိပ်အိုင်ဗွီ–အေအိုင်ဒီအက်စ်) ကူးစက်မှုများနှင့် လူမှောင်ခို ကုန်ကူးရောင်းချမှုများလည်း ပိုမိုပျံ့နှံ့ဖြစ်ပွားလာသောကြောင့် လူမှုအဖွဲ့အစည်းတခုလုံးအတွက် ပိ၍ ထိခိုက်နစ်နာဖွယ်အကြောင်း ဖြစ်စေခဲ့ပါသည်။ ထိုမျှသာမက ကိုယ်ခံအား ကျရောဂါ ဖြစ်ပွားမှုနှင့် မူးယစ်ဆေး ဝါးပြဿနာသည် အိမ်နီးချင်း တရုတ်နိုင်ငံသို့ပင် နယ်စပ်ဖြတ်ကျော် ကူးစက်သက်ရောက်နေပြီဖြစ်ပါသည်။

အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းကာလ၊ လူမျိုးစုများ ယခင်က ထိန်းချုပ်ထားရာ နယ်စပ်ဒေသများထဲသို့တိုင်အောင် မြန်မာစစ်တပ်များ တိုးချဲ့ချထားလာပြီး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များကလည်း ယှဉ်တွဲလိုက်လာခဲ့ပါသည်။ ဤအခြေအနေများကြောင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို လုပ်ငန်းရှင်ကြီးများထံ ရောင်းစားနိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့၊ ကျောက်မြက်ရတနာများနှင့် ကျွန်းသစ်တို့ကို လိုချင်တပ်မက်နေကြသည့် အိမ်နီးချင်းနိုင်ငံများသည်၊ မြန်မာစစ်အစိုးရက လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် နာမည်ပျက်၍ အကြီးအကျယ်ရှုတ်ချခံနေရသည့်တိုင် စစ်အစိုးရနှင့် အပေးအယူပြု ဆက်ဆံခဲ့ကြပါသည်။ စစ်အစိုးရသည် ကချင်ပြည်နယ်၌ တောရိုင်းတိရစ္ဆာန်များ ခိုလှုံကျက်စားခွင့်ပေးထားရာ ဘေးမဲ့တောများနှင့် မြစ်ကြောင်းများတွင် ကုမ္ပဏီများကို စီးပွားဖြစ် ရွှေထုတ်ခွင့်ပြုခဲ့ပြီး အမြတ်အစွန်းများစွာ ထုတ်ယူနိုင်ခဲ့ကြပါသည်။[၁] (အများစုကို တရုတ်နိုင်ငံသို့ ကုန်းလမ်းမှ တိုက်ရိုက်တင်ပို့သည့်) ကျွန်းသစ်နှင့် အခြားသစ်မာများ ပြောင်တလင်းခါအောင် ခုတ်ယူ ရောင်းချသည့်ကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတကာ ပြစ်တင်ဝေဖန်မှုများပေါ် ထွက်လာပြီး နောက်ပိုင်းတွင်၊ စစ်အစိုးရသည် နိုင်ငံခြားသို့ သစ်တင်ပို့သည့်လုပ်ငန်းများကို ရန်ကုန်မှနေ၍သာ တဆင့်လုပ်ကိုင်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ဤနည်းအားဖြင့် သစ်လုပ်ငန်းမှ သေချာပေါက် တိုက်ရိုက် အမြတ်ထုတ်နိုင်ရန် စစ်အစိုးရက ထပ်မံစီစဉ်ခဲ့ပါသည်။

စစ်အစိုးရသည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် သဘာဝဓါတ်ငွေ့ရောင်းချရေး နစ်ရှည်သဘောတူညီမှုများလည်း ပြုထားသည့်အပြင်၊ အိန္ဒိယနိုင်ငံနှင့်လည်း စေ့စပ်ဆွေးနွေးလျှက်ရှိပါသည်။ ဤသဘောတူညီမှုများတွင် သဘာဝဓါတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးအတွက် အကြီးစား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်ပါသည်။ အိမ်နီးချင်းနိုင်ငံ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများသည်၊ ၎င်းတို့၏ ပဏာမရင်းနှီးမြှုပ်နှံမှုအတွက် အမြတ်အစွန်း အလုံအလောက် ပြန်လည်ရယူနိုင်ရေးအတွက် ဤစာချုပ်များကို နှစ်ပေါင်း (၂၅) နှစ်မှ (၃၀) နှစ် စီမံထားလေ့ရှိပါသည်။ ဤသို့ရင်းနှီးမြှုပ်နှံထားသောနေရာများ၌ ရင်းနှီးမြှုပ်နှံသူအဖို့ ၎င်းတို့သဘောတူလက်မှတ်ထိုးထားသော အစိုးရ၏ တည်ငြိမ်မှု၊ သို့မဟုတ် တည်တံ့မှုတွင် အလောင်းအစားလုပ်ထားရသည်လည်းဖြစ်

ရာ၊ စစ်အစိုးရက ဤ "သဘာဝစွမ်းအင်ရောင်းချမှု"မှနေ၍ နိုင်ငံရေးအရသာမက၊ ဘဏ္ဍာရေးအရပါ အကျိုးအမြတ်များ ထုတ်ယူရရှိနိုင်သည့် "အရင်းအမြစ်သံတမန်ရေး" ကစားကွက်လည်း ဖြစ်နေပါသည်။

ဗိုလ်ချုပ်မှူးကြီးမောင်အေးက ပေါင်းလောင်းဆည်ဖွင့်ပွဲ တွင် မိန့်ခွန်းပြောကြားနေစဉ်၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများလည်း တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ထုတ်လုပ်ငန်း

(၂၀၀၆) ခုနှစ် စက်တင်ဘာလအထိ၊ တရားဝင်ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ရှိပြီးသား လျှပ်စစ်ဓါတ် အားထုတ်လွှတ်မှု စွမ်းအားသည် စုစုပေါင်း (၁,၇၇၅) မီဂါဝပ် ဖြစ်ပါသည်။[၂] ရေအားလျှပ်စစ်ထုတ်လုပ်မှုမှာ အကြမ်းဖျင်းအားဖြင့် ဤစုစုပေါင်း ပမာဏ၏ (၃၀)မှ (၃၅) ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းရပါသည်။ နောက်ထပ် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် စက်ရုံများကိုလည်း တည်ဆောက်နေဆဲ ဖြစ်သည်ဟု ကြေငြာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်မည်ဟု ခန့်မှန်းတွက်ချက်ထားသည့် ပမာဏသည် (၃၈, ၀၀၀) မီဂါဝပ် ဖြစ်ရာ၊ ၎င်းသည် အရှေ့တောင်အာရှကုန်းမြေရှိ နိုင်ငံများထက် ကျော်လွန်များပြားနေသည့် ပမာဏပင် ဖြစ်သည်။[၃] (နအဖ) စစ်အစိုးရသည် ဤအလားအလာအတိုင်း အကောင်အထည်ဖေါ်နိုင်ရေးအတွက် အလွန်စိတ်ထက်သန်နေသည်ဖြစ်ရာ၊ သတ်မှတ်ထား

သော အလားအလာရှိသည့် နေရာများ၌ ရင်းနှီး မြှုပ်နှံသူများနှင့် နားလည်မှု စာချွန်လွှာများ အများအပြားကို အလျင်စလို ရေးထိုးချုပ်ဆို လျှက်ရှိပါသည်။

ရေအားလျှပ်စစ် ထုတ်လုပ်မှုနှင့် ဆည်များ (Hydropower and Dams) အမည်ရှိ စက်မှုလုပ်ငန်းမဂ္ဂဇင်းတွင် မကြာသေးမီက ဖော်ပြခဲ့သော ဆောင်းပါးတစောင်အရ "လောလောဆယ် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရန် စီမံချက်ရေးဆွဲနေဆဲဖြစ်သော စီမံချက် (၂၉) ခုကို စာရင်းပြုစု ဖော် ပြခဲ့ပါသည်။ ဤစာရင်းထဲတွင် ကချင်ပြည်နယ်ရှိ ဆည်တည်ဆောက်ရေးစီမံချက် (၅) ခုအကြောင်း မပါခဲ့ချေ။ အကြောင်းမှာ ဆောင်းပါး ပုံနှိပ်ဖော် ပြပြီး နောက်ပိုင်းမှသာ ထုတ်ပြန်ကြေငြာခဲ့သောကြောင့်ဖြစ်သည်။[၆] လက်ရှိ ကြေငြာထားသည်များ သာမက အစဉ်တိုးလာနေလျှက်ရှိသော စီမံချက်များက ဖော်ညွှန်းပြနေသည်မှာ စစ်အစိုးရအနေဖြင့် အလားအလာရှိနေသည့် ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံများ အမြန်အကောင်အထည်ဖော်ရေးနှင့် ထိုစက်ရုံများ မှနေ၍ နိုင်ငံခြားငွေဒေါ်လာများ အငမ်းမရရရှိလိုနေသော အနေအထားပင်ဖြစ်သည်။ အစိုးရသည် လျှပ်စစ်ဓါတ်အားပေး လုပ်ငန်းများတွင် အဓိကလောင်စာအဖြစ် သဘာဝဓါတ်ငွေ့ကို အားထားနေရာမှ (၂၀၃၀) ခုနှစ် အရောက်တွင် ရေအားစွမ်းအင်ဘက်သို့ ပြောင်းလဲအားထားတော့မည်ဟု လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အရာရှိတဦးက မြန်မာနိုင်ငံတွင်း ထုတ်ဝေနေသော သတင်းစာတစောင်ကို ပြောပြခဲ့ပါသည်။[၇] သို့သော်လည်း ဤရေအားလျှပ် စစ်စီမံချက်များမှ ရရှိလာမည့် လျှပ်စစ်ဓါတ်အား မည်မျှ မြန်မာနိုင်ငံအတွင်း ကျန်ရှိအသုံးပြုနိုင်မည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် ထိုင်းနိုင်ငံ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံများက လျှပ်စစ် လောင်စာကို အငမ်းမရ လိုချင်နေကြပါသည်။ မြန်မာနိုင်ငံဘက် အခြမ်းတွင် တည်ဆောက်မည့် ထိုဆည်များ ကြောင့် လျှပ်စစ်ဓါတ်အား ဈေးပေါပေါနှင့် ရနိုင်ကြမည်ဖြစ်ပြီး၊ ဤဆည်များ တည်ဆောက်ခြင်းကြောင့် အကျိုး ဆက်ဖြစ်လာမည့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကိုမူ မြန်မာနိုင်ငံဘက် အခြမ်းမှာသာ ချွင်းချန်ထားရစ်လိုကြပါသည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ရှိနေသည့် ဆည်ကြီးများ တည်ဆောက်မှု ဆန့်ကျင်ရေးလှုပ်ရှားမှုများက အင်အားကောင်းနေသောကြောင့်၊ မြန်မာနိုင်ငံတွင် ရွှေးပြီး ဆည်တည်ဆောက်လိုနေကြပါသည်။ ဤအချက်သည်လည်း ဤနိုင်ငံများအတွက် အထူးဆွဲဆောင်မှုတရပ်ဖြစ်နေပါသည်။

(၁၉၉၈) ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့သဘာဝဝန်းကျင် ထိန်းသိမ်းရေးသမဂ္ဂ (World Conservation Union)တို့က ရောမဆည်ကြီးများ၏ ထိရောက်မှုကို စီစစ်ကြည့်ရန်နှင့် ဆည်ကြီးများဆောက်လုပ်ရေးနှင့် ပတ်သက်၍ စံထားချက်များ ချမှတ်နိုင်ရန် ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင် (World Commision on Dams--WCD) ကို ဖွဲ့စည်းထားခဲ့ပါသည်။ ဤကော်မရှင်

က (၂)နှစ်ကျော်ကြာ လေ့လာခဲ့ပြီးနောက် တွေ့ရှိခဲ့ရသည်မှာ "နေရာအတော်များများ၌ ဆည်ကြီးများ တည်ဆောက်ခြင်းကြောင့်ရလာမည့် အကျိုးအမြတ်များအတွက်၊ လက်ခံနိုင်ဖွယ်ရာမရှိသော၊ ရံဖန်ရံခါ မလိုလားအပ်သော ထိခိုက်နစ်နာမှု တန်ဘိုးများ ပေးခဲ့ကြရသည်"ဟု ဖော်ပြခဲ့ပါသည်။[၆] ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်၏ အစီရင်ခံစာထွက်ပြီး နောက်ပိုင်းတွင် ရောမ ရေအား လျှပ်စစ်ဆည်ကြီးများ တည်ဆောက်ရာ၌ ထိခိုက်နစ်နာရမှု ကုန်ကျစရိတ်များကို လျှော့ပေါ့တွက်ဆခြင်းနှင့် ရလာမည့် အကျိုးအမြတ်များကို အလွန်အကျွံ ပိုတွက်မှန်းဆထားခြင်းများ အကြောင်းကို ကမ္ဘာတလွှားမှ ပိုမိုသိရှိလာကြပြီး၊[၇] ဆည်ကြီးများ အတော်များများကိုလည်း ဖျက်သိမ်းပစ်နေကြပါသည်။ သို့ဖြစ်သည့်တိုင် တရုတ်နိုင်ငံသည်၊ ပြည်တွင်းမှာရော ပြည်ပမှာပါ ရောမဆည်ကြီးများကို အစဉ်တိုး၍ တည်ဆောက်နေလျက် ရှိသည့်အပြင်၊ မြန်မာနိုင်ငံရှိ ရေအား လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်များ အထမြောက်လာစေရေးတွင် ဦးဆောင်ဦးရွက်ပြုနေသူ ဖြစ်လာပါသည်။

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဖွံ့ဖြိုးကြီးထွားလာနေသော မြို့ကြီးများဆီသို့ လျှပ်စစ်ဓါတ်အား ထောက်ပံ့ပေးနိုင်ရန် တိုး၍တိုး၍ လိုအပ်လာနေရာ၊ တရုတ်နိုင်ငံ ဗဟိုအစိုးရက "အနောက်မှ အရှေ့သို့လျှပ်စစ်ဓါတ်အားပို့လွှတ်ပေးရေးမူဝါဒ"ကို အပူတပြင်း အကောင်အထည်ဖေါ်ရန် ဖြစ်လာရပါသည်။ တရုတ်နိုင်ငံ အနောက်ပိုင်းနှင့် အိမ်နီးချင်း မြန်မာနိုင်ငံတွင် ဆောက်လုပ်မည့် ရေအားလျှပ်စစ်ထုတ် ရေကာတာများသည် ဤမူဝါဒနှင့် အံကိုက်ဖြစ်စေပါသည်။ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည်လည်း နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နိုင်ငံရေးအရ ပိုမိုရင်းနှီး ပူးပေါင်းဆောင်ရွက်လာစေရေးအတွက် ကဏ္ဍတခု ဖြစ်လာနေသည်။ စွမ်းအင်လုပ်ငန်းနှင့် ပတ်သက်သော မဂ္ဂဇင်းတစောင်က ဖော်ပြရာတွင် "အနောက်နိုင်ငံများက မြန်မာနိုင်ငံကို ၎င်း၏ ဆိုးရွားညံ့ဖျင်းလှသော လူ့အခွင့်အရေးမှတ်တမ်းများကြောင့်ဟုဆိုကာ ဝိုင်းပယ်ထားချိန်တွင် တရုတ်နိုင်ငံ အစိုးရက ထိုနိုင်ငံထဲသို့ ငွေများဆက်လက် ပုံအောသွန်ချလျှက်ရှိနေသည်။"ဟု မကြာသေးမီက ဖေါ်ပြရေးသားခဲ့ပါသည်။[၈]

မြစ်ကြီးရောဝတီ

ကုလသမဂ္ဂ သဘာဝ ပတ်ဝန်းကျင်အစီအစဉ် (UN Environment Programme)၏ ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းမှု စောင့်ကြည့်ရေး ဌာန (World Conservation Monitoring Centre) က ရောဝတီမြစ်ကို ၎င်း၏ ဇီဝသတ္တဝါ စုံလင်ထွေပြားခြင်းနှင့် အနာဂတ်ကာလတွင် ဖိစီးခြိမ်းခြောက်မှုခံရဖွယ် အကြောင်းများကြောင့် ကမ္ဘာပေါ်တွင် ဦးစားပေးထိန်းသိမ်းရမည့် မြစ်ဝှမ်း (၃၀)တွင် စာရင်း ထည့်သွင်းထားခဲ့ပါသည်။[၉] သိရှိထားသော အချက်များအရ ရောဝတီမြစ်တွင် ငါးမျိုးစိတ်ပေါင်း (၇၉) မျိုး ခိုလှုံရာနေထိုင်ကြသည့်အပြင်၊[၁၀] (၂၀၀၂) ခုနှစ် အထိလေ့လာချက်များအရ ရောဝတီမြစ်ဝှမ်း၌ လူအများ အသိအမှတ်ပြုထားသော ငှက်စားကျက်နယ်မြေ (၄)

ဧရာဝတီ မြစ်ဝှမ်း



© EarthTrends 2002 World Resources Institute

ခုလည်းရှိသည်။[၁၁] မြစ်၏ ဇီဝသတ္တစုံလင်ထွေပြားမှုအကြောင်းနှင့် ပတ်သက်၍ ကောင်းစွာလေ့လာထားသည်များလည်းမရှိသေးချေ။ မကြာသေးမီက တောင်ကျချောင်း ငါးခူမျိုးစိတ်သစ်များကို ထပ်မံတွေ့ရှိခဲ့ပြီး၊ ဧရာဝတီမြစ်ဆုံနှင့် သိပ်မဝေးလှသောနေရာများတွင် (၂၀၀၅) ခုနှစ်က တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။[၁၂] ဧရာဝတီမြစ်သည် ကမ္ဘာပေါ်တွင် ပဋ္ဌမမြောက် နုံးတင်မြေနှစ်များ အများဆုံးပို့ချပေးနိုင်သောမြစ်လည်းဖြစ်သည်။

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ ဗဟိုချက်မနေရာများကို ဖြတ်သန်း စီးဆင်းသွားသည်။ မြစ်ဝှမ်းသည် (၄၁၃, ၆၇၄) စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး၊ မြန်မာနိုင်ငံ စုစုပေါင်းအကျယ်အဝန်း၏ (၆၁) ရာခိုင်နှုန်းကို လွှမ်းခြုံထားသည်။[၁၃] ဧရာဝတီမြစ်သည် မြစ်ကြောင်းအလျား (၂,၁၇၀) ကီလိုမီတာနီးပါးရှည်လျားပြီး၊ တိုင်းပြည်၏ အရေးအကြီးဆုံး ကူးသန်း ရောင်းဝယ်ရေး ရေကြောင်းလမ်းလည်းဖြစ်သည်။

"ဧရာဝတီဟူသောအမည်သည် အိုင်ရာဝတီ (Iravati) ဟူသော သံသကရိုက် ဘာသာစကားမှ ဆင်းသက်လာသည်ဟု ယူဆရပြီး၊ အထွတ်အမြတ်ထားသော မြစ်နှင့် အိန္ဒိယ ဒဏ္ဍာရီ လာနတ်သမီးငယ်တပါးဟု အဓိပ္ပါယ်ရပါသည်။"



The Myitsone

Song of praise for the Kachin confluence

Memorable ever pleasant Kachin homeland

Mali hka and Nmai hka flow there with beautiful and colorful surroundings

Local residents enjoy their lives

This is the lovely natural homeland of the Kachin people

Dear loving brothers and sisters

Will you forget it due to long loss of contact?

Will you be looking forward to my return?

On the river banks of Mali hka and Nmai hka

The singer's song spreads

The fascinating environment of Kachin homeland

Impressed my heart and nostalgia is felt

I will keep the music of my soul in my heart for you brothers and sisters

Photo: tab

ဧရာဝတီမြစ်သည် ကချင်ပြည်နယ်ရှိ မလိခနှင့် အင်မိုင်ခ (မေခ) မြစ်များပေါင်းဆုံရာမှနေ၍ စတင်စီးဆင်းသည်။ ဤမြစ်ဖျားခရာ မြစ်နှစ်စင်းလုံးသည် ဟိမဝန္တာတောင်တန်း၏ အရှေ့တောင် ပိုင်းဒေသမှ မြစ်ဖျားခံလာခြင်း ဖြစ်သည်။ အင်မိုင်ခမြစ်သည် ပူတာအိုမြောက်ဘက်ရှိ လင်ဂွေလာ ရေခဲတောင်ထွင့်ရှ (Languela Glacier) မှာ စတင်ပေါ်ထွန်းသည်။ မြစ်ဆုံသည် ကချင်ပြည် နယ်မြို့တော် မြစ်ကြီးနားမြို့၏ မြောက်ဘက် (၂၈) မိုင် အကွာတွင် တည်ရှိသည်။ မြစ်သည် မြန်မာနိုင်ငံ၏ ဗဟိုချက်မဒေသများနှင့် တိုင်းပြည်၏ ဒုတိယအကြီးဆုံး မြို့ဖြစ်သော မန္တလေးမြို့ကို ဖြတ်သန်းစီးဆင်းသွားသည်။

မြစ်အောက်ပိုင်းဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ကျယ်ဝန်း၍ မြေဆီမြေနှစ်ပြည့်ဝ သော မြေပြန့် လွင်ပြင်တခုဖြစ်ပြီး၊ အလျား (၂၉၀) ကီလိုမီတာနှင့် အနံ (၂၄၀) ကီလိုမီတာ ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသ အောက်ပိုင်းသည် လမုရှုံ့ညှံ့တောနှင့် ဒီရေရောက် မြစ်ဝဒေသဖြစ် ပြီး၊ ထိခိုက်လွယ်သော နူးညံ့သိမ်မွေ့သော ဂေဟစနစ်တခုလည်းဖြစ်သည်။[၁၄] မြစ်ဝကျွန်းပေါ် ဒေသသည် လူဦးရေ (၃) သန်းကျော်မှီတင်းနေထိုင်ရာဖြစ်ပြီး၊ မြန်မာနိုင်ငံ ဆန်စပါးအထွက်၏ (၆၀) ရာခိုင်နှုန်းနီးပါးကို ဤဒေသကထုတ်လုပ် ဖြည့်ဆည်းပေးနေသည်။ သို့ဖြစ်စေကာမူ မြစ်ဝ ကျွန်းပေါ်ဒေသနေ ပြည်သူတို့သည် စစ်အစိုးရ၏ အခွန်အတုတ်ဖိစီးမှုနှင့် မြေယာပိုင်ဆိုင်ခွင့်မဲ့ နေမှုတို့ကြောင့် ဆိုးရွားပြင်းထန်သော ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေကြရပါသည်။[၁၅] ပုဂ္ဂလိကပိုင် ပုဇွန်မွေးလုပ်ငန်းများ စည်းကမ်းမဲ့လုပ်ကိုင်နေကြမှုနှင့် သစ်တောပြုန်းတီးမှုများကြောင့် သဘာဝ ပတ်ဝန်းကျင်များ ပျက်စီး ဆုံးရှုံးနေကြရပြီး၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့ (World Wildlife Fund) က ဧရာဝတီ ရေချိုရှုံ့ညှံ့တောများရှိ ဂေဟစနစ်အတွင်း နေထိုင်နေကြသော တောရိုင်းတိရစ္ဆာန်များအဖို့ အနာဂတ်ရှင်သန်နိုင်ရေးသည် "အထူးစိုးရိမ်ဖွယ် အခြေအနေဆိုး ရွားနေကြောင်း" ဖော်ပြခဲ့ပါသည်။[၁၆]

"ကမ္ဘာဦး တည်စကတည်းက ကျနော်တို့ရဲ့ သဘာဝအမွေဖြစ်ခဲ့တဲ့နေရာ တချို့ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် အဲဒီအမွေတွေထဲမှာ ပုပ္ပါးတောင်၊ ဇွဲက ပင်တောင်နဲ့ မလိခ၊ အင်မိုင်ခမြစ်ဆုံတွေ ပါတာပေ့ါ။ ဒီရတနာတွေ ဖျက်ဆီး ခံလိုက်ရပြီဆိုရင် အားလုံးဖျက်ဆီးခံလိုက်ရသလို ဖြစ်သွားမှာပေ့ါ။"
(ကချင်ပြည်နယ်မှ သင်းအုပ်ဆရာတဦးနှင့် တွေ့ဆုံမေးမြန်းချက်၊ တွေ့ဆုံမေး မြန်းခန်း အမှတ်–၃၀)

မလိခနှင့် အင်မိုင်ခမြစ်တို့၌ ပေါင်းဆုံ၍ ဧရာဝတီမြစ်ဖြစ် ပေါ်လာသောနေရာ မြစ်ဆုံ

မြစ်ဆုံဒေသနှင့်ကချင်တို့အတွက် ယဉ်ကျေးမှုအရ အရေးပါမှု

ကချင်တို့၏ မူလဌာနေသည် ဧရာဝတီမြစ်၊ မြစ်ဖျားခံရာတောင်တန်းများသော်လည်းကောင်း၊ သို့မဟုတ်ပို၍ ဝေးကွာလှမ်းသော မြောက်ဘက်ရှိ တိဘက်ကုန်းမြေမြင့်မှသော်လည်းကောင်း ဆင်းသက်လာသူများဖြစ်ကြသည်။ လက်ဆင့်ကမ်းပြောကြားလာခဲ့ကြသော လူကြီးသူမများ၏ ရှေးစကားများအရ၊ ကချင်တို့သည် မလိခနှင့် အင်မိုင်ခ (မေခ) မြစ်ကြောင်းများတလျှောက် ပြောင်းရွှေ့အခြေချဆင်းသက်လာကြသည်ဟု ဆိုပါသည်။ ထို့ကြောင့် မြစ်ဆုံဒေသသည် ကချင်လူမျိုးတို့အတွက် အလွန်အရေးပါသော သမိုင်းဝင်နေရာဖြစ်သည်။ မြစ်နှစ်သွယ်အကြားရှိ တြိဂံပုံ သဏ္ဌာန်ဒေသကို ကချင်လူမျိုးတို့၏ အသည်းနှလုံးသဖွယ် အချက်အချာဒေသဟု လူအများက ယူဆထားကြသည်။ မြစ်ဆုံဒေသသည် မြန်မာနိုင်ငံရှိထင်ရှားသော နေရာများအနက်လည်းတခုဖြစ်ပြီး၊ နှစ်စဉ် လူအများအပြားလာရောက်လည်ပတ်

လှေ့ရှိကြသည်။ ဤနေရာသည် ဧရာဝတီ၏ ချက်မြှုပ်ဇာတိနေရာဖြစ်သောကြောင့် ကချင်လူမျိုးတိုင်းက ဤနေရာအတွက် ဂုဏ် ယူကြသည်။ ဂီတစာဆိုနှင့် ကဗျာဆရာအတော်များများက မြစ်ဆုံအကြောင်းရေးဖွဲ့ခဲ့ကြပြီး၊ ဤမြစ်ဆုံမြေအကြောင်းနှင့် ပတ်သက်၍ အထူးရေးဖွဲ့ထားသော တေးသီချင်းအများအပြား ရှိနေသည်။

တန်ဖရဲကျေးရွာသည် မလိခနှင့် အင်မိုင်ခမြစ်ဆုံတွင် တည်ရှိပြီး၊ ဤလမ်းဆုံလမ်းခွ၌ လှေဆိပ်လည်းရှိသည်။ မြစ်ကြီးနားမှ မြစ်ညာပိုင်းရှိ ပိုဝေးလံသော နေရာများသို့သွားလိုပါက ဤနေရာတွင် လှေပြောင်းစီးကြရသည်။ ကချင်ပြည်နယ်ရှိ သမိုင်းဝင် သာသနာပြုအဖွဲ့ကြီးတဖွဲ့ဖြစ်သော ရိုမန်ကက်သလစ်ကျောင်းတော် ဗဟိုဌာနသည် တန်ဖရဲကျေးရွာတွင် တည်ထားသကဲ့သို့၊ အခြားသမိုင်းဝင်ဘုရားရှိခိုးကျောင်းများလည်း ဤရွာ၌ တည်ရှိနေကြသည်။

ကချင်တို့၏ ဒဏ္ဍာရီတပုဒ်က ဤသို့ဆိုပါသည်။ ကမ္ဘာစောင့်နတ်ကြီးက လက်တဖက်စီတွင် ရွှေခွက်တခွက်စီကိုင်လျှက် ရေများသွန်းချလိုက်သည်။ လက်ယာဘက်မှနေ၍ စီးဆင်းသောမလိခ (ဧရာဝတီ) မြစ်သည် မြစ်အဖို ဖြစ်ပြီး၊ ပို၍ကျယ်သည်။ ရေတိမ်သည်။ ရေစီးသန်သည်။ လက်ဝဲဘက်လက်မှနေ၍ သွန်းချလိုက်သော အင်မိုင်ခမြစ်သည် သူ၏ နှစ်မဖြစ်သည်။ သူမသည် မြင့်မားသောတောင်ချောက် ကမ်းပါးများ၊ သစ်ပင်မြင့်ကြီးများ ထူထပ်ရာတောများအုပ်မိုးထားလျှက် ဖြတ်သန်းစီးဆင်းခဲ့ရပြီး လူမမြင်သာသော ရေနက်ပိုင်းများရှိသည်။ ထို့အတွက်ကြောင့် သူမသည် တိတ်ဆိတ်သည်။ အသိရခက်သည်။ အန္တရာယ်ပြုတတ်သည်ဟု ယူဆကြသည်။ ဤသည်မှာလည်း မြစ်နှစ်သွယ်၏ ယနေ့ပထဝီအနေအထား အတိုင်းပင်ဖြစ်သည်။ ရွှေခွက်မှ နေ၍ပေါက်ဖွားလာသဖြင့်၊ မြစ်နှစ်သွယ်စလုံးတွင် ရွှေအမှုန်များ၊ အတုံးအခဲများ ပါဝင်စီးဆင်းလာကြသည်။ ရွှေကျင်သူများသည် နှစ်ပေါင်းများစွာကတည်းကပင် မြစ်ကမ်းသဲပြင်များပေါ်တွင် ပိုင်နက်သတ်မှတ်၍ ယာယီတဲများဆောက်လုပ် အိပ်စက်ကြပြီး၊ ပေါပေါလိုင်လိုင် ရှိနေသောငါးများနှင့် တောထဲမှ သစ်ဥသစ်ဖုနှင့် အသီးအရွက်များကို ချက်ပြုတ်စားသောက်ကြလျှက်၊ ဤမြစ်များထဲ၌ ရွှေရှာခဲ့ကြသည်။[၁၇]

မြစ်ဆုံဒေသသည် ဒဏ္ဍာရီလာ မိဘမဲ့ ညီနောင်ဖြစ်သူ ခရိုင်ဂမ်း **(Hkrai Gam)** နှင့် ခရိုင်နော် **(Hkrai Naw)** တို့ နေထိုင်လာခဲ့ရာ ဇာတိအရပ်ဒေသအဖြစ်လည်း လူအများသိကြသည်။ ဒဏ္ဍာရီပုံပြင်က ဆိုရာတွင် ညီဖြစ်သူ ခရိုင်နော်သည် မကောင်းဆိုးရွား သိမ်းငှက်ကြီးတကောင်ကို သူ၏လေးများနှင့် ရဲရင့်စွာခွင်းပြီးနောက် ကချင်ပြည်သူတို့ကို ကယ်တင်ခဲ့သူအဖြစ်လည်း အများ၏ ယုံကြည်ကိုးစားခြင်း ခံခဲ့ရသည်။ သူ့ကို ယနေ့ကာလတိုင် နတ်အဖြစ် ပူဇော်ပသနေကြဆဲဖြစ်သည်။

အပိုင်း [၂] ဧရာဝတီမြစ်ဆုံဆည် ဆောက်လုပ်ရေးစီမံချက်

ဆည်နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များ

(နအဖ) စစ်အစိုးရသည် တရုတ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့်သူများနှင့် ပူးပေါင်း၍ (ပထမဦးစွာ) ဧရာဝတီ မြစ်မကြီးပေါ်တွင် ဆည်ကြီးတခုတည် ဆောက်နိုင်ရန်အတွက် စီမံကိန်းပြင်ဆင်ရေးဆွဲလျှက်ရှိနေပါသည်။ သို့ဖြစ်ပါက ဤကြီးမားသောဆည်ကြောင့် မြစ်၏ သဘာဝရေကြောင်းကို မုချပြောင်းလဲ သွားစေမည်ဖြစ်သည်။ သို့သော်လည်း စစ်အစိုးရက ဤဆည်ဆောက်ရေး စီမံချက်ဆောင် ရွက်မည့် ဒေသတွင် နေထိုင်ကြသော ပြည်သူလူထုများကို အသိပေးခြင်း မပြုဘဲ၊ ဆည်တည်ဆောက်ရေးနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကိုလည်း လူသိရှင် ကြား ထုတ်ပြန်ခြင်း မပြုသေးပါ။ ကံအားလျော်စွာ ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ (KDNG) က ဤစီမံချက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းအချို့ကို ရရှိနိုင်ခဲ့ပြီး၊ ဆောက်လုပ်မည့် ဆည်၏ သဘောသဘာဝနှင့် အတိုင်းအဆကို သိရှိနိုင်ခဲ့ပါသည်။ မြန်မာ လျှပ်စစ်ဓါတ်အား ပေးလုပ်ငန်းနှင့်၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ရေးသားပြုစုထားသော (၂၀၀၂) ခုနှစ်၊ ဖေဖော်ဝါရီလ ရက်စွဲဖော်ပြထားသည့် "ဧရာဝတီမြစ်ဆုံဆည် ဘက်စုံရေအားစွမ်းအင် အသုံးချရေး စီမံချက်" (Irrawaddy Myitsone Dam Multipurpose Water Utilizing Project) အမည်ရှိ ဤအထောက်အထား စာတမ်း၌ စီမံချက်၏ အသေးစိတ်အချက်အလက်များကို ဖေါ်ပြထားသည်။ (အောက်တွင် ဖော်ပြထားပါသည်။) ဤစီမံချက်တွင် ပါဝင်ပတ်သက်နေကြသော တရုတ်နိုင်ငံမှ ကုမ္ပဏီအချို့၏ ဆိုင်ရာအချက်အလက်များကိုလည်း လတ်တလော သတင်းမီဒီယာနှင့် စာစောင်စာတမ်းများတွင် ဖော်ပြချက်များကို စုစည်း၍ ဖေါ်ပြပေးထားပါသည်။

(၁) တည်နေရာ	အင်မိုင်ခ၊ မလိခမြစ်ဆုံ၏ အောက်ဘက် (၃)မိုင် (မြစ်ကြီးနားမြို့မှ ၂၅မိုင်အကွာ)
(၂) မြေပုံအညွှန်း	၁ လက်မလျှင် ၁ မိုင်စကေး၊ 92G 10 24 2860
(၃) ဆည်နယ်မြေအကျယ်	၁၈, ၀၀၀ စတုရန်းမိုင်
(၄) အထက်ရေလှောင်ကန်ကြီး၏ ရေအမြင့်	၉၈၀– ပေ (၂၉၉–မီတာ)
(၅) ဆည်အမြင့်	၅၀၀–ပေ (၁၅၂–မီတာ)

(၆) ရေလှောင်ကန်ကြီး အမြင့်ဆုံးထိန်းနိုင်သောရေအမြင့်	၉၅၀–ပေ (၂၉၀–မီတာ)
(၇) ရေလှောင်ကန်ကြီး အများဆုံးထိန်းထားနိုင်သောရေထု	၃၄– ကေပေ သန်း
(၈) ပင်မဆည်၏အလျား	၅၀၀–ပေ (၁၅၂–မီတာ)
(၉) အထက်ဆည် (တောင်ကြော) အမှတ် (၁) အလျား	၄,၂၀၀–ပေ (၁ဃ၂၈၀–မီတာ)
(၁၀) အထက်ဆည် (တောင်ကြော) အမှတ်(၂) အလျား	၄,၃၀၀–ပေ (၁ဃ၃၁၁–မီတာ)
(၁၁) အထက်ဆည် (တောင်ကြော) အမှတ် (၃) အလျား	၁,၈၅၀–ပေ (၅၆၄–မီတာ)
(၁၂) ဆည်အမျိုးအစား	ကျောက်စီ ကွန်ကရစ်ကိုင် (ရေဖြည့်ဆည်)
(၁၃) သတ်မှတ်ထားသော လျှပ်စစ်ဓါတ်အား	၃,၂၀၀ မီဂါဝပ်
(၁၄) အမာခံ လျှပ်စစ်ဓါတ်အား	၁, ၁၀၀ မီဂါဝပ်
(၁၅) နှစ်စဉ်ထုတ်လုပ်မှု	၁၆,၆၃၄ ကီလိုဝပ် နာရီသန်းပေါင်း

ဆည်ကို မည်သို့အသုံးချမည်နည်း

စီမံချက်တွင် အဓိက ပါဝင်လုပ်ဆောင်မည့်သူ တဦးဖြစ်သော တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI) ၏ အဆိုအရ၊ ယူနန်လျှပ်စစ်ဓါတ်အားကွန်ရက်ကုမ္ပဏီ (Yunnan Power Grid Company) က မြန်မာနိုင်ငံမှ ထုတ်လွှတ်ပေးမည့် လျှပ်စစ်ဓါတ်အားများကို ယူနန်လျှပ်စစ်ဓါတ်အား ကွန်ရက်ဖြင့် တရုတ်နိုင်ငံသို့ ပို့လွှတ်ပေးမည်ဖြစ်သည်။[၁၈] တရုတ်နိုင်ငံသည် ၎င်း၏ “အနောက်မှ အရှေ့သို့ လျှပ်စစ်ဓါတ်အား ပို့လွှတ်ပေးရေးအစီအစဉ်” နည်းတူပင်၊ မဟာမဲခေါင်ဒေသ လျှပ်စစ်ဓါတ်အားကွန်ရက်[၁၉] ထဲသို့ လျှပ်စစ်ဓါတ်အားများ ပို့လွှတ်နိုင်ရေးအတွက် အပြင်းအထန်လောဆော် ဆောင်ရွက်နေသည်။ ထို့အပြင် ဤဆည်များမှ ထုတ်လွှတ် မည့် ရေအားလျှပ်စစ် ရရှိရေးသည်၊ တရုတ်နိုင်ငံ၏ “အနောက်ပိုင်းဒေသများတွင် ဖွံ့ဖြိုးမှုဖြစ်ပေါ်လာစေရေး”မဟာဗျူဟာ၏ အရေးကြီး အစိတ်အပိုင်းတခုဖြစ်ပြီး၊ တရုတ်နိုင်ငံ အနောက်ပိုင်းမှ ဈေးချိုသက်သာစွာ ထုတ်လွှတ်လိုက်သော လျှပ်စစ်ဓါတ်အားကို စွမ်းအင်လိုအပ်နေလျှက်ရှိသော အရှေ့ပိုင်းပြည်နယ် ကမ်းရိုးတန်းဒေသများသို့ ပို့လွှတ်ပေးရန် ရည်ရွယ်ချက်လည်း ရှိနေသည်။[၂၀]

ကချင်ပြည်နယ်ရှိ ဆည်များနှင့် ရှမ်းပြည်နယ်ရှိ ရွှေလီဆည်တို့ အကြောင်းပြောဆိုရာ၌ ဘန်ကောက်အခြေစိုက် စွမ်းအင်ဆိုင်ရာ ပိုင်းခြားသုံးသပ်သူတဦးက “မြန်မာနိုင်ငံမှာက ဒီလောက်များတဲ့ လျှပ်စစ်ဓါတ်အားကို ပို့လွှတ်ပေးနိုင်တဲ့ ဖြန့်ဝေပေးရေး ကောင်းကင်ဂရစ် ကြိုးကွန်ရက်

မရှိဘူး။ အထူးသဖြင့် ကချင်ပြည်နယ်လို ဝေးလံသီ ခေါင်တဲ့အရပ်မျိုးမှာ ဒီလိုအခြေခံအဆောက်အဦမျိုးရှိနေဟန် မတူဘူး။ ဒီတော့၊ ဓါတ်အားအများစုကို နယ်စပ်ဖြတ်ပြီး တရုတ်နိုင်ငံဘက် ပို့ပေးဖို့ ပိုများနေတယ်။"[၂၀]ဟု သုံးသပ်ပါသည်။

အကယ်၍လျှပ်စစ်ဓါတ်အား အချို့အဝက်ကို ပြည်တွင်းသို့ ဖြန့်ဝေပေးမည်ဆိုလျှင်သော်မှ စစ်အစိုးရ၏ လျှပ်စစ် ဓါတ်အား ထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု အစဉ်အလာအရ ဒေသခံပြည်သူတို့အဖို့ လျှပ်စစ်ဓါတ်အားကို ဈေးချိုချိုနှင့် ဖောဖောသီသီ ရရှိမည့် အလားအလာ မရှိချေ။ ဥပမာပြရပါလျှင် ကရင်နီပြည်နယ်ရှိ လောပိတ ရေအားလျှပ်စစ် ဓါတ်အားပေးစက်ရုံမှ လျှပ်စစ်ဓါတ်အားကို ရန်ကုန်နှင့် မန္တလေးသို့ ပို့ပေးပြီး ဒေသခံကျေးရွာသားများကို အမှောင်ထဲ၌ ထားပစ်ခဲ့ပါသည်။ (၁၉၉၃) ခုနှစ်က ကချင်ပြည်နယ်၌ တည်ဆောက်ပြီးစီးခဲ့သော ကြိမ်ခရမ်ဆည်မှ လျှပ်စစ်ဓါတ်အား အများစုကိုလည်း အနီးအနားရှိ စစ်စခန်းများသို့သာ ပို့လွှတ်ထိန်လင်းစေခဲ့ပါသည်။ (ဖော်ပြထားသော ကွင်းအတွင်းကို ကြည့်ပါ။)

လျှပ်စစ်ဓါတ်အားရောင်းချမှုမှ ရရှိမည့် ခန့်မှန်းခြေတန်ဘိုး

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ဆည်မြောင်းဦးစီးဌာန တို့၏ (၂၀၀၂) ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မှတ်တမ်းများအရ ရောဝတီမြစ်ဆုံဆည်၏ စီမံချက်ပါ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုသည် တနှစ်လျှင် (၁၆,၆၃၄) ကီလိုဝပ် နာရီသန်းပေါင်း ရှိနိုင်ပါသည်။

ရောဝတီမြစ်သည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် နုံးမြေ အနည်အနှစ်အကျဆုံး မြစ်ဖြစ်ပါသည်။ အနည်အနှစ်များမှု ကြောင့် ရေလှောင်ကန်ကြီးအတွင်း အနည်အနှစ် ပို့ချမှုနှုန်း ပိုမြန်ပြီး၊ သိုလှောင်နိုင်စွမ်းလည်း အလျှင်အမြန် လျော့နည်း ကျဆင်းစေပါလိမ့်မည်။ သို့အတွက်ကြောင့် ၎င်း၏ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုသည်လည်း လျော့ကျသွားဖွယ်ရှိနေပါသည်။ (ဆိုလိုသည်မှာ ရေလှောင်ကန်ကြီးထဲတွင် အနည်အနှစ်များ တဝက်တပျက် ပြည့်နေပါက၊ မိုးရာသီတွင် ရေသိုလှောင်နိုင်စွမ်း ကျဆင်းလျော့နည်းစေပြီး နွေရာသီတွင် အသုံးပြုရေးအတွက် အရနည်းသွားစေနိုင်ပါသည်။)

ဘဏ္ဍာငွေ မည်မျှကုန်ကျမည်နည်း။

အများအားဖြင့် အင်ဂျင်နီယာများက ခန့်မှန်းကြသည်မှာ ရေအားလျှပ်စစ်ထုတ်မည့် ဆည်တည်ဆောက်ရာ၌ တပ်ဆင်သော စွမ်းအား (၁) မီဂါဝပ်လျှင် အမေရိကန်ဒေါ်လာ (၁) သန်းခန့် ကုန်ကျနိုင်ပါသည်။ မြေနေရာ အလွန်ကောင်းပါက ဤထက် ကုန်ကျစားရိတ် လျော့နည်းနိုင်ပြီး၊ စီမံချက်တွင် မမျှော်လင့်သော ပြဿနာများ ကြုံတွေ့ရပါက ကုန်ကျစားရိတ် ပိုများနိုင်ပါသည်။ အကြမ်းဖျင်းအားဖြင့် တွက်ချက်ရလျှင်၊ ရောဝတီမြစ်ဆုံဆည်အတွက် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ (၃.၆) ဘီလျံအထိရှိနိုင်ပါသည်။

အင်မိုင်ခ (မေခ) မြစ်ကိုဆည်ဖို့ခြင်း

စစ်အစိုးသည် ဧရာဝတီမြစ်ပေါ်ရှိ ပင်မဆည်ကြီးအပြင်၊ မြစ်ဆုံမြောက်ဘက်ရှိ အင်မိုင်ခမြစ်ပေါ်၌လည်း နောက်ထပ် ဆည် (၇)ခု တည်ဆောက်ရန် လျာထားသော စီမံကိန်းများရှိနေပါသေးသည်။ (၂၀၀၇) ခုနှစ်၊ မေလ အစိုးရထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးတပုဒ်၌ အောက်ပါအတိုင်းဖေါ်ပြထားပါသည်။

အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လက်အောက်ရှိ၊ ရေအားလျှပ်စစ် အကောင်အထည်ဖေါ်ရေးဌာနနှင့် တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (China Power Investment Corporation--CPI) တို့သည် ရေအားလျှပ်စစ်လုပ်ငန်း စီမံချက် (၇) ခု (ဧရာဝတီမြစ်ဆုံ၌ ၃,၆၀၀– မီဂါဝပ် စီမံချက်၊ ချီဖွေ၌ ၂,၀၀၀–မီဂါဝပ် စီမံချက်၊ ပါရှီး၌ ၁,၆၀၀–မီဂါဝပ် စီမံချက်၊ လာကင်၌ ၁,၄၀၀–မီဂါဝပ် စီမံချက်၊ ဖီဇော၌ ၁,၅၀၀–မီဂါဝပ် စီမံချက်၊ ခေါင်ဂလန်ဖူး၌ ၁,၇၀၀–မီဂါဝပ် စီမံချက်၊ လိုင်ဇာ၌ ၁,၅၆၀–မီ ဂါဝပ်စီမံချက်) ကို ကချင်ပြည်နယ်အတွင်း၌ တည်ဆောက်သွားမည်ဖြစ်သည်။ ဆည်အားလုံး တည်ဆောက်ပြီးစီးသွားပါ က စုစုပေါင်း မီဂါဝပ် (၁၃,၃၆ ၀)ကို ထုတ်လွှတ်ပေးနိုင်မည်ဟု မျှော်လင့်ထားပါသည်။ ဤစီမံချက်သည် မြန်မာနိုင်ငံ၌ အကြီးဆုံးရေအား လျှပ်စစ်လုပ်ငန်း ဖြစ်ပြီး တိုင်းပြည်၏ အကြီးဆုံး ရေအားလျှပ်စစ် လုပ်ငန်း စီမံချက်ဖြစ်သော ရှမ်းပြည်နယ်ရှိ (၇,၁၀၀) မီဂါဝပ် ထုတ်ပေးနိုင်သည့် တာဆန်းဆည်၏ အင်အားထက်သာလွန်နေပါသည်။[၂၂]

မလိခနှင့် အင်မိုင်ခမြစ်ပေါ်ရှိ ဆည်တည်ဆောက်ရန် အဆိုပြုထားသော နေရာများ



မြန်မာ့အလင်းသတင်းစာပါ အချက်အလက်များအရ ဆည်တည်ဆောက်မည့် နေရာများ

အင်မိုင်ခမြစ်ပေါ်တွင် တည်ဆောက်ရန်လျာထားသော ရေအမြဲ ဆည်ကြီးများ တည်ဆောက်မည့် စီမံကိန်းသည် သန့်စင်သော ဤမြစ်၏ ဂေဟစနစ်ကို သေချာပေါက် ထိခိုက်ပျက်စီးစေမည်ဖြစ်ပါသည်။ ထိုမျှသာမက၊ ဧရာဝတီ မြစ်အပေါ်တွင်လည်း မလွှဲမသွေအကျိုးသက်ရောက်မှုများဖြစ်ပေါ်စေပါလိမ့်မည်။ ဤအစီရင်ခံစာတွင် ဖေါ်ပြထားသော ဧရာဝတီမြစ်ဆုံဆည်၏ ထိခိုက်ရိုက်ခတ်နိုင်မှု ဆိုးကျိုးများအတိုင်းပင်၊ အင်မိုင်ခဆည်များ အားလုံး၏ ရိုက်ခတ်မှု ဆိုးကျိုးများသည်လည်း အလားတူပင် ဖြစ်ပါလိမ့်မည်။ ဤဆည်များတည်ဆောက်မည့်အတွက်ကြောင့် လူအများ အိုးအိမ်အခြေပျက်ရမှု အနေအထားကို မသိရှိနိုင်သေးပါ။



တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း CPI) နှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား

ဆည်တည်ဆောက်မည့်နေရာသို့ သွားမည့် လမ်းဖောက်လုပ်ထားပုံ

အချိန်ကာလ သတ်မှတ်ချက်များ

၂၀၀၂	ဧရာဝတီမြစ်ဆုံဆည်ရေဘက်စုံအသုံးချရေးစီမံချက် အမည်ပေးထားသော လေ့လာတိုင်းထွာမှု တရပ်ကို မြန်မာလျှပ်စစ်ဓါတ်အားပေးလုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့က ရေးသားပြုစုခဲ့သည်။ ကန်ဆိုင်း လျှပ်စစ်ဓါတ်အား ကုမ္ပဏီ(Kansai Electric Power Company)က မြစ်ဆုံရှိ တန်ဖရဲရွာတွင် အသေးစား မိုးလေဝသဌာန တခုတည်ဆောက်ခဲ့သည်။
၂၀၀၃	ဆည်ဆောက်မည့်နေရာသို့ KEPCO ၏တိုင်းတာရေးအဖွဲ့တဖွဲ့ ၂–ကြိမ် ရောက်လာခဲ့ သည်။
၂၀၀၄၊ ဖေဖေါ်ဝါရီ	တန်ဖရဲရွာသားများက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ ထံသို့ ကန့်ကွက်စာ ပေးပို့ခဲ့သည်။
၂၀၀၅၊ အောက်တိုဘာလ	တရုတ်နိုင်ငံရှိ ယူနန် စက်ယန္တယား သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီ (Yunnan Machinery Export & Import Company)နှင့် ကူမင်း ရေအားလျှပ်စစ် ဒီဇိုင်း ဌာန (Kunming Hydropower Institute of Design) တို့က ဆည်ဆောက်မည့် နေရာကို တိုင်းတာကြသည်။

၂၀၀၅၊ နိုဝင်ဘာလ (YMEC) နှင့် မြန်မာ လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနတို့ အင်မိုင်ခမြစ်ဝှမ်း ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာတရပ်ကို ကူမင်းမြို့တွင် လက်မှတ်ရေးထိုး ခဲ့သည်။

၂၀၀၆၊ ဩဂုတ်–စက်တင်ဘာလ မြေပုံရေးဆွဲခြင်းလုပ်ငန်းကို အထူးပြုလုပ်ကိုင်သော မြန်မာနိုင်ငံမှ စန်းတက်နည်းပညာ ကုမ္ပဏီလီမိတက် (Suntac Technologies Co. Ltd) က တန်ဖရဲရွာရှိ ဘုန်းကြီးကျောင်း တကျောင်းတွင် ရုံးစိုက်လျှက် ဆည်ဆောက်မည့်နေရာကို တိုင်းတာခဲ့သည်။ တိုင်းတာရေးလုပ်ငန်းမှာ အသုံးပြုမည့်စက်ယန္တယားများကို တရုတ်ပြည်မှ သယ်ယူရေးကိစ္စ အဆင်ပြေအောင် ဆောင်ရွက်ရေးအတွက် ဝါရှောင်ရွာတွင်လည်း ယာယီစခန်းစိုက်သည်။ စန်းတက်ကုမ္ပဏီသည် တရုတ်ကုမ္ပဏီ (YMEC)နှင့် ပူးတွဲလုပ်ကိုင်သည်။

၂၀၀၆၊ အောက်တိုဘာလ ဆည်ဆောက်မည့်နေရာ (မြစ်ဆုံမှ အောက်ဘက် ၃–မိုင်အကွာ) ၌ မြန်မာနိုင်ငံမှ အေရှဝေါလ်ကုမ္ပဏီက စီမံချက်ဆောင်ရွက်ရေး စခန်းတခုတည်ဆောက်ခဲ့သည်။ စခန်းဆောက်လုပ်ပြီးစီးသည်နှင့် တပြိုင်နက် တရုတ်လူမျိုးမြေနေရာစစ်ဆေးရေးပညာရှင်များသည် စခန်းတွင် ၅–လကြာမျှ နေထိုင်လျှက် မြေ နေရာ စစ်ဆေးသည်။

၂၀၀၆၊ ဒီဇင်ဘာလ လျှပ်စစ်စွမ်းအား အမှတ်(၁)ဝန်ကြီးဌာနနှင့် တရုပ်နိုင်ငံ၏ အကြီးဆုံးလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး အဖွဲ့ဖြစ်သော တရုပ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း(CPI)တို့သည် “မေခ–မလိခ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ် စီမံချက်” အတွက် နားလည်မှုစာ ချွန်လွှာတရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤသဘောတူညီမှုတွင် မြစ်ဆုံတွင် ၃,၆၀၀ မီဂါဝပ် စီမံချက်နှင့် အင်မိုင်ခမြစ်ပေါ်ရှိ ချီဖွေတွင် ၂,၀၀၀ မီဂါဝပ် စီမံချက်တို့ပါဝင်သည်။ ဤလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ အေရှဝေါလ်ကုမ္ပဏီလည်း တက်ရောက်သည်။ (ဓါတ်ပုံရှု)

၂၀၀၇၊ ဇန်နဝါရီမှမေ တရုတ်နိုင်ငံမှ ချန်ဂျင်းဒီဇိုင်းဌာန (Changjing Design Institute of China)က လွန်စက်ဖြင့် မြေတူးဖောက်ခြင်း၊ ရေလှောင်ကန် စစ်ဆေးခြင်းနှင့် ဇလဗေဒတိုင်းတာခြင်းများ ဆောင်ရွက်ရန်အတွက် ဒီဇိုင်းရေးဆွဲရေးအုပ်စုများစေလွှတ်ခဲ့သည်။

၂၀၀၇၊ ဧပြီလ ဆည် (၇) ခုတည်ဆောက်ရာ၌ လျှပ်စစ်ဓါတ်အားပေးမည့် ၆၅–မီဂါဝပ် ဓါတ်အားပေး စက်ရုံတရုံကို ချီဖွေချောင်းအနီးတွင် တည်ဆောက်ရေးအ

တွက် အုတ်မြစ်ချမြေညှိပွဲ အခမ်းအနား ကျင်းပခဲ့သည်။ စက်ရုံသည် ဧရာဝတီမြစ်ဆုံဆည် အပါအဝင် အင်မိုင်ခနှင့် မလိခမြစ်များပေါ်တွင် ဆည်ကြီး (၇)ခု တည်ဆောက်၍ လျှပ်စစ်ဓါတ်အားပေးမည်ဖြစ်သည်။ အခမ်းအနားကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် လျှပ်စစ်စွမ်းအား အမှတ်(၁)ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့က အဖွင့်မိန့်ခွန်းပြောကြားဖွင့်လှစ်ခဲ့သည်။[၂၉]

၂၀၀၇၊ မေလ
အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံချက် အကောင်အထည်ဖော်ရေးဌာနနှင့် တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အားရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI)တို့သည် အင်မိုင်ခနှင့် ဧရာဝတီမြစ်များပေါ်၌ စုစုပေါင်း ရေအားလျှပ်စစ်စီမံချက် (၇) ခုတည်ဆောက်မည်ဖြစ်ကြောင်း မြန်မာ့အလင်းသတင်းစာကဖော်ပြခဲ့သည်။

မေလ (၁) ရက်နေ့၊ မြစ်ကြီးနားမြို့၌ "မေခ–မလိခမြစ်ဝှမ်းနှင့် မြစ်ဆုံဒေသ ရေအား လျှပ်စစ်စီမံချက်များနှင့် ချီဖွေချောင်း ရေအားလျှပ်စစ် စီမံချက်" ကွပ်ကဲရေးရုံး ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

မေလ (၂၁) ရက်နေ့၊ ကချင်ပြည်နယ်တဝှမ်းလုံးရှိ မြို့နယ်များမှ အများကြည်ညိုလေး စားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် အကြီးအကဲများက ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဤဆည်တည်ဆောက်ရေးနှင့် ပတ်သက်၍ ရပ်ဆိုင်းပေးပါ ရန် ကန့်ကွက်စာ ဝိုင်းဝန်းရေးသား၍ ပေးပို့ခဲ့ကြသည်။ သို့ရာတွင် ပြန်ကြားချက် တစုံတရာမျှ မရရှိခဲ့ချေ။

ဆည်တည်ဆောက်မည့်နေရာရှိ တိုင်းထွာရေးပညာရှင်များ

မြစ်ဆုံရှိ တန်ခိုးကြီးညောင်ပင် အနီး၌ ရပ်ထားသော ဆန်းတက်တိုင်းထွာရေး ကုမ္ပဏီမှ ကားတစီး

"သူတို့မြေပြင် တိုင်းထွာစစ်ဆေးတာတွေ လုပ်နေကြတယ်။ ဆည်ဆောက်မယ့်နေရာမှာ အလုပ်သမား တရာကျော်လောက်နဲ့ တရုတ်အင်ဂျင်နီယာတွေ တွေ့နေရတယ်။ ကုန်တင်ကားတွေနဲ့ စက်တွေလဲ ဆယ်စီး လောက်ရှိတယ်။"
(တွေ့ဆုံမေးမြန်းခန်းအမှတ်–၂၇)

ဆည်ဆောက်လုပ်မည့်နေရာ၌ လတ်တလော ဖြစ်ပေါ်တိုးတက်မှုများ

လက်ရှိကာလတွင်၊ တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (စီပီအိုင်) နှင့် အေရှဝေါကုမ္ပဏီ လီမိတက်တို့က ဆည်ဆောက်မည့်နေရာရှိ ၎င်းတို့၏ အခြေစိုက်စခန်းများမှ နေ၍ ဆည်နေရာကို တိုင်းတာခြင်း နှင့် မြေရှင်းလင်းခြင်းများ လုပ်ဆောင်နေပါသည်။ တန်ဖရဲ ကျေးရွာမှ ရွာခံအလုပ်သမား (၂၄) ယောက်ခန့်ကို စခန်းအတွက် သစ်ပင်များ ခုတ်လှဲရန်၊ မြေရှင်းရန်အတွက် ခေါ်ယူခဲ့ပါသည်။ တရုတ်တိုင်းတာရေးအဖွဲ့ တဖွဲ့မြေနေရာ တိုင်းရန် ပြောင်း ရွှေ့လာခဲ့ပါသည်။ ရွာခံတဦးက ပြောပြရာ၌ "သူတို့မြေပြင် တိုင်းထွာ စစ်ဆေးတာတွေ လုပ်နေ ကြတယ်။

ဆည်ဆောက်မည့်နေရာ အနီးအနားတွင် အေရှဝေါလ်၊ စန်းတက်နှင့် ချန်ဂျင်းအဖွဲ့တို့၏ တိုင်းတာရေးအုပ်စုများ ချန်ထားရစ်သော ဘိလပ်မြေဖျော်စက်များ၊ အလံများနှင့် ဆိုင်းဘုတ်များ ကိုလည်း အများအပြား တွေ့ရှိနေရသည်။ လမ်းမကြီး တလျှောက်၌ ကျောက်နမူနာ သေတ္တာ များကိုလည်းတွေ့ရသည်။

ဒေသနေပြည်သူများက ကြောက်လန့်နေကြကာ၊ မိမိတို့၏ ရွှေ့ရေးအတွက် အစီအစဉ်များကို ပြင်ဆင်နေကြရသည်။ နယ်မြေခံ သင်းအုပ်ဆရာတဦးက ပြောပြရာ၌ *"ဆည်သာဆောက်လိုက် ရင်တော့ ကျနော်တို့ရွာလည်း ရေအောက် မြုပ်မယ်–မမြုပ်ဖူးဆိုတာ အသေအချာ မပြောနိုင်ဘူး။ ဒါကြောင့်မို့ အိမ်သစ်ဆောက်မယ့် အစီအစဉ်ရှိတာတောင်မှ အစီအစဉ် ဖျက်ပစ်ရတော့မယ်။"* (တွေ့ဆုံမေးမြန်းခန်း အမှတ်–၂၅)

လက်ဝဲဖက်မှနေ၍ အစဉ်အတိုင်း။ ။ မြစ်ဆုံအနီး တိုင်းထွာ မှတ်တမ်းတင်နေသူတဦး။ ဆင်ဂျောင်ဘွမ် နှင့် ဂရောင်ဘွမ် အကြား၊ ဆည်တည်ဆောက်မည့်နေရာ၌ ဆန်းတက် တိုင်းထွာရေးကုမ္ပဏီ၏ ကွင်းဆင်းမန်နေဂျာ တဦးက အလံစိုက်နေပုံ။ ဝါဒူဘွမ်ရှိ တိုင်းထွာမှတ်တမ်း ပြုထားသော အလံတခု။ လမ်းဘေးတွင် ရှိနေသော ကျောက်မီးသွေး နမူနာများ။

အာကျိုးစီးပွားအရ ပါဝင်ပတ်သက်နေကြသူများ

(နအဖ) စစ်အစိုးရ၏ အဖွဲ့အစည်းများ

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန (MOEP)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို ဝန်ကြီးဌာန (၂) ခု ခွဲ၍ ဖွဲ့စည်းထားပါသည်။ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးအတွက် တာဝန်ရှိပြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးပေးရေးအတွက် တာဝန်ယူရပါသည်။ ထို့အပြင် ဤဝန်ကြီးဌာနသည် (၂၀၀၂) ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ရေအားလျှပ်စစ်ဦးစီးဌာန (Department of Hydroelecric Power--DOHP) ကို ဖွဲ့စည်းခဲ့ပါသည်။ ဤဌာနသည် အနာဂတ်လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အတွက် ရေအားလျှပ်စစ်ထုတ် လုပ်ငန်းများ စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည်ဖေါ်ရန် တာဝန်ရှိသည်။[၂၄] ဤဝန်ကြီးဌာနလက်အောက် ရှိ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း ဌာနများသည် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ပေးခြင်း နှင့် ဖြန့်ဖြူးပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရသည့်အပြင် ဤလုပ်ငန်းများအတွက် နိုင်ငံ ခြားရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ငန်းများ တည်ထောင်နိုင်ပါသည်။ အင်မိုင်ခနှင့် မလိခမြစ်များပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့သူမှာ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဖြစ်သည်။ ဗိုလ်မှူးကြီးဇော်မင်းသည် (၂၀၀၆) ခုနှစ်၊ မေလတွင် အမှတ် (၁) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်လာခဲ့သည်။

မြောက်ပိုင်းတိုင်း
စစ်ဌာနချုပ်တိုင်းမှူး
ဗိုလ်ချုပ် အုန်းမြင့်

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း တစိတ်တပိုင်းတွင် စစ်ဆင်ရေး တာဝန်ယူရပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိ စစ်ဌာနချုပ် (၁၃) ခုရှိ၍ တိုင်းမှူး (၁၃) ဦး ရှိပါသည်။ သူတို့သည် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များလည်း ဖြစ်ပါသည်။ "သူတို့ရဲ့ ဩဇာအရှိန်အာဏာ ကတော့ ရန်ကုန်မှာ ရှိတဲ့ ဖွဲ့စည်းပုံကလွဲရင်၊ တနိုင်ငံလုံးဆိုင်ရာ မူဝါဒ ချမှတ်တဲ့ ကိစ္စတွေကို ကျော်လွန် ဩဇာမရောက်နိုင်ကြဘူး။ ဒါပေမယ့် သူတို့ထိုင်ရတဲ့ စစ်တိုင်းတွေမှာ တော့...... တိုင်းမှူးတွေက ဩဇာအရှိဆုံးပဲ။ စီးပွားရေးလုပ်ငန်း ကန်ထရိုက်စာချုပ်ကိစ္စတွေ၊ အရင်းအမြစ် ထုတ်ယူရေးလုပ်ငန်းတွေ၊ အိုးအိမ်ခြံမြေတည် ဆောက်ရေး လုပ်ငန်းတွေ၊ ကျောင်း၊ ဈေးနဲ့ လမ်း–တံတား တည်ဆောက်ရေး လုပ်ငန်းတွေ အားလုံးမှာ

သူတို့က ဆုံးဖြတ်နိုင်တယ်။ ရဲ၊ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ထောက်လှမ်းရေးတွေကလည်း သူတို့ ခေါင်းမညွှိမ့်ရင် ဘာမှလုပ်ပိုင်ခွင့် မရှိကြဘူး။"ဟု တဦးက ဖော်ပြပါသည်။[၂၅]

တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI)

စစ်ဆေးရေးအဖွဲ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုနေကြပုံ

တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI) ကို၊ မြန်မာ့အလင်း သတင်းစာက မြစ်ဆုံရှိ ဆည်(၇) ခုတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖော်ပြခဲ့ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ဖော်ကိုင်ဖက်အဖြစ် လည်းကောင်း၊ "မြစ်ဆုံဒေသ ရေအားလျှပ်စစ်လုပ်ငန်းစီမံချက်များ"၏ စီမံချက် မန်နေဂျာအဖြစ်လည်းကောင်း ဖေါ်ပြခဲ့ပါသည်။ ချန်ဂျင်း ဒီဇိုင်းဌာန (အောက်တွင် ကြည့်ပါ) နှင့် အတူပူးတွဲ၍ မြစ်ဝှမ်းဒေသတခုလုံးကို လွှမ်းခြုံသည့် မဟာစီမံကိန်းနှင့် မြစ်ဆုံနှင့် ချီဗွေရေအား လျှပ်စစ် ဓါတ်အားပေး စက်ရုံတည်ဆောက်ရေးအတွက် ပုံစံထုတ် ဒီဇိုင်းရေးဆွဲရေးလုပ်ငန်းများကိုလည်း ပူးတွဲရေးဆွဲခဲ့ပါသည်။

တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI) သည် ယခင် တရုတ်နိုင်ငံ၊ နိုင်ငံတော် လျှပ်စစ်စွမ်းအားကော်ပိုရေးရှင်း (State Power Corporation of China--SP) ၏ စီးပွားရေးလုပ်ငန်းဌာန အပိုင်းမှနေ၍ ခွဲထောင်ထားခြင်း ဖြစ်ပါသည်။ မှတ်ပုံတင်ထားသော အရင်းအနှီးအဖြစ် အမေရိကန်ဒေါ်လာ (၁. ၅၇) ဘီလျံ ရှိပြီ၊ (CPI) သည် နိုင်ငံတော်ကောင်စီ၏ အသိအမှတ်ပြုချက်အရ စမ်းသပ် အစိုးရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံတော်ပိုင် ဦးပိုင် ကော်ပိုရေးရှင်းတရပ် ဖြစ်လာခဲ့ပါသည်။ ၎င်းသည် တရုတ်ပြည်၏ အကြီးဆုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကြီးတခု ဖြစ်ပါသည်။[၂၆]

(၂၀၀၇) ခုနှစ် အစောပိုင်း၌ တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI) တောင်ပိုင်းဌာနခွဲသည် "မြန်မာရေအားလျှပ်စစ် စီမံချက်များ၏ အရာရောက်မှုကို စိတ်ပါဝင်စားမှု ပြသသောအားဖြင့်" မြန်မာရေအားဆိုင်ရာ ဌာနခွဲ (Myanmar Hydro Division) တခုကို တည်ထောင်ခဲ့သည်။ (CPI) ဥက္ကဋ္ဌသည် (၂၀၀၇) ခုနှစ်၊ ဖေဖေါ်ဝါရီလ အတွင်းက ဌာနခွဲရုံးသို့သွားရောက်ပြီး၊ "တိုင်းပြည်၏ စက်မှုတိုးတက်ရေး မဟာဗျူဟာနှင့်ကိုက်ညီသော" မြန်မာနိုင်ငံရှိ စီမံချက်များ အရှိန်မြှင့်တိုးတက်ဖြစ်ပေါ်စေရေးအတွက် ညွှန်ကြားချက်များပေးခဲ့ပါသည်။[၂၇]

တရုတ်နိုင်ငံ တောင်ပိုင်း လျှပ်စစ်ဓါတ်အားကွန်ရက် (China Southern Power Grid)

(၂၀၀၇) ခုနှစ်၊ မေလ(၂၁)ရက်နေ့တွင် (CPI)သည် “အင်မိုင်ခ၊ မလိခနှင့် ဧရာဝတီမြစ်ဝှမ်းများရှိ ရေအားလျှပ်စစ် စီမံချက်များ ပူးတွဲအကောင်အထည်ဖေါ်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် တရပ်ကို တရုတ်နိုင်ငံ တောင်ပိုင်းလျှပ်စစ်ဓါတ်အားကွန်ရက် ကော်ပိုရေးရှင်း (China Southern Power Grid Corporation)နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤသို့ဖြင့် ဤစီမံချက်များတွင် ၎င်းကုမ္ပဏီနှစ်ခုသည် မဟာဗျူဟာမြောက် လုပ်ငန်းလုပ်ဖက်များ ဖြစ်လာခဲ့ကြောင်း အချက်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။[၂၈]

တရုတ်နိုင်ငံ တောင်ပိုင်းလျှပ်စစ်ဓါတ်အားကွန်ရက် (CSG) သည်၊ တရုတ်ပြည်၏ တောင်ပိုင်း ပြည်နယ် (၅) ခုမှ ကော်ပိုရေးရှင်းများကို ပေါင်းစုလျှက် (၂၀၀၀)ခုနှစ်၊ ဒီဇင်ဘာလတွင် တည်ထောင်ခဲ့သော အစိုးရပိုင်ကုမ္ပဏီတခုဖြစ်ပါသည်။ လက်ရှိအားဖြင့် ဤကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံးလုပ်ငန်းကြီး (၅၀၀) စာရင်း (Fortune 500 Global List) တွင် (၂၆၆) အဆင့် ရှိနေပါသည်။ (CSG)သည် တရုတ်နိုင်ငံ၏ တောင်ပိုင်း လျှပ်စစ်ဓါတ်အား ကွန်ရက်နှင့် ပတ်သက်သော ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်မှုနှင့် စီမံအုပ်ချုပ်မှုတို့ကိုသာမက လျှပ်စစ်ဓါတ်အား ပို့လွှတ်ခြင်း၊ ဖြန့်ဝေခြင်းများကိုပါ တာဝန်ယူရသည်။ ၎င်းသည် မဟာမဲခေါင်ဒေသ လျှပ်စစ်ဓါတ်အား ကော်ပိုရေးရှင်းတွင် နိုင်ငံတော်ကောင်စီက ခန့်အပ်တာဝန်ပေးထားသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်လည်းဖြစ်သည့်အပြင် မဟာမဲခေါင်ဒေသ လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်း၏ လုပ်ငန်းကို တက်တက်ကြွကြွ တွန်းဆော်ပေးလျှက်ရှိသည်။[၂၉]

Photo: CPI publication

တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI) က ၂၀၀၇ ခုနှစ်၊ မတ်လတွင် ကျင်းပသော ပြည်ပရှိ ရေအားလျှပ်စစ်စီမံချက်များ၌ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရေးဆွေးနွေးပွဲတခု

ရင်းနှီးမြှုပ်နှံသူများ

တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI)သည် ၎င်း၏ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုတွင် ဘဏ္ဍာငွေထောက်ပံ့ခြင်း၊ ကြုံရနိုင်သော မျှော်လင့်မထားသည့် အန္တရာယ် ဆုံးရှုံးမှုများကို စီမံအုပ်ချုပ်ခြင်းတို့နှင့် ပတ်သက်၍ ဘဏ်ကြီးများနှင့် ကော်ပိုရေးရှင်းအများကို သွားရောက်တွေ့ဆုံပြီး အကြံဉာဏ်များတောင်းခံခဲ့ပါသည်။ ဤသို့သော ဆွေးနွေးတိုင်ပင်ခံ အဖွဲ့အစည်းများတွင် တရုတ်နိုင်ငံ ပို့ကုန်–သွင်းကုန် ဘဏ် (China Exim Bank)၊ တရုတ်နိုင်ငံ ပို့ကုန် အာမခံ ကော်ပိုရေးရှင်း (China Export Credit Insurance Corporation)၊ တရုတ်နိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (Industrial and Commercial Bank of China)၊ တရုတ်နိုင်ငံ ဆောက်လုပ်ရေးဘဏ် (The Construction Bank of China)၊ ကာလ်ယွန် ကော်ပိုရေးရှင်းနှင့် ရင်းနှီးမြှုပ်နှံမှု

ဘဏ် (Calyon Corporate and Investment Bank) (မူလ ပြင်သစ်ပိုင်) နှင့် အေရှဝေါလ် ကုမ္ပဏီတို့ ဖြစ်ပါသည်။

ယူနန် စက်ယန္တရားသွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီ (Yunan Machinery Equipment Import & Export Company) (YMEC)

ယူနန် စက်ယန္တယားသွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီ (YMEC) သည် တရုတ်နိုင်ငံ၏ ထိပ်တန်း စက်ယန္တယားနှင့် လျှပ်စစ်ပစ္စည်း ပို့ကုန်လုပ်ငန်း (၁၀၀) တွင် တခုအပါအဝင် ဖြစ်ပါသည်။ ကုမ္ပဏီ၏ စုစုပေါင်း ကုန်သွယ်မှု ပမာဏ သည် အမေရိကန်ဒေါ်လာ သန်းပေါင်း (၇၀၀) ကျော် ရှိခဲ့ပါသည်။ (YMEC)သည် မြန်မာ၊ ဗီယက်နမ်နှင့် အမေရိကန် ပြည်ထောင်စုတို့၌ ရေအား လျှပ်စစ်စက်ရုံပေါင်း (၂၄) ရုံကို တာဝန်ခံတည်ဆောက်ပေးနေပါသည်။[၃၀]

ယူနန်နေ့စဉ် သတင်းစာ (Yunnan Daily News)၏ ဖော်ပြချက်အရ (YMEC) နှင့် မြန်မာ လျှပ်စစ်စွမ်း အား ဝန်ကြီးဌာနတို့သည် (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာ (၃၀) ရက်နေ့တွင် ကူမင်းမြို့၌ အင်မိုင်ခမြစ်ဝှမ်း ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှု စာချွန်လွှာတရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။[၃၁] နားလည်မှု စာချွန်လွှာပါ အကြောင်းအရာများကို အများသိ အောင်ထုတ်ပြန်ကြေငြာခြင်း မပြုသဖြင့်၊ တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေး ရှင်း (CPI) နှင့် ဆက်ဆံရာ၌ (YMEC)၏ အခန်းကဏ္ဍ မည်သို့ရှိမည်ကို ရှင်းရှင်းလင်းလင်း မသိရပါ။ (အောက်တွင် ဖော်ပြထားသည်ကို ကြည့်ပါ။)

ချန်ဂျင်း(တိုင်းတာရေး၊ စီမံကိန်း ရေးဆွဲရေး၊ ဒီဇိုင်းရေးဆွဲရေးနှင့် သုတေသနပြုရေး)ဌာန Cha-ngjiang Institute of Surve-ying, Planning, Design and Research) (CISPDR)

ချန်ဂျင်း (တိုင်းတာရေး၊ စီမံ ကိန်းရေးဆွဲရေး၊ ဒီဇိုင်းရေးဆွဲ ရေးနှင့် သုတေသနပြုရေးဌာန၊ အတိုကောက်အားဖြင့် ချန် ဂျင်းဒီဇိုင်းအဖွဲ့) သည် "အကြီး စားနှင့်ရောမ"ရေသိုလှောင် ရေးလုပ်ငန်းများနှင့် ရေအား လျှပ်စစ်စီမံချက်များနှင့် ပတ် သက်၍ အင်ဂျင်နီယာကျွမ်း ကျင်မှုဆိုင်ရာ တိုင်းတာမှုများ၊ စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းရေး ဆွဲခြင်း၊ သုတေသနပြုခြင်း၊ အ တိုင်ပင်ခံအကြံပြုခြင်း၊ ကြီးကြပ် ပေးခြင်းတို့ကို ဆောင်ရွက် သည်။ ဤလုပ်ငန်းများနှင့် ပတ်သက်၍ ဤအဖွဲ့သည် တရုတ်နိုင်ငံတွင် အကြီးဆုံးဖြစ်သည်။ ချန်ဂျင်းဒီဇိုင်းအဖွဲ့သည် တရုတ်နိုင်ငံ၏ ကျော်ကြားသော ကျောက်(၃)လုံး မြစ်ကျဉ်းဆည် တည် ဆောက်ရေးကို တာဝန်ယူဆောင်ရွက်ခဲ့သည်သာမက ဘဲလိုက်ဇ် (Belize)၊ အီသီယိုးပီးယား၊ ဆူဒန်၊ ကိုလံဘီယာ၊ သီရိလ င်္ကာ၊ ဂီနီယာ၊ ဖီဂျီ၊ ကွန်ဂို၊ အီကွာတိုရီ ယယ်ဂီနီနှင့် အာဖဂန် နစ္စတန်နိုင်ငံများတွင် စီမံချက်များ လုပ်ဆောင်နေပါသည်။

ချန်ဂျင်း တိုင်းတာရေးအဖွဲ့မှ လက်အောက်ခံအဖွဲ့တဖွဲ့သည် ရေဝေတီမြစ်ဆုံဆည်နေရာသို့ သွားရောက်ခဲ့သော (၅) လကြာခရီးကို မကြာသေးမီကပင် ပြီးဆုံးခဲ့ပါသည်။ စက်ဖြင့် မြေဖေါက်ခြင်း၊ ရေလှောင်ကန် စစ်ဆေးခြင်းနှင့် ဇလဗေဒတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့သည်။[၃၂]

Project progress/项目动态

Changjiang Design Institute sent more people to Myanmar for field work

Since mid-March, Changjiang Design Institute has sent several group of design personnel to Myanmar for carrying out field works such as geological drilling, reservoir inspection, hydrological measuring and etc., through which the Institute has collected a great deal of first-hand information and materials for developing hydropower potentials in upper-stream Ayeyawady River Basin. What follows are some photographs illustrating their field work.

长江设计院增派设计工作人员赴缅甸项目现场工作

自三月中旬以来，长江设计院已增派多批设计工作人员赴缅甸项目现场开展地质勘探、库区调查、水文测量等工作，积累了大量有关开发伊洛瓦底江上游水电资源的第一手资料。请看现场工作相关照片。

Design team passing a village

Core specimens collected from geological drilling

Photo: CPI publication

Photos of CISPDR's field work in Kachin State

အချို့သော ဆောင်းပါးများက ချန်ဂျင်းတိုင်းတာရေးအဖွဲ့ကဲ့သို့ပင် အလားတူလုပ်ငန်းမျိုးလုပ်ကိုင်သော ကူမင်းဒီဇိုင်းအဖွဲ့ (Kunming Design Institute) ၏ ပါဝင်ပတ်သက်မှုအကြောင်းကိုလည်း ဖေါ်ပြကြသည်။

အေရှဝေါလ် ကုမ္ပဏီလီမိတက် (Asia World Co., Ltd)

အေရှဝေါလ် ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရှိ အကြီးဆုံးစီးပွားရေး လုပ်ငန်းစုကြီးတခုဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းပေါင်းစုံကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေသည်။ နာမည်ပျက်စာရင်းဝင် ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်က (၁၉၉၂) ခုနှစ်တွင် တည်ထောင်ခဲ့သော ဤကုမ္ပဏီသည် ယခင်မြို့တော်ဟောင်းရန်ကုန်၌ ဌာနချုပ်ရုံးဖွင့်ထားရှိသည်။

ပြည်တွင်း၌ အေရှဝေါလ်သည် ကုန်သွယ်လုပ်ငန်း၊ အခြေခံအဆောက်အဦ အိမ်ယာရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ကုန်ပစ္စည်း ထုတ်လုပ်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းနှင့် ပရောဂျက်စာချုပ်လုပ်ငန်းများကို လုပ်ကိုင်သည်။ အေရှဝေါလ်သည် ဆောက်လုပ်ရေးကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်း၊ ပစ္စည်းနှင့် စက်ကရိယာထောက်ပံ့ခြင်း ကဲ့သို့သော အစိုးရလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ကိုင်သည်။ [၃၃] နိုင်ငံတကာလုပ်ငန်းများကိုမူ အဓိကအားဖြင့် ဖက်စပ်လုပ်ငန်းအနေဖြင့် လုပ်ကိုင်သည်။

လောလောဆယ်၌ လော်စစ်ဟန်သည် ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သည်။ သူ၏သား ဖြစ်သူ ထွန်းမြင့်နိုင် (ခေါ်) စတီဗင်လောသည် မန်နေဂျင်းဒါရိုက်တာဖြစ်သည်။ စတီဗင်လောသည် ဘိန်းကုန်ကူး ရာမှာပါဝင်ပတ်သက်သည်ဟု သင်္ကာမကင်း ဖြစ်ခံရမှုကြောင့်၊ (၁၉၉၆) ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်ရန် ဗီဇာပိတ်ပင်ခံခဲ့ရသည်။ ဤသို့နာမည်ပျက်မှုကြောင့် အေရှ ဝေါလ်ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိသည့်အပြင်၊ လက်ရှိ အာဏာရှင် အစိုးရအောက်တွင် မကြုံစဖူးအောင်မြင် မှုများရနေသည်။

(၁၉၉၅) ခုနှစ်တွင် စတီဗင်လောက၊ လုပ်ဖေါ်ကိုင်ဖက်တဦး ဖြစ်သူ စင်္ကာပူနိုင်ငံသူ စီစီလီယာ ငက် **(Cecilia Ng)**နှင့် လက်ထပ်ခဲ့သည်။ မြန်မာနိုင်ငံရှိ စင်္ကာပူ ရင်းနှီးမြှုပ်နှံမှုများ၏ တဝက် ကျော်ကျော်သည် အေရှဝေါလ်၏ အစုစပ်ပါဝင်မှုဖြင့် ဝင်ရောက်ခဲ့သည်ဟု ခန့်မှန်းရသည်။ စတီ ဗင်လောသည် စင်္ကာပူလုပ်ငန်းရှင်များ အသိုင်းအဝိုင်းထဲတွင် လှုပ်ရှားနေဆဲရှိနေပြီး၊ သူ့ဖခင်၏ ပင်လယ်ရပ်ခြားရှိ လုပ်ငန်းများကို အေရှဝေါလ်၏ ပင်လယ်ရပ်ခြားရှိ ကုမ္ပဏီခွဲများဖြင့် စီမံအုပ်ချုပ် ပေးလျှက်ရှိသည်။ [၃၄]

Photo: tab

ဆည်တည်ဆောက်မည့်နေရာရှိ အေရှဝေါလ် ကုမ္ပဏီ
အခြေစိုက်စခန်း

မြစ်ဆုံစီမံချက်တွင် အေရှဝေါလ် ကုမ္ပဏီ၏ တိကျသော အခန်းကဏ္ဍကို ထုတ်ဖေါ်ကြေငြာထားခဲ့ခြင်းမရှိချေ။ သို့ရာတွင် သူတို့၏ လုပ်ဆောင်ချက်များတွင် မြန်မာဗိုလ်ချုပ်များနှင့်တရုတ် ကုမ္ပဏီတို့အကြားအဆက်အသွယ်လုပ်ပေးခြင်း၊ လမ်းဖေါက်လုပ်ခြင်းနှင့်ပစ္စည်းကရိယာများထောက်ပံ့ခြင်းတို့ပါဝင်လိမ့်မည်ဟု ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့(**KD NG**)က ယူဆသည်။ အေရှဝေါလ်သည် ရေ လှောင်ကန်ကြီး ရေမဖြည့်မီ ကာလတွင်ပင် သစ်ကဲ့သို့သော အရင်းအမြစ်များထုတ်ယူခြင်း မှနေ၍ အကျိုးအမြတ်ရနိုင်ဖွယ်ရှိနေပါသည်။ ရေမလွှမ်းမီတွင်သတ္တုနှင့် အခြားကျောက် မြက်ရတနာများ တူးဖေါ်ရန်အတွက် ရေလှောင်ကန် တည်ဆောက်မည့် နေရာများတွင် စမ်းသပ် စစ်ဆေးမှုများ လုပ်နေသည်ဟု ယူဆရကြောင်း ဒေသခံရွာသားများက ပြောပြခဲ့ပါသည်။ အေရှ ဝေါလ်သည် သစ်လုပ်ငန်း ခွင့်ပြုချက် အများအပြား ရထားပြီးဖြစ်ရာ၊ ရေမလွှမ်းမီတွင်ပင် ရေ လှောင်ကန် တည်ဆောက်မည့်နေရာသို့ ဝင်ရောက်သစ်ခုတ်နိုင်ဖွယ်ရှိနေပါသည်။

စန်းတက် နည်းပညာကုမ္ပဏီလီမိတက် (Suntac Technologies Co. Ltd.)

မြစ်ကြီးနားမြို့ရှိ ဆန်းတက်ကုမ္ပဏီရုံးခန်း

စန်းတက် နည်းပညာကုမ္ပဏီလီမိတက်သည် (၁၉၉၉) ခုနှစ်တွင် တည်ထောင်ခဲ့သော စန်းတက် ကုမ္ပဏီစု ၏ လက်ခွဲ ကုမ္ပဏီတခုဖြစ်ပြီး၊ ရန်ကုန်မြို့တွင် အခြေစိုက်သည်။ စန်းတက် သည် အမျိုးသားမြေတိုင်း အချက်အလက်များ ပြုစုရေး (National Spatial Database Development) တာဝန်ယူထားရပြီး၊ လမ်းပန်းဆက်သွယ် ရေးနှင့်ပတ်သက်သော အင်ဂျင် နီယာလေ့လာမှုများ၊ အဝေးပြေးလမ်းနှင့် မီးရထားလမ်းတည်ဆောက်ရေး၊ ဆည်မြောင်းတာ တမံနှင့် သက်ဆိုင်သော လေ့လာမှုများကို ဆောင်ရွက်ပေးပါသည်။[၃၅] စန်းတက်သည် (နအဖ) စစ်အစိုးရ ဝန်ကြီးဌာနများနှင့် တိုက်ရိုက်အဆက် အသွယ်ရှိသည့်အပြင် မူးယစ်ဆေးဝါးကုန် ကူးမှုတွင် ပါ ဝင်ပတ်သက်ခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းတို့ကြောင့် မကောင်းနာမည်ကျော် ဇောနေသော အေရှဝေါလ် ကုမ္ပဏီလီမိတက်၊ ထူးကုမ္ပဏီတို့ကဲ့သို့သော ကုမ္ပဏီများအတွက် လုပ်ငန်းများလည်း ဆောင်ရွက်ပေးနေသည်။ နိုင်ငံတကာနယ်ပယ်တွင် စန်းတက်သည် အငြင်း ပွားဖွယ် သံလွင်မြစ်ဆည် တည်ဆောက်ရေးကိစ္စတွင် ပါဝင်ပတ်သက်နေသော ထိုင်းနိုင်ငံမှ (MDX) ကုမ္ပဏီနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ၌ အကြီးဆုံးသတ္တုမိုင်းတူးဖေါ် ရေးလုပ်ငန်းကြီးတခုဖြစ်သည့် ကနေဒါကုမ္ပဏီ၊ အိုင်ဗင်ဟို သတ္တုတူးဖေါ်ရေးလုပ်ငန်း (Ivanhoe Mining) တို့ နှင့်လည်းကောင်း ပေါင်းဖွဲ့လုပ်ကိုင်လျှက်ရှိပါသည်။

တရုတ်နိုင်ငံ လျှပ်စစ်ဓါတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI) မှထုတ်ဝေသော စာစောင်တစောင်၏ ဖေါ်ပြထားချက်အရ စန်းတက်နည်းပညာ ကုမ္ပဏီသည် ဆည်နေရာ တိုင်းတာရေး မြေပုံများအတွက် မြေအနေအထားပြ ကောင်းကင်ဓါတ်ပုံများ ရိုက်ရန်တာဝန်ယူပေးရပါသည်။ (၂၀၀၆) ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ယူနန် စက်ယန္တယား သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီ (YMEC) ထံမှ စက်ယန္တယာများကို ဆည်ဆောက်မည့် နေရာသို့သယ်ယူပြီးလျှင် တိုင်းတာမှုများ လုပ်ဆောင်ခဲ့ပါသည်။

ကန်ဆိုင်း လျှပ်စစ်ဓါတ်အား ကုမ္ပဏီစု (Kansai Electric Power Co, Inc.) (KEPCO)

ကန်ဆိုင်း လျှပ်စစ်ဓါတ်အား ကုမ္ပဏီစုသည် ဂျပန် နိုင်ငံတွင် အကြီးဆုံး ရင်းနှီးမြှုပ်နှံထားသော လျှပ် စစ်ဓါတ်အား ကုမ္ပဏီ (၉)ခုအနက်တခုဖြစ်ပြီး၊[၃၆] မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရာ၌ နည်းပညာဆိုင်ရာ အကူအညီများပေးနေပါသည်။ (၂၀၀၃–၂၀၀၅) ခုနှစ်အတွင်း၌ မြစ်ဆုံစီမံချက်ဖြစ်နိုင်ဖွယ် ရှိ–မရှိ လေ့လာတိုင်းထွာရေးအတွက် တာဝန်ယူခဲ့ပါသည်။ (၂၀၀၂) ခုနှစ်အတွင်း၌ ကန်ဆိုင်းကုမ္ပဏီသည် တန်ဖရဲရွာတွင် မိုးလေဝသ ဌာနငယ်တခုကို တည်ဆောက်ခဲ့ပါသည်။ (ဓါတ်ပုံကို ကြည့်ပါ။)

ဧရာဝတီ မြစ်ဆုံဆည် စီမံချက်ကြောင့် ရေလွှမ်းခံရမည့်နေရာများ



အပိုင်း [၃]။ ဧရာဝတီမြစ်ဆုံဆည်ကြောင့် ဖြစ်လာနိုင်သော ရိုက်ခတ်မှု ဆိုးကျိုးများ

ဆည်အထက်ပိုင်း ။ ။ ရေဖုံးလွှမ်းခြင်းနှင့် အစမ္မရွှေ့ပြောင်းရမှုများ

ဆည် တည်ဆောက်ပြီးသည်နှင့် ရေလှောင်ကန်အတွင်းသို့ ရေဖြည့်သွင်းသည်နှင့် တပြိုင်နက် ရေလှောင်ကန်ကြီး၏ အမြင့်ဆုံး ရေချိန်မှတ်ထက် နိမ့်သောနေရာများမှ လူထုမှန်သမျှတို့ ပြောင်းရွှေ့ပေးကြရပေတော့မည်။ သူတို့၏ အိုးအိမ်များ၊ စိုက်ပျိုးမြေယာများ၊ ဘိုးဘွားပိုင် မြေနေရာများနှင့် အထွဋ်အမြတ်ထားရာ နေရာများလည်း ရေအောက်သို့ ရောက်ရှိ မြုပ်ကွယ်သွားပေတော့မည်။ သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် သူတို့၏ ဘဝဓလေ့လုပ်ရိုးလုပ်စဉ်များလည်း ဆုံးရှုံးကြရပေတော့မည်။ မြစ်ဆုံတဝိုက်တွင် နေထိုင်ကြသူများ၏ မြစ်ကမ်းပါးတလျှောက် ဥယျာဉ် စိုက်ပျိုးကြသော လုပ်ငန်းများ၊ လယ်ယာ၊ သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများ ရှာဖွေရောင်းချခြင်း၊ အငယ်စား ရွှေတူးဖော်ခြင်း၊ စသည့်လုပ်ငန်းများလည်း ပျက်စီး ဆုံးရှုံးကြရတော့မည် ဖြစ်သည်။ အစဉ်အလာအားဖြင့် ရှိခဲ့သော ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းများကဲ့သို့သော ဒေသဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အားလုံးလည်း ဆုံးရှုံးရပေတော့မည်ဖြစ်သည်။

ဧရာဝတီမြစ်ဆုံဆည် ရေစွမ်းအား ဘက်စုံ အသုံးချရေးစီမံချက် (Irrawaddy Myitsone Dam Multipurpose Water Utilizing Project) အရ ရေလှောင်ကန်ကြီး၏ အမြင့်ဆုံးရေချိန်အမှတ်သည် (၂၉၀)မီတာ ရှိလိမ့်မည်သည်။ နာဆာ/အဲန်ဂျီအေအေ ဖြတ်သန်းသွားသည့် ဂြိုဟ်တုမှ ရိုက်ကူးသော ဓါတ်ပုံအရ (NASA/ NGAA Suttle Radar Topography) ၉၀မီတာ ဒစ်ဂျစ်တယ်ပုံတွက်ဆမှု ပုံစံ(90 meter Digital Elevation Model) အချက်အလက်များ၏ ကွန်တိုမျဉ်းများကို အခြေခံလျှက် ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ (KDNG) က မြေပြင်ညီမျဉ်း (၂၉၀) မီတာအောက် နိမ့်နေသော ရေလွှမ်းဇုံမြေပုံ တခုကို တွက်ချက်ဖော်ထုတ်နိုင်ခဲ့ပါသည်။

“*ကန်ဆိုင်းကုမ္ပဏီရဲ့မှတ်တမ်းအရဆိုရင် ဧရာဝတီမြစ်ဆုံဆည် ဆောက်လိုက်တာနဲ့ တန်ဖရဲရွာတော့ ရေမြုပ်သွားမှာပဲ။ ကျနော်တို့ရွာ ပျောက်သွားမှာကို ကျနော်တို့တော်တော် စိတ်မကောင်း ဖြစ်ကြတယ်။ စိုးလည်း စိုးရိမ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ ကျနော်တို့ရဲ့သမိုင်းဆိုလည်းဟုတ်တယ်။ လမ်းပန်းဆက်သွယ်ရေးလည်းဟုတ်တယ်။ တန်ဖိုးထားစရာ သဘာဝအရင်းအမြစ်ဆိုလည်း ဟုတ်တယ်။ အလွန်အရေးကြီးတဲ့ နေရာပါ။*” (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ်– ၁၅)

ဤစီမံချက်၏ ရေလွှမ်းခံရမည့် ဒေသအကျယ်အဝန်းမှာ ၇၆၆ စတုရန်း ကီလိုမီတာရှိပြီး၊ အကြမ်းဖျင်းအားဖြင့်။ ကျေးရွာပေါင်း ၄၇ ရွာကို လုံးဝရေဖုံးလွှမ်းသွားမည်ဖြစ်ပြီး၊ လူဦးရေခန့်မှန်းခြေအားဖြင့် ၁၀,၀၀၀ မျှ အိုးအိမ်မဲ့ဖြစ်ကာ ရွှေ့ပြောင်းကြရမည်ဖြစ်ပါသည်။ (ဇယားကိုကြည့်ပါ။)

လုံးဝရေလွှမ်းခံရမည့် ကျေးရွာများအပြင် အခြားကျေးရွာအများသည်လည်း လယ်ယာခြံမြေများ ဆုံးရှုံးရနိုင်ခြင်း၊ သစ်တောများ ဆုံးရှုံးရခြင်း၊ ကူးသန်းသွားလာရေးလမ်းကြောင်းများ ရေမြုပ်သွားခြင်း၊ ရေလွှမ်းခံရခြင်းကြောင့် ပြောင်းရွှေ့လာသည့် လူထုများဝင်ရောက်လာခြင်း၊ စသည့် အကျိုးဆက်များကိုလည်း ခံစားကြရပါလိမ့်မည်။ အထူးသဖြင့် မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်၊ ပူတာ အိုဒေသများသို့သွားသော ကားလမ်းမကြီး ပြတ်တောက်ရေမြုပ် သွားမည်ဖြစ်ပြီး မြစ်ကြီးနားမှ ချေဖွေသို့သွားသော ကားလမ်းလည်း ပြတ်တောက်သွားမည်ဖြစ်သည်။ ရေလွှမ်းခံရသောလမ်းများကို အစားထိုးပြန်လည်ဖောက်လုပ် မည့်အတွက်ကြောင့်လည်း ဇီဝသတ္တသဘောအရ ထွေပြားသော သစ်တောများတွင် ထပ်မံထိခိုက်ရ နိုင်သော အကျိုးဆက်ကိုလည်း ခံစားကြရပါလိမ့်မည်။

လူများ နေရပ်ရင်းစွန့်ခွါ ပြောင်းရွှေ့ရခြင်းနှင့် ၎င်း၏နောက်ဆက်တွဲပြဿနာများ

ကမ္ဘာ့ ဆည်များကော်မရှင် (World Commission on Dams)၏ ခန့်မှန်းချက်အရ ကမ္ဘာတဝှမ်းလုံးတွင် ဆည်များ ဆောက်လုပ်မှုကြောင့် လူဦးရေ သန်း(၄၀)မှ (၈၀) အထိ နေရပ်ရင်းစွန့်ခွါ ပြောင်းရွှေ့ခဲ့ကြရကြောင်း ဖော်ပြထားပါသည်။ ဤသို့ပြောင်းရွှေ့ကြရမှုကြောင့် အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများမှာ အထူးနစ်နာ ခံစားခဲ့ကြရပါသည်။ ကော်မရှင်၏ဖော်ပြချက်အရ ရုပ်ပိုင်းဆိုင်ရာအရ ပြောင်းရွှေ့အခြေချကြရမှုနှင့် သက်မွေးဝမ်းကျောင်း။ နေထိုင်မှုဘဝများ ပြောင်းရွှေ့ကြရသောကြောင့် “မြေယာမဲ့များ ဖြစ်ရခြင်း၊ အလုပ်လက်မဲ့များ ဖြစ်ရခြင်း၊ အိမ်ခြေယာမဲ့များ ဖြစ်ရခြင်း၊ ခွဲခြားဖိနှိပ်ခံရခြင်း၊ စားရေရိက္ခာ မဖူလုံဖြစ်ရခြင်း၊ သေနှုန်းမြင့်များခြင်းနှင့် လူအများပိုင် ရင်းမြစ်များ ဆုံးရှုံးရခြင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ ပြန်လည်ထူထောင် နိုင်သောသတ္တိများ ဆုံးရှုံးရခြင်း” တို့ကိုလည်း ဖြစ်ပွားစေပါသည်။ ဖွဲ့စည်းတည်ဆောက်ထားသော လူနေမှု စနစ်ပြိုကွဲရခြင်းနှင့်အတူ စီးပွားရေးအရစွမ်းအားများ ပျက်စီးဆုံးရှုံးရခြင်းတို့ကြောင့် “များသောအားဖြင့် ပြန်လည် ပြုပြင်၍ မရနိုင်တော့လောက်အောင် လူနေမှုအဆင့်အတန်း နိမ့်ကျရခြင်းများ” ကိုလည်းဖြစ်စေပါသည်။

ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်မှုကြောင့် ပြောင်းရွှေ့လာရဖွယ်ရှိသော လူထုများသည် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့အခြေချလာကြဖွယ်ရှိပြီး၊ အလုပ်အကိုင်ရရှိရေးတွင်လည်းကောင်း၊ လူမှုဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးရာ၌လည်းကောင်း၊ ဖိစီးမှုများ ပိုမိုသက်ရောက်လာစေမည်ဖြစ်သည်။ အချို့သောသူများမှာ တောနက်များထဲ၌ လယ်မြေသစ်များ တီထွင်ကြဖွယ်ရှိ၍ သဘာဝပတ်ဝန်းကျင်အပေါ်တွင်လည်း ဖိစီးမှုများ ဖြစ်ပေါ်စေပါလိမ့်မည်။ အချို့သောသူများမှာ အလုပ်အကိုင်ရှာဖွေရန် ရွှေ တွင်းဒေသများသို့ ပြောင်းရွှေ့အခြေချဖွယ်ရှိပြီး၊ ထိုဒေသများတွင် လူမှုရေးပြဿနာများဖြစ်သော မူးယစ်ဆေးဝါးသုံးစွဲမှု၊ ကိုယ်ခံအားကျရောဂါ (အိပ်ချ်အိုင်ဗွီ) ပိုးကူးစက်မှုနှင့် လောင်းကစားမှုများကို ပိုဆိုးစေပါလိမ့်မည်။ နောက်ဆုံး ကချင်ပြည်နယ်တွင်းမှ မြစ်ဆုံဆည် တည်ဆောက်ရေးစီမံချက်ကြောင့် ရွှေ့ပြောင်းထွက်ခွါလာကြမည့်သူများသည်

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနှင့်တရုတ်နိုင်ငံများသို့လည်း ပြောင်းရွှေ့ဝင်ရောက်လာမှုများ တိုးတက်ဖြစ်ပေါ်လာနိုင်ပါသည်။

ကမ္ဘာ့ ဆည်များကော်မရှင် (World Commission on Dams) က၊ လူများပြောင်းရွှေ့အခြေချ စေမှုလုပ်ငန်းများ၊ သင့်လျော်သော လျော်ကြေးငွေရရှိစေရေးကိစ္စများတွင် နှောင့်နှေးဖွယ်ကြုံရ နိုင်ဖွယ် အခြေအနေကိုလည်း မှတ်တမ်းတင်ထားခဲ့ပါ သည်။ ဤပြဿနာများမှာ လူဦးရေ အမှန်အတိုင်း ရေတွက်မှုဆိုင်ရာ ပြဿနာ၊ လုံလောက်သောလျော်ကြေးငွေများကို အချိန်နှင့် အညီပေးအပ်ရေးပြဿနာ၊ သင့်လျော်သော ပြန်လည်နေရာချထားပေးမှု၊ နစ်နာရမှုများကို ပြန်လည်ဖြေရှင်းပေးခြင်းနှင့် ဥပဒေကြောင်းဆိုင်ရာအရ ပံ့ပိုးပေးနိုင်သည့် ရင်းမြစ်များ မရှိ သည့်အခြေအနေနှင့်ကြုံရခြင်း စသည့် ပြဿနာများ ဖြစ်ပါသည်။ ဤပြဿနာများကို တရား ဥပဒေသက်ဝင်သော နိုင်ငံများ၌ပင် ကြုံတွေ့ကြရခြင်းဖြစ်ရာ၊ ဒေသဆိုင်ရာ စစ်တိုင်းမှူးများက ဥပဒေအာဏာထက်တွင် ချယ်လှယ်နေကြသော မြန်မာနိုင်ငံတွင်၊ လျော်ကြေးရရှိမှုပြဿနာ၊ ပြန်လည် နေရာချထားပေးမှု ပြဿနာ၊ နစ်နာမှုများကို ပြန်လည်ကုစားပေးမှု ပြဿနာများမှာ မဖြစ်စ လောက်ပင် ခံစားရရှိကြဖွယ်ရှိနေပါသည်။

မြန်မာနိုင်ငံတွင် ဆည်တည်ဆောက်ရေးလုပ်ငန်းများကြောင့် ရွှေ့ပြောင်းကြရမှုများ

ဆည်တည်ဆောက်ရေးလုပ်ငန်းများကြောင့် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းကြရမှုများ မည်သို့ဖြစ် ပေါ်ခဲ့ရသည်ကို သဘောသိရှိနိုင်ရန်အတွက် လေ့လာဖွယ်အကောင်းဆုံးကိစ္စမှာ ကရင်နီပြည်နယ် (ကယားပြည်နယ်) အတွင်းတည်ဆောက်မည့် မြန်မာနိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်လုပ်ငန်း ဆည်တည်ဆောက်ရေးပင်ဖြစ်ပါသည်။ မိုးဗြဲဆည်နှင့် လောပိတရေအားလျှပ်စစ်စက်ရုံ တည်ဆောက် ရေးကြောင့် လူပေါင်း (၁၂,၀၀၀)ခန့် နေရပ်စွန့်ခွါ ရွှေ့ပြောင်းခဲ့ကြရပါသည်။ လူအများစုမှာ ရွှေ့ ပြောင်းကြရမည်ကို ကြိုတင်အသိပေးခဲ့ခြင်း မရှိဘဲ၊ ၎တို့အိမ်ရှေ့သို့ ရေရောက်မှ ရွှေ့ပြောင်းထွက် ပြေးခဲ့ကြရပါသည်။ ကျေးရွာ အများစုကို စစ်တပ်က ထိန်းချုပ်ထားသော စုစည်းကျေးရွာများသို့ ပြောင်းရွှေ့စေရန် အမိန့်ပေးခဲ့ပြီး၊ ဤနေရာများမှာ လူဦးရေထူထပ်သိပ်သည်းလှပြီး၊ ကျန်းမာရေး နှင့်လည်း ညီညွတ်ခြင်းမရှိပါ။ ဤစုစည်းကျေးရွာ စခန်းများကို စွန့်ပစ်ထွက်ခွါနိုင်ခဲ့ကြသူများမှာ လည်း၊ ၎င်းတို့၏ ဆွေမျိုးများထံသို့ လုံးလုံးလျားလျား မှီခိုရပ်တည်ကြရပါသည်။ လျော်ကြေးငွေ အဖြစ်ပေးအပ်သော ထောက်ပံ့ကြေးမှာလည်း လုံးဝမမျှတပါ။ စော်ကားသည့်သ ဖွယ်ဖြစ်နေသော ကြောင့် လူအများက လက်ခံရန် ဒေါသဖြင့် ငြင်းပယ်ခဲ့ကြပါသည်။ ဒေသခံများက ဤ လျော်ကြေးငွေ ပမာဏကို အိမ်လှေ ခါးဖိုးမျှသာရှိသည်ဟု တွက်ဆပြောဆိုသည်ကို ကြားခဲ့ကြရပါသည်။ လိုအပ် သော အခြေခံအဆောက်အဦးများဖြစ်သည့် စက် များတည် ဆောက်ရန်၊ ရေလွှဲမြောင်းများတည်ရန် လယ်ယာခြံမြေများကို လျော်ကြေးမ ပေးဘဲ သိမ်းယူခဲ့ကြပါသည်။ ရေအားလျှပ်စစ် စက်ရုံတိုက်တွင် မြေမြှုပ်မိုင်း (၁၈,၀၀၀) ခန့်ကို ချထားခဲ့ပြီး၊ အနီးရှိလယ်ကွင်းများ၊ ခြံများသို့သွားကြသော လယ်သ မားများအတွက်လည်း အန္တ ရာယ်ဖြစ်စေပါသည်။ ထို့အပြင် ရေအားလျှပ်စစ် စက်ရုံအနီးရှိ လယ် ကွင်းများသို့သွားသော လယ်သမားများအပေါ်တွင်လည်း ချုပ်ချယ်ကန့်သတ်မှုများ ပိုမိုတင်း ကျပ်လာခဲ့ပါ သည်။[၃၇]

ဂေါ်နန်ကျေးရွာရှိ ရိုးရာတိုင်းရင်းဆေးထုတ်လုပ်နေပုံ။ သစ်တောများတွင် အရေးပါလှသည့် တိုင်းရင်းဆေးအပင်၊ နွယ်မြစ်များကြွယ်ဝလှပြီး မြစ်ဆုံဆည်သာ တည်ဆောက်ခဲ့ပါက ဤသစ်တောများလည်း ရေလွှမ်းခံကြရတော့မည်။

ရိုးရာယုံကြည်မှု၍အရ တိုင်းရင်းဆေး သစ်ဥသစ်ဖုများကို သင့်လျော်သည့်အချိန်တွင် ရှာဖွေစုဆောင်းကြရသည်။ “ပုံမှန် အားဖြင့် ကျနော်တို့က ဆေးမြစ်တွေကို ဇန်နဝါရီလကနေ ဧပြီလအတွင်းမှာရှာကြတယ်။ ဒီရာသီက ဆေးမြစ်တွေစုလို့ အကောင်းဆုံးရာသီပဲ။ ဒီအချိန်မှာ တောထဲက နတ်ကောင်းနတ်မြတ်တွေက ကောင်းချီးပေးကြလို့ ဆေးပေါင်းခတဲ့အချိန်လို့ ယူဆတယ်။ ကျနော်တို့က အကိုင်းအခက်တွေပဲ ယူတယ်၊ သစ်ပင် ပင်စည်က အပွေးကို မယူဘူး။ ကျနော်တို့က ဒီဆေးပင် တွေကို နောင်မျိုးဆက်အထိ ဆက်သုံးနိုင်ဖို့ ထိန်းသိမ်းထားကြတယ်။” (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ်–၁၀)

တိုင်းရင်းဆေးဝါးများအပြင်၊ အချို့သောအမျိုးသမီးများကလည်း သစ်မဟုတ်သော တောထွက်ပစ္စည်းများအပေါ် မှီခို၍ အသက်ရှင်သန်ရပ်တည်နေကြရသည်။ မှိုများ၊ ဟင်းရွက်မျိုးစုံ၊ တောထွက် သစ်သီးမျိုးစုံကို သူတို့က ရောင်းချကာ ဝင်ငွေရှာ နိုင်ကြသည်။ ဤပစ္စည်းများကို ဒေသဈေး၊ မြို့ဈေးများတွင် ရောင်းချ၍ သူတို့အတွက် အရေးပါသည့် ဆီ၊ ဆားနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ပြန်ဝယ်နိုင်ကြသည်။ ဤနည်းအားဖြင့် တောများက ကျေးလက်နေလူထုများအတွက် ဘဏ်တခုသဖွယ် တန်ဖိုးရှိလှသည်။ အကယ်၍ မြစ်ဆုံဆည်တည်ဆောက်လိုက်သည့်အချိန်တွင်၊ ဤတောများမှာ ရေအောက်ရောက်သွားတော့ မည်ဖြစ်ပြီး၊ ထုံးတမ်းစဉ်လာရှင်သန်နေထိုင်နိုင်သည့် ဘဝများလည်း ပျက်စီးပြိုကွဲကြရတော့မည် ဖြစ်သည်။

မြစ်ဆုံရှိ အလည်အပတ်လှေစီးရန်နှင့် ဈေးရောင်းနေကြသောဆိုင်များ

မြစ်ဆုံဒေသ၏ သဘာဝအလှအပနှင့် ကချင်လူမျိုးများ၏ ကြွယ်ဝလှသော ယဉ်ကျေးမှုကြောင့်၊ ထိုဒေသသို့ လူများစွာလာရောက်လည်ပတ်လေ့ရှိပါသည်။ သို့အတွက်ကြောင့် ခရီးသွားလုပ်ငန်းမှနေ၍ ဒေသခံများ ငွေဝင်လမ်းဖြောင့်ကြပါသည်။ ဒေသခံ အစားအသောက်များနှင့် ရိုးရာလက်မှုပစ္စည်း ရောင်းချသူများမှာလည်း မြစ်ကြီးနားနှင့် အထက်ဘက်ဒေသများသို့ အလည်လာရောက် ကြသူများထံမှ နေ့စဉ်ဝင်ငွေကို မှီခို၍ ရှင်သန်နေထိုင်ကြရပါသည်။ ၎င်းဈေးသည်အများစုမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ အခြားသူများမှာလည်း ခရီးသွားများကို လှေဖြင့်လှည့်လည် ကြည့်ရှုရန် ပို့ဆောင်ပေးသည့်အတွက် ဝင်ငွေရကြပါသည်။ ဤသို့ ခရီးသည်ပို့ပေးသူတဦးက မြစ်ဆုံ၏အလှကို ချီးမွမ်းခန်း ဖွင့်ပါသည်။ "ခရီးသွားတွေ ဒီနေရာကို အများကြီးလာကြတယ်၊ သူတို့က အပျော်ခရီးအတွက် လှေစီးပြီး ကြည့်ချင်ကြတယ်။ ကျနော်က လှေနဲ့ပို့ရင် မိနစ် (၃၀)ကို ကျပ်တစ်သောင်းယူတယ်။ ကြည့်စမ်းပါဦး–ဒီမြစ်ဆုံ နေရာက ဘယ်လောက်လှသလဲဆိုတာ၊ သူတို့ဘာကြောင့် လာချင်ကြတယ်ဆိုတာ ခင်ဗျားမြင်သာတာပဲ။" (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ်–၁၃)

ဒေသခံများက ဒေသအတွင်း ရရှိနိုင်သော သစ်ဥ သစ်ဖုများမှနေ၍ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်မှီဝဲလာခဲ့ကြသည်မှာ ရာစုနှစ်နှင့် တိုင်ခဲ့ပြီ ဖြစ်သည်။ မျိုးဆက်အလိုက် တောတောင်အကြောင်းနှင့် ရာသီဥတုသဘာဝကို ဗဟုသုတ လက်ဆင့်ကမ်းခဲ့ကြသည်။ အချို့မိသားစုများက တိုင်းရင်းဆေးစက်ရုံများသို့ ဆေးမြစ်၊ ဆေးပင်များ ရောင်းချ၍ သက်မွေးဝမ်းကြောင်းပြုနေကြပါသည်။ ဥပမာအားဖြင့်–မြစ်ကြီးနားရှိ ဘွန်မဆွမ် တိုင်းရင်းဆေးစက်ရုံက ဤဆေးမြစ်၊ ဆေးပင်များကို ဝယ်ယူထုတ်လုပ်နေပြီး၊ ၎င်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းဆေးစက်ရုံများတွင် နာမည်အကြီးဆုံး ဆေးစက်ရုံတခုဖြစ်ပါသည်။

ဆည်တည်ဆောက်လိုက်မှုကြောင့် မြစ်ညာဒေသတွင် ငါးများရွှေ့ပြောင်း အခြေချသားပေါက်မှုကို ပိတ်ပင်လိုက် သကဲ့သို့ ဖြစ်သွားစေမည် ဖြစ်သည်။ သို့အတွက်ကြောင့် ရေကာတာအတွင်းနှင့် မြစ်အောက်ပိုင်းဒေသများတွင် ငါးအရေအတွက် ကျဆင်းလာနိုင်သကဲ့သို့၊ ငါးမျိုးစိတ်များလည်း လျော့နည်းလာနိုင်သည်။ ၎င်းတို့မှာ မြစ်ဆုံအနီးတွေ့ရသော ငါးမျိုးများဖြစ်ပြီး ပျောက်ကွယ်သွားရန် အကြောင်းရှိနေပေသည်။

တံငါလုပ်ငန်း။ ။ ဒေသခံလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုတွင် အရေးပါသောလုပ်ငန်းဖြစ်ပြီး၊ ဆည်တည်ဆောက်ပြီးပါက မြစ်အောက်ခြေ ကီလိုမီတာ ရာနှင့်ချီသော ဒေသများအထိ ဆိုးကျိုးသက်ရောက်မှု ရှိစေလိမ့်မည်။

ယဉ်ကျေးမှုဆိုင်ရာ ပျက်စီးဆုံးရှုံးစေမှုများ

ရေလွှမ်းခံရမည့် တန်ဖဲကျေးရွာမှ ကက်သလစ် ဘုရားရှိခိုးကျောင်းတခု

အကယ်၍ ဆည်တည်ဆောက်ပါက အချို့သော ယဉ်ကျေးမှုဆိုင်ရာအရ အရေးပါသည့်နေရာများသည် ရေမြုပ်ဆုံးရှုံးရတော့မည်ဖြစ်သည်။ ၎င်းနေရာများတွင် သမိုင်းဝင်ဘုရား ပုထိုးများနှင့် ခရစ်ယာန်ချပ်ကျောင်းများပါဝင်ပြီး၊ မြစ်ဆုံနေရာရှိ တန်ခိုးကြီး ရွှေညောင်ပင်သည်လည်း ရေမြုပ်သွားလိမ့်မည်ဖြစ်သည်။ အချို့သောသူများက ဤညောင်ပင်တွင် နတ်နေသည်ဟုယုံကြည်ကြပြီး၊ ကောင်းမ၍အတွက် ပသပူဇော်ကြရာနေရာလည်းဖြစ်သည်။ ဆည်ဆောက်ခြင်းဖြင့် လူများကို ရုပ်ပိုင်း ဆိုင်ရာအရ နေရာပြောင်းရွှေ့ခြင်း ဖြစ်စေရုံမျှသာမက၊ ၎င်းတို့၏ ယဉ်ကျေးမှုများ ဆက်လက်ထိန်း သိမ်းတည်တံ့နိုင်ရေးအတွက်လည်း ထိခိုက်စေနိုင်သည်။ ဤမြစ်ဆုံနေရာသည် ကချင်လူမျိုးများအတွက် ဝိသေသထူးနေရာတခုဖြစ်သကဲ့သို့၊ သမိုင်းဝင်နေရာလည်း ဖြစ်သည်။ အကယ်၍ ဤနေရာသာ ရေမြုပ်သွားပါက လူအများဂုဏ်ယူခဲ့ကြရသော၊ ပွဲလမ်း များဆောင်ရွက်ခဲ့ကြရသောနေရာသည်လည်း နောင်မျိုးဆက်များစွာတိုင် ဆုံးရှုံးသွားစေတော့မည်ဖြစ်သည်။

> *“ကချင်လူမျိုးတွေဟာ ဒီစီမံချက် ပြန်ရုပ်သိမ်းပေးဖို့ (နအဖ) စစ်အစိုးရနဲ့ တရုတ် ကုမ္ပဏီတွေ၊ မြန်မာကုမ္ပဏီတွေကို အခွင့်အရေး ဆိုသင့်တယ်။ ဒီလိုတောင်းဆိုဖို့ တာဝန်လည်းရှိတယ်။ ဒီလို မလုပ်နိုင်ကြဖူးဆိုလျှင်ဖြင့် ရောမသမိုင်းကြွေးတင်တော့မှာ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြစ်ဆုံဒေသဆိုတာ ကချင်လူမျိုးတွေရဲ့ သမိုင်းကြောင်း၊ ဂုဏ်သိက္ခာနဲ့ ဆက်စပ်နေလို့ပဲဖြစ် တယ်။”* (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် ၃၀)

ရေမြုပ်သွားမည့် တန်ဖဲကျေးရွာရှိ ရိုးရာယဉ်ကျေးမှု အဆောက်အဦတခု

ငါးဖမ်းသူ တံငါအများစုက ပိုက်ချခြင်းကို ၂ မျိုး အသုံးပြုလေ့ရှိသည်။ လှေပေါ်မှ ပိုက်မျှောခြင်းနှင့် အခြားတနည်းမှာ ပိုက်ကို အသေ ၂၄ နာရီ တနေ့လုံး ထောင်ထားပြီး တနေ့လျှင် ၂–၃ ကြိမ် စစ်ဆေးခြင်းမျိုး ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းမှုဘဝများ ပျက်စီးကြရခြင်း။

> *"ဆည်များတည်ဆောက်ခြင်းကြောင့် မြစ်အောက်ခြေဒေသများတွင် တံငါလုပ်ငန်း ထွက်ကုန်များ သိသိသာသာလျော့နည်းကျ ဆင်းသွားကြောင်းကို ကမ္ဘာတဝှမ်းလုံးရှိ ဖြစ်ရပ်များအရသိရှိခဲ့ရပါသည်။"* [၃၈]

ဆည်များတည်ဆောက်ခြင်းကြောင့် မြစ်အောက်ပိုင်းဒေသများတွင် ဆိုးကျိုးများကို ကီလိုမီတာ ရာနှင့်ချီသော အကွာအဝေးအထိ၊ မြစ်ကြောင်းတလျှောက်၏ ပြင်ပဒေသများအထိ သက်ရောက် ခံစားရစေနိုင်ပါသည်။ ဆည်တည်ဆောက် ပြီးပြီးချင်း၊ ခံစားရမည့် ဆိုးကျိုးများကို မြစ်အောက် ခြေဒေသများတွင် တွေ့ကြုံကြရမည် ဖြစ်ပြီး၊ အချိန်နှင့်အမျှ ဆိုးကျိုးများက ပို၍တိုးပွားလာ နိုင်ပါသည်။

ငါးများ ပြောင်းရွှေ့အခြေချသည့် လမ်းကြောင်းကို ပိတ်ဆို့စေသောကြောင့်၊ ငါးများမှာ မြစ်အညာသို့တက်၍ သားပေါက်ခြင်းမပြုနိုင်ကြတော့ပါ။ ဤအခါ မြစ်အောက်ခြေဒေသရှိ တံငါလုပ်ငန်းများတွင် ဆိုးရွားစွာထိခိုက်မှုရှိလာစေပါသည်။ ဆည်များကြောင့် မူလရှိရင်းစွဲ ငါးမျိုးကွဲများလည်း လျော့နည်းကျဆင်းလာစေပါသည်။ ဥပမာအားဖြင့်– အရှေ့တောင်အာရှ မြစ်များ ဆိုင်ရာ ကွန်ရက်အဖွဲ့ (Southeast Asia Rivers Network)၏ အဆိုအရ ထိုင်းနိုင်ငံအစိုးရက နိုင်ငံ၏အရှေ့မြောက်ပိုင်းဒေသတွင် ပက်မုန်းဆည် တည်ဆောက်ခဲ့ပြီးနောက် ဤမြစ်အတွင်းရှိ ငါးအမျိုး (၁၀၀) အနက် (၅၀) ခန့်မှာ ပျောက်ကွယ်သွားခဲ့ကြပြီး၊ ကျန်ရှိနေသော ငါးမျိုးစိတ်များ၏ အရေအတွက်မှာလည်း ကျဆင်းလာပါသည်။ ရေမြစ်ကြောင်း ပြောင်းလဲသွားခြင်းကြောင့် ယခင်ကသိရှိထားသော ဒေသဆိုင်ရာ အသိသုတများမှာလည်း အသုံးမဝင်

> မြစ်အောက်ခြေမြစ်ကြောင်းတလျှောက်နှင့် မြစ်ကြောင်းနှင့် နီးစပ်ရာဒေသများတွင် နေထိုင်ကြသော လူမှုအသိုင်းအဝိုင်းများတွင် ဆည်ကြီးများ တည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်ရသော ဆိုးကျိုးများကို သိသိသာသာ ကြုံတွေ့ရနိုင်ပါသည်။ အထူးသဖြင့် မြစ်၏ရေစီးဆင်းမှုများ ပြောင်းလဲသွားပြီး၊ ရေလွှမ်းနုံးတင်သော လွင်ပြင်များကို ပြောင်းလဲသွားစေနိုင်ပါသည်။ ဤသို့ဖြစ်သည်နှင့်အမျှ မြစ်ရေကျချိန်တွင် စိုက်ပျိုးရေး၊ တံငါလုပ်ငန်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ နုံးတင်မြေနုလွင်ပြင်များတွင် သစ်တောထွက်ပစ္စည်းများ ရှာဖွေစားသောက် နေထိုင်ကြသောသူများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများသည်လည်း များစွာဆိုးကျိုးသက်ရောက်နိုင်ပါသည်။ ဆည်တည်ဆောက်လိုက်ခြင်းနှင့် သဘာဝအရ ရေတက်မှုများ လျော့နည်းကျဆင်းလာသည်နှင့်အမျှမြစ်အောက်ခြေ ဒေသနေလူထုများ၏ စီးပွားရေးကို ထိခိုက်လာနိုင်ပါသည်။ သို့ဖြစ်သည်နှင့်အမျှ မိမိတို့တတ်ကျွမ်းထားသည့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများမှာ အလုပ်မဖြစ်နိုင်တော့ဘဲ နောက်ဆုံးပြောင်းရွှေ့အခြေချခြင်း၊ မြို့ပြဒေသများ၌ ကျပမ်းလုပ်ငန်းများတွင် အလုပ်လုပ်၍ ငွေရှာရခြင်းနှင့် ဆင်းရဲမွဲတေမှုများ ဖြစ်လာစေနိုင်ပါသည်။ (ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်)

ဖြစ်ရပါသည်။ ဥပမာ–ကမ်ဘောဒီးယား နိုင်ငံတွင်မြစ်အထက်ပိုင်း၌ ယာလီရေတံခွန် တာတမံ ဆောက်လိုက်ပြီးနောက်၊ယခင်ကနွေရာသီတွင် ငါးဖမ်းသည့်ပစ္စည်းများကိုသုံး၍မရကြတော့ပါ။[၃၉]

တံငါလုပ်ငန်းသည် မြစ်ဆုံဒေသရှိ လူထုများ၏ အရေးပါသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းတခု ဖြစ်သလို၊ ဝမ်းရေးအတွက် အဟာရလည်း ဖြစ်ပါသည်။ ငါးဖမ်းရာသီမှာ အောက်တိုဘာလမှ မေလဖြစ်ပြီး၊ မိသားစုဝမ်းစာအတွက်အဖြစ်သော်လည်းကောင်း၊ ဈေးတွင် ရောင်းချရန်အတွက်သော်လည်းကောင်း ငါးဖမ်းကြခြင်းဖြစ်ပါသည်။ ခြောက်သွေ့ရာသီတွင် မြစ်ကြီးနားမှ ပြောင်းရွှေ့လာကြသော ငါးဖမ်းသူများသည် မြစ်အညာသို့တက်၍ ငါးဖမ်းကြပြီး မြစ်ကြီးနားဈေးနှင့် မြစ်ဆုံရှိ ဖောက်သည်များထံ ရောင်းချကြပါသည်။ မိုးရာသီကျရောက်လာသောအခါ တံငါးများသည် သူတို့ပိုက်များကိုသိမ်းထားလိုက်ကြပြီး။ နေရင်း ရပ်ရွာပြန်၍ လယ်ယာလုပ်ငန်းခွင်များတွင် ပြန်လုပ်ကိုင်ကြပါသည်။ ဤအချိန်သည် ငါးသားပေါက်ရာသီ အစပင်ဖြစ်သည်။ ဒေသခံ တံငါတဦးက ပြောပြရာတွင် “ကဆုန်နဲ့ ဝါခေါင်လကြားမှာ ဘယ်သူမှ ငါးမဖမ်းကြဘူး။ ဒီအချိန်မှာ ငါးတွေက သန္ဓေဆောင်ကြပြီး သားဉကြလို့ပဲ။” (တွေ့ဆုံမေးမြန်းခန်း အမှတ်–၁၆) ငါးအမြောက်အများထသော ရာသီ (ဧပြီလနှင့် မေလကြားတွင်) တနေ့လျှင် ငါးဖမ်းသမားတဦးသည် ငါး ၅၀ ကီလိုဂရမ်အထိ ဖမ်း၍ရရှိတတ်ကြပြီး၊ အခြားအချိန်များတွင် ငါးရနည်းတတ်ပါသည်။ ယနေ့ကာလများတွင် ငါးအများဆုံးရသော ရာသီတွင် ကီလို (၃၀) မှ (၄၀) အကြား ရရှိတတ်ပါသည်။

မြစ်အောက်ပိုင်းရှိ မြေနုနုံးတင် စိုက်ခင်းများ ပျက်စီးစေခြင်း။

> ***“မိုးရာသီမှာ ရေတက်လာတယ်။ ရေလွှမ်းသွားတယ်။ ရေတွေက သဘာဝအရ မြေနု၊ မြေသြဇာတွေကို သယ်လာကြတယ်။ အဲသည်တော့ ရေလွှမ်းခံရတဲ့မြေကွက်နဲ့ ရေလွှမ်းမခံရတဲ့ မြေကွက်အကြားမှာ သီးနှံအထွက်နှုန်းက သိပ်ကွာတယ်။ ရေလွှမ်းခံထားရတဲ့ မြေကွက်မှာဆိုရင် ဓါတ်မြေသြဇာတွေ သုံးဖို့မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ သဘာဝအရ ရေလွှမ်းတာနဲ့ နုံးမြေနုတွေက တင်နေတာကိုး။”*** (တွေ့ဆုံမေးမြန်းခန်း အမှတ်– ၆၊ ၁၇၊ ၁၉)

ဆည်တာတမံများက မြစ်များသယ်ဆောင်လာသော အနယ်အနှစ်များကို တားဆီးထားလိုက်ပါသည်။ သို့အတွက်ကြောင့် မြစ်အောက်ပိုင်းသို့ မရောက်ရှိနိုင်တော့ပါ။ ဤအနယ်အနှစ်များသည် ပုံမှန်အားဖြင့် မြစ်အောက်ပိုင်းဒေသရှိ ရေလွှမ်းနေတတ်သော မြေနုလွင်ပြင်များနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် သီးနှံအထွက်ကောင်းစေရန် မြေသြဇာအဖြစ် ဖြည့်ဆီးပေးကြပါသည်။ ထို့အပြင် ရေနေအပင်များနှင့် ငါးများအတွက်လည်း အဟာရဓါတ်ဖြစ်စေပါသည်။ ဆည်များတည်ဆောက်လိုက်ခြင်းကြောင့် သဘာဝအရ ရေလွှမ်းမိုးတတ်သည့် ပုံစံကိုပျက်စီးသွားစေပြီး၊ နုံးတင်ဒေသများနှင့် မြစ်အောက်ခြေရှိ နုံးတင်လွင်ပြင်များသို့ သဘာဝအရ ရေနှင့် မြေဆီဓါတ်များဖြည့်တင်းပေးမှုကို ဟန့်တားလိုက်သည့်နှယ် ရှိစေပါသည်။ ဤသို့ဖြင့် ဧရာဝတီမြစ်ကြောင်း တ

လျှောက်တွင် စိုက်ပျိုးရေးအထွက်နှုန်းကို ထိခိုက်စေနိုင်ပါသည်။ မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ် ဒေသသည် မြန်မာ့ဆန်အထွက်၏ (၆၀) % ကို ထုတ်လုပ်ပေးနေသော ဒေသလည်းဖြစ်ရာ များစွာ ဆိုးကျိုးသက်ရောက်မှု ရှိလာစေနိုင်ပါသည်။

မြစ်ကမ်းပါး တိုက်စားမှုများဖြစ်ပေါ်စေခြင်း။

ဆီဆန်းဆည် စီမံချက်ကြောင့် ကမ်ဘောဒီးယားနိုင်ငံတွင် မြစ်ကမ်းများ တိုက်စားပြိုကျခံနေရပုံ (ဓါတ်ပုံ– NGO Forum on Cambodia)

ကြီးမားသော ရေအားလျှပ်စစ်ထုတ်လုပ်ငန်းများကြောင့် ပုံမှန်မဟုတ်သော ရေစီးဆင်းမှုများဖြစ်ပေါ်စေပြီး၊ ဤအတွက်ကြောင့် မြစ်ကြောင်းရှိမြစ်ကမ်းပါးတိုက်စားမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ရေလှောင်ထားသည့် ဆည်မှ ရေထုတ်လွှတ်လိုက်သည့်အခါ ဆည်သည် ဆာလောင်နေသည့်နှယ် ဖြစ်လာပါသည်။ တာတမံအနောက်တွင် အနယ်ထိုင်နေသော အနယ်အနှစ်များကိုပြန်လည် ဖြည့်ဆီးနိုင်ရန်အတွက် မြစ်ကမ်းပါးများကို တိုက်စားမှုများဖြစ်စေပြီး ဤအတွက်ကြောင့် ကမ်းပါးတိုက်စားမှုများ ပို၍ဖြစ်စေပါသည်။

ထိုင်းနိုင်ငံရှိ မဲခေါင်မြစ်ဝှမ်းတလျှောက်တွင် နေထိုင်ကြသူ ကျေးရွာသားများသည် မကြာသေးမီက မြစ်ကမ်းပါးရှိ သူတို့၏ စိုက်ခင်းများ ဆုံးရှုံးသည်ကိုကြုံခဲ့ရပါသည်။ အကြောင်းမှာ မြစ်အထက်ပိုင်းရှိ တရုတ်နိုင်ငံတွင် ဆည်များတည် ဆောက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ပင်ဖြစ်ပါသည်။[၄၀] မြစ်ကမ်းပါးများ ရုတ်တရက် တိုက်စားပြိုကျခြင်းသည် အန္တရာယ်တခု ဖြစ်သကဲ့သို့၊ ကျေးရွာနေလူထုများမှာ ၎င်းတို့၏ အိမ်များကို ကုန်းတွင်းပိုင်းသို့ ပို၍ ပြောင်းရွှေ့ကြရသည့် အခြေအနေဖြစ်ပေါ်စေပါသည်။ မြစ်ဆုံအနီးတွင် အများသော လူထုများမှာ မိုးရာသီတွင် စပါးစိုက်ပျိုးကြပြီး၊ နွေရာသီတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးကြပါသည်။ အမျိုးသမီးများသည် မြေဆီကြွယ်ဝလှသော မြစ်ကမ်းဒေသကို အသုံးချ၍ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြပြီး၊ ဝင်ငွေအပိုရစေရန်နှင့် မိသားစုစားရန်အတွက် မှီခိုနေကြရပါသည်။ အကယ်၍ ဤမြစ်ကမ်းပါးများသာ တိုက်စားပြိုကျခဲ့ပါက ဤမြေဆီကြွယ်ဝလှသော မြေများတွင်သူတို့မှီခိုနေထိုင်ကြရသည့် အခွင့်အရေးလည်း ဆုံးရှုံးသွားရဖွယ်ရှိပါသည်။

ကချင်ပြည်နယ်ရှိ ဝါရှောင်ဆည်မှာ ၂၀၀၆ ခုနှစ်၊ မေလတွင် ဆည်ကျိုးပေါက်ခဲ့သည်။ ဆည်ရေကြီးမှုကြောင့် ဆည်တခုလုံး ပြိုကျပျက်စီးခဲ့ရသည်။



အိန္ဒိယနှင့် ယူရေးရှားတိုက်များမှ မြေလွှာပြတ်ကြောများသည် စစ်ကိုင်းလျှောင်ပြတ်ရွှေ့ကြောတွင် ဆုံတွေ့ကြသည်။ ဤနေရာမှာ မြစ်ဆုံဆည်တည်ဆောက်မည့် နေရာနှင့် ကီလိုမီတာ ၁၀၀ မျှပင် မဝေးချေ။

လုံခြုံရေးအတွက် ပူပန်ရမှုများ

ကချင်ပြည်နယ်ရှိ လူထုများသည် ဆည်ကျိုး၍ ဒုက္ခရောက်ကြရပုံကို ကိုယ်တွေ့ အတွေ့အကြုံရှိထားခဲ့ကြပြီး ဖြစ်ပါသည်။ မြစ်ကြီးနားမြို့၏ မြောက်ဘက် ၁၀ မိုင် အကွာတွင်ရှိသော ကြိမ်ခရမ်ရေကာတာမှာ (၂၀၀၆) ခုနှစ်၊ ဇူလိုင်လတွင် ရက်များစွာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဆည်ကျိုးပေါက်ခဲ့ပါသည်။ ရေကာတာကျိုးပေါက်မှုကြောင့် ကြိမ်ခရမ်ကျေးရွာကို ရေလွှမ်းခဲ့ပြီး၊ လူ ၅–ဦး သေဆုံးခဲ့ရပါသည်။ ဝါရှောင်ဆည်သည်လည်း ၂၀၀၆ ခုနှစ်၊ မေလတွင် ကျိုးပေါက်ပျက်စီးခဲ့ပါသည်။ သို့သော်လည်း ဤဆည် ကျိုးပေါက်သည့် သတင်းများကို သတင်းမီဒီယာများတွင် ဖော်ပြခြင်းမရှိဘဲ၊ စစ်အစိုးရက သတင်းမထုတ်ပြန်ရန် တင်းကျပ်စွာတားမြစ်ထားခဲ့ပါသည်။ ကမ္ဘာ၏ အဆိုးရွားဆုံး ဆည်ကျိုးပေါက်မှုမှာ တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ဟီနန်ခရိုင်တွင် ၁၉၇၅ ခုနှစ်က ဖြစ်ပွားခဲ့ပါသည်။ ဤ ကပ်ဘေးဒုက္ခ ဖြစ်ပွားမှုနှစ်ပေါင်း (၂၀)ကျော်ကျော်လွန်လာသောအခါမှ သတင်းအသေးစိတ်များ ထွက်ပေါ်လာခဲ့ရာ၊ လူပေါင်း (၂၃၀,၀၀၀) မျှ ဤဖြစ်ရပ်ကြောင့် အသက်ဆုံးရှုံးခဲ့ရပါသည်။ [၄၁]

မြေငလျင်များ အန္တရာယ်

ထို့အပြင် လျှောင်ကြီးများ၏ ပြင်းအား၊ တည်နေရာနှင့် ထူးခြားချက်များကို လိုက်၍ လျှောင်များကြောင့် ဆည်များ၌ အက်ကြောင်းများကို ဖြစ်ပေါ်စေနိုင်ပြီး၊ တစ်ခါတရံဆည်ပြိုကျ ကျိုးပေါက်သည် အထိဖြစ်စေနိုင်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ လျှောင်ကြောင့်ဖြစ်သော အန္တရာယ်များ လေ့လာအကဲဖြတ်ရေး အစီအစဉ် (Global Seismic Hazard Assessment Program)၏ အချက်အလက်များအရ မြန်မာနိုင်ငံသည် လျှောင်အန္တရာယ် မြင့်သောအခြေအနေမှ အလွန်တရာမြင့်မားစွာ တည်ရှိနေသော ဒေသအတွင်းတွင် ကျရောက်နေပြီး၊ မြောက်ပိုင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းတွင် တသမတ်တည်း မြင့်မားစွာ ရှိနေခဲ့ပါသည်။[၄၃] ဧရာဝတီ မြစ်ဆုံဆည်သည် မြန်မာနိုင်ငံကို ဖြတ်သွားသော ယူရေးရှားမြေပြတ်လွှာနှင့် အိန္ဒိယ

အရေးပေါ် အခြေအနေများ

ဟီနန် ကပ်ဘေးဒုက္ခအပြင်၊ ၁၉၉၃ ခုနှစ်တွင် ဖြစ်ပွားသော ကျင်ဟိုင်ခရိုင် (Qinghai province) ရှိ ဂေါင်ဟူးဆည် (Gouhou dam) ကျိုးပေါက်မှုတွင်လည်း လူပေါင်း (၁,၂၀၀) ခန့် အသက်ဆုံးရှုံးခဲ့ရပါသေးသည်။ ထိုအချိန်မှစ၍ တရုတ်နိုင်ငံ၏ ရေအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာနသည် ဆည်များလုံခြုံမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းဥပဒေများ ချမှတ်လာခဲ့ပါသည်။ အထူးသဖြင့် ၁၉၉၈ ခုနှစ်တွင် ပြဋ္ဌာန်းသော ရေကြီးမှုထိန်းချုပ်ခြင်းဆိုင်ရာ ဥပဒေအရ ကန့်သတ်ထားသော အတိုင်းအတာတခု၏ အထက်ရှိသည့် ဆည်တခုချင်းစီအတွက် အရေးပေါ် ပြင်ဆင်မှုများ စီမံထားရှိရန်လိုအပ်ပါသည်။ ဤအစီအစဉ်တွင် အရေးပေါ်အခြေအနေဖြစ်ပါက ဆက်သွယ်ရမည့်သူများစာရင်းနှင့် အရေးပေါ် စီမံဆောင်ရွက်ရမည့် လုပ်ငန်းများပါဝင်ပါသည်။[၄၂] မြစ်ဆုံ ဆည်စီမံချက်အတွက် အလားတူ အရေးပေါ် စီမံထားချက် မျိုးကို လူသိရှင်ကြား ထုတ်ပြန်ကြေငြာထားခြင်း မရှိသေးပါ။ သို့သော်လည်း မြန်မာနိုင်ငံအတွင်း လုပ်ငန်းများဆောင်ရွက်နေကြသော တရုတ်နိုင်ငံပိုင် ကုမ္ပဏီများအနေဖြင့်လည်း၊ တရုတ်နိုင်ငံ ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန် ပြဋ္ဌာန်းထားခြင်း မရှိပါ။

မြေပြိုတ်လွှာတွေ့ဆုံရာ ငလျင်အက် ကြောင်းမှ ကီလိုမီတာ ၁၀၀ အောက် လျော့နည်းသော ဒေသအတွင်း ကျရောက်နေပါသည်။ စစ်ကြောင်း မြေလွှာပြိုတ်ကြောင်းတွင် တိုင်းတာမှုအရ ပြင်းအားအဆင့် (M 7.0- 8.0) အဆင့်ရှိသော ငလျင်များကိုလည်း တွေ့ကြုံခဲ့ရဖူးပါသည်။ ထို့အပြင် ဆည်ကြီးများတည်ဆောက်မှုကြောင့်လည်း ငလျင်များဖြစ်ပွားစေရန် ပိုမိုတွန်းအားပေး သကဲ့သို့ ဖြစ်စေနိုင်ပါသေးသည်။ ဆည်များကြောင့် ငလျင်ဖြစ်ပေါ်ရမှုများ (Reservoir-induced Seismicity or RIS) ကိုလည်း တွေ့ရှိခဲ့ကြရပြီး၊ အပိုတိုးလာသော ရေဖိအားများကြောင့် ဆည်အောက်ခြေရှိ မြေအက်ကြောင်း ငယ်များတွင် ဖိအားပိုတိုးလာစေ ခြင်းဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။[၄၄]

ဆည်တည်ဆောက်မည့် ဒေသတွင် နေထိုင်ကြသည့် လူထုများအတွက် လုံခြုံရေးစီမံဆောင်ရွက် ပေးနိုင်မှု အစီအစဉ်များမှာ ပွင့် လင်းမြင်သာမှု မရှိသည့် အားလျော့စွာ၊ စိုးရိမ်ပူပန်ဖွယ် အခြေ အနေများ ဖြစ်လာစေပါသည်။ ဒေသခံပြည်သူတဦးက ပြောသည်မှာ– *“အကယ်၍ တရုတ်တွေ သာ ဆည်လာဆောက်မယ်ဆိုရင်တော့ ကျနော်တော့ လုံခြုံအန္တရာယ်ကင်းလိမ့်မယ်လို့မထင် ဘူး။ ကျနော်တော့ မြစ်ကြီးနားမြို့မှာ အိမ်ဝယ်ဖို့ ပြင်ထားပြီးပြီ။ ဒါပေမယ့် အခုတော့ မပြောင်း သေးဘူး။ ဘာဖြစ်မှန်း သိတာမဟုတ်ဘူး။”* (တွေ့ဆုံမေးမြန်းခန်း အမှတ်–၂၉)

ရေကြီးပြိုကျသွားပြီးနောက် ကြိမ်ခရမ်ဆည်မှ ကျွင်းကျန်ရစ်သော အပျက်အစီးများ

ဖြစ်ရပ် လေ့လာချက်။ ။ ကြိမ်ခရမ်ဆည်

ကြိမ်ခရမ်/ ကြိမ်ခရမ်ခ ဆည်သည် ယနေ့ကာလအထိ ကချင်ပြည်နယ်အတွင်း စစ်အစိုးရက တည်ဆောက်ခဲ့သော အကြီးဆုံး ဆည်တခု ဖြစ်ပြီး၊ မြစ်ကြီးနားမြို့၏ မြောက်ဘက် ၁၀–မိုင်အကွာတွင် တည်ရှိပါသည်။ နိုင်းယှဉ်အချက်အရ ကြီးမားသောဆည် အမျိုးအစားတွင် မပါဝင်ဘဲ၊ မက်ဂါဝပ် (၂. ၅) မျှသာ ထုတ်ပေးနိုင်ပါသည်။ ၁၉၉၃ ခုနှစ်တွင် ဆည်တည်ဆောက်ပြီးစီးခဲ့ပြီး၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လတွင် ဆည်ကျိုးပေါက်ခဲ့မှုကြောင့် လူသိများသော ဆည်တခု ဖြစ်ပါသည်။ ဆည်ကျိုးပေါက်ရာမှ ရေလွှမ်း သောကြောင့် လူ ၅–ဦး အသက်ဆုံးရှုံးခဲ့ရပါသည်။ (တွေ့ဆုံမေးမြန်းခန်း အမှတ်–၁)

အဓမ္မလုပ်အားခိုင်းစေခြင်း၊ အလှူငွေ ကောက်ခံခြင်းနှင့် အသက်ဆုံးရှုံးရမှုများ

ဆည်တည်ဆောက်မည့်နေရာ ရှင်းလင်းခြင်းကို (၁၉၈၂) ခုနှစ်ကပင် စတင်ခဲ့ပြီး၊ အခကြေးငွေ မပေးဘဲ လုပ်အားခိုင်းစေမှုများတွင် လူပေါင်း ထောင်နှင့်ချီ၍ လုပ်ကိုင်ပေးခဲ့ကြရပါသည်။ လူများကို ကျေးရွာအုပ်စုများအလိုက် စုဆောင်းပြီး၊ အလှည့်ကျ အဓမ္မလုပ်အားပေးစေပါသည်။ ရွာသားများသည် သစ်ပင်များခုတ်ရခြင်း၊ လမ်းများဖောက်လုပ်ပေးရခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ခြင်းများ လုပ်ပေးကြရပါသည်။ တွေ့ဆုံမေးမြန်းမှုများအရ တလလျှင် လုပ်အားပေးရမည့်သူ (၅၀၀) မျှ ဤနေရာသို့လာရောက်၍ အဓမ္မလုပ်အားပေးခဲ့ရကြောင်းသိရှိရပါသည်။

“အဲဒီမှာသွားပြီး အလုပ်လုပ်ပေးကြရတဲ့သူတွေက၊ သူတို့မိသားစု လယ်တွေခြံတွေကို မလုပ်နိုင်ကြဘူး။ အဲသည်တော့ မိသားစုတခုလုံးထိခိုက်ရတယ်။ ကျပ်တည်းကြရတယ်။ လုပ်အားပေးသွားကြရတဲ့ သူတိုင်းကလည်း ကိုယ့်ရိက္ခာ ကိုယ်ပိုင်ယူသွားကြရတယ်။ အလကားလုပ်အားပေးကြရတဲ့အပြင် ကိုယ့်ပစ္စည်းကရိယာတွေလည်း ကိုယ်ယူသွားကြရတယ်။ အကယ်၍ မိသားစုတွေက လုပ်အားပေးမယ့်သူ မလွှတ်နိုင်ဖူးဆိုရင် အဲသည် အစား ကျပ် (၃,၀၀၀) ပေးကြရတယ်။ အဲသည် အချိန်က (၃,၀၀၀) ကျပ်ဆိုတာ သိပ်တန်ဖိုးရှိတယ်။ ဆန်ဈေးနဲ့ ဆီဆေးက အခုလောက် ဈေးမကြီးကြသေးဘူး။ ယောကျ်ားသားမရှိတဲ့ မုဆိုးမအိမ်တွေ၊ အိမ်ထောင်စုတွေက ကိုယ်တိုင်အလုပ်သွားလုပ်ရင်လုပ်၊ မဟုတ်ရင်လည်း ပိုက်ဆံအစားပေးကြရတယ်။

စစ်တပ်က ရွာအုပ်စုတခုမှာ ကော်မီတီတခုဖွဲ့ခိုင်းပြီးတော့ ဆည်တည်ဆောက်ရေးအတွက်ဆိုပြီး၊ မိသားစုတခုဆီကနေ ပိုက်ဆံ (၃၀၀) ကျပ် ကောက်ခိုင်းတယ်။ အဲသည်အချိန်က ကျနော်လည်း ဒီကော်မီတီထဲမှာ အဖွဲ့ဝင်အဖြစ်ပါသေးတယ်။ ကျနော်က စစ်တပ်စခန်းထဲမှာ ဒေသခံပြည်သူတွေကို ဘယ်လိုစည်းရုံးရမယ်ဆိုတဲ့ သင်တန်းတွေ၊ မိသားစုတွေဆီက ပိုက်ဆံကောက်ခံဖို့ အတွက် သင်တန်းတွေတက်ရသေးတယ်။ တချို့လူတွေက ကျနော့ကို သိပ်ဒေါသထွက်ကြတယ်။ ဒေသခံလူထုတွေက ဆည်တည်ဆောက်ပြီးတဲ့အခါ လျှပ်စစ်မီးရမယ်လို့ ထင်ထားကြတယ်။ တကယ်တော့ ဖြစ်မလာဘူး။ တခါ ဆည်ကျိုးသွားရပြန်တယ်။ ဆည်တည်ဆောက်ရေးနဲ့ ပတ်သက်လို့ ဒေသခံလူထုတွေက အတော်စိတ်ပျက်ကြတယ်ဆိုတာ ကျနော်ယုံကြည်တယ်။” (တွေ့ဆုံမေးမြန်းခန်း အမှတ်–၂၅)

ဒေသခံ ခရစ်ယာန်သင်းအုပ်ဆရာတဦး၏ အဆိုအရ ဆည်တည်ဆောက်ရေးအတွက် မြေရှင်းလင်းရာတွင် သစ်ပင်ကြီးများ ခုတ်လှဲကြရာ၌ ရွာသား ၂–ဦး သေဆုံးခဲ့ရပြီး၊ ဆည်တည်ဆောက်မည့်နေရာသည် တောထူသောကြောင့် ရွာသား ၇–ဦး ငှက်ဖျားရောဂါဖြင့် အသက်ဆုံးရှုံးရသည်ဟု သိရှိရပါသည်။ ဆည်တည်ဆောက်ရေးကာလတွင် အရေအတွက် မသိနိုင်သော ကျေးရွာလူထုများမှာ ဖျားနာခြင်း၊ ဒဏ်ရာရခြင်းများ ကြုံတွေ့ခဲ့ကြရပါသည်။ အလုပ်သမားများ၏ ကျန်းမာရေးအတွက် စောင့်ရှောက်ပေးမှု မရှိသည့်အပြင် စစ်အစိုးရထံမှလည်း ဖျားနာဒဏ်ရာရပါက ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့ကြပါ။

ကတိပျက်ခြင်း။

“ကြိမ်ခရမ်ဆည်ဆောက်တုန်းက ကျနော်တို့ ပြင်းပြင်းထန်ထန်လုပ်အားပေးခဲ့ကြရတယ်။ ပြီးလာတော့ လျှပ်စစ်မီးလည်းမရဘူး။ ပထမပိုင်းမှာ အစိုးရက ဒေသခံပြည်သူတွေကို စည်းရုံးတုန်းက ဆည်တည်ဆောက်ပြီးတဲ့အခါ ရလာတဲ့လျှပ်စစ်ကို ကျောင်းတွေအတွက်သုံးမယ်။ ပြီးမှ စစ်တပ်အတွက်၊ ပြီးတော့ ချပ်ကျောင်း ဘုရားရှိခိုးကျောင်းတွေအတွက် သုံးမယ်၊ စတုတ္ထအနေနဲ့မှ အစိုးရရုံးတွေအတွက်နဲ့ ရပ်ရွာလူထုတွေအ

တွက် သုံးမယ်၊ ပြောခဲ့ကြတယ်။ ပြီးတော့ လမ်းမီးတွေလည်း လင်းလာမယ်ပြောတယ်။ နောက်ဆုံးတော့ သူတို့ပြောတဲ့အတိုင်း တခုမှ ဖြစ်မလာကြဘူး။” (တွေ့ဆုံမေးမြန်းခန်း အမှတ်–၂၆)

ဆည်တည်ဆောက်မှု ပြီးစီးသောအခါ လျှပ်စစ်မီးကို အလှည့်ကျစနစ်ဖြင့် ထောက်ပံ့ပေးပါသည်။ ကျေးရွာများမှာ လေးရက်မှ တကြိမ်မီးရပါသည်။ သို့သော်လည်း (နအဖ) စစ်အစိုးရ၏ စစ်တပ်များနှင့် ရုံးများမှာ အချိန်ပြည့်မီးရပြီး၊ အခမဲ့လျှပ်စစ်မီးသုံး စွဲရခြင်းဖြစ်ပါသည်။ ကျေးရွာသားတဦးက ပြောပြသည်မှာ ရွာများသည် မိုးကာလတွင် လျှပ်စစ်မီးရသော်လည်း၊ နွေအခါတွင် လျှပ်စစ်မီး မရရှိဟုဆိုပါသည်။ အခြားရွာသားတဦးက ပြောရာတွင် ***“နွေရာသီရောက်လာတိုင်း ကျောင်းသားတွေက ဆည်မှာ အခကြေးငွေမရဘဲ လုပ်အားပေးကြရတယ်။ နောက်ဆုံး လျှပ်စစ်မီးရလာတဲ့အခါလည်းကျရော၊ သူတို့ ဘာအကျိုးအမြတ်မှ မခံစားကြရဘူး။ ကျောင်းစာဖတ်ဖို့၊ အိမ်စာလုပ်ဖို့ ဖယောင်းတိုင်မီးကိုပဲ ဆက်အားကိုးနေကြရတယ်။”*** (တွေ့ဆုံမေးမြန်းခန်း အမှတ်–၂၇)

ဆည်ကျိုးပေါက်ခြင်း။

(၂၀၀၆) ခုနှစ်၊ ဇူလိုင်လ နံနက် (၂း၀၀)နာရီအချိန်တွင် ရက်သတ္တပတ် ၅ ပတ်ကြာ မိုးသည်းထန်စွာ ရွာသွန်းလာပြီးနောက် ဆည်ကျိုးပေါက်ပါတော့သည်။
အရှိန်အဟုန်ပြင်းစွာဖြင့် ထိုးဆင်းလာသော ရေလုံးက အနီးရှိ ရေအားလျှပ်စစ် စက်ရုံတခုလုံးကို တိုက်စားထိုးချသွားခဲ့သည်။ ဤအတွက်ကြောင့် လူ ၅–ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ကြိမ်ခရမ်ခ ကျေးရွာနှင့် မြစ်ကြီးနားမြို့ကို ဆက်သွယ်သောအဓိက တံတားမှာလည်း ရေစီးဖြင့် မျောပါသွားခဲ့သည်။ သို့သော်လည်း ထူးဆန်းစွာပင် ကျေးရွာနေလူထုများအနက်မှ မည်သူတဦးတယောက်မျှ အသက်ဆုံးရှုံးခြင်း မရှိခဲ့ပါ။ ရေအားကြောင့် တောင်နှစ်လုံးကြားတွင်ရှိသော နေရာတခုလုံးကို ရေတိုက်စားထိုးချ သွားသောကြောင့် ရေအားလျှပ်စစ်စက်ရုံကို ဖြစ်စေ၊ ဆည်ကိုဖြစ်စေ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ခြင်း မရှိတော့ပါ။ [၃၅]

ဒေသခံပြည်သူတဦး၏ ပြောပြချက်အရ ရေတိုက်စားမှုတွင် အိမ် ၅ လုံးမျောပါသွားခဲ့ပါသည်။ အခြားအိမ်များမှာလည်း အထူးဆိုးရွားစွာ ပျက်စီးခဲ့ရပြီး ပြန်လည်တည်ဆောက်ကြရပါသည်။ အိမ်ပိုင်ရှင်များက သူတို့အိမ်များကို ပြန်လည်ပြုပြင်ရန် မတတ်နိုင်သောကြောင့် ကျန်ရွာသားများက ဝိုင်းဝန်းကူညီကြရပါသည်။ “ရှိမန်ကက်သလစ် ဘုရားကျောင်း၊ ကချင် ဘက်ပတစ် ဘုရားကျောင်း၊ ရပ်ရွာ အဖွဲ့တွေနဲ့ တသီးပုဂ္ဂလ စီးပွားရေးလုပ်ငန်းရှင်တွေက ကျနော်တို့ကို လာကူကြတယ်။ အရင်က တခါမှ ဒီလိုမျိုး ရေကြီးတာ မကြုံခဲ့ရဖူးဘူး။ ဒီတခါ ကြုံရတာ ကျနော်တို့အတွက် သိပ်ခက်ခဲပါတယ်။”ဟု ရွာသားတဦးက ပြောပြပါသည်။ (တွေ့ဆုံမေးမြန်းခန်း အမှတ်– ၂၂)

နောက်ထပ် ပျက်စီးဆုံးရှုံးရသော ဖွံ့ဖြိုးရေးစီမံချက်တခု

ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မည်မျှအောင်မြင်ကြောင်း (နအဖ) စစ်အစိုးရက အမြဲ တမ်းဝါဒဖြန့် ကြွားဝါလေ့ရှိပါသည်။ သို့သော်လည်း လက်တွေ့တွင် ဒေသခံပြည်သူလူထုများ အတွက် အကျိုးဖြစ်ထွန်းစေမှု မရှိကြပါ။ ကြိမ်ခရမ်ဆည်သည် ၎င်းဖွံ့ဖြိုးရေး စီမံချက်များ မ အောင်မြင်ရပုံ၏ ဥပမာကောင်းတခု ဖြစ်ပါသည်။ ပြည်သူလူထုများမှာ သူတို့၏လုပ်အားနှင့် အချိန်ကို အလဟဿဆုံးရှုံးခဲ့ကြရပြီး၊ သူတို့၏ ဘဝကိုလည်း နောက်ဆုံးတွင် ထိခိုက်နစ်နာစေခဲ့ ပါသည်။ ထို့အပြင် ဤစီမံချက်များမှ ထွက်ပေါ်လာသော လျှပ်စစ်မီးကိုလည်း ခံစားနိုင်ခွင့် မရှိခဲ့ကြပါ။

ရေလွှမ်းမိုးမှုဒဏ်ကြို၍ နစ်နာရဖွယ်ရှိခြင်း။

ကမ္ဘာပေါ်ရှိ ဆည်ကြီးများ၏ အကျိုးအပြစ် သက်ရောက်နိုင်မှု အတိုင်းအတာကို ကျယ်ကျယ် ပြန့်ပြန့်လေ့လာခဲ့ကြပြီးနောက် ကမ္ဘာ့ဆည်များဆိုင်ရာကော်မရှင်က ဆည်များကြောင့် ပြည်သူ လူထုများတွင် ရေလွှမ်းမိုးမှုဒဏ် ပို၍ကြုံရဖွယ်ရှိသည်ကို တွေ့ရှိခဲ့ကြပါသည်။ ရေတာတမံများ သည် ရေလွှမ်းမိုးမှုဒဏ် အငယ်စားအချို့ကို ကာကွယ်ပေးနိုင်သော်လည်း၊ ရေလွှမ်းမိုးမှု ကြီးမား စွာဖြစ်ပေါ်လာပါက ဆည်များကြောင့် ပျက်စီးဆုံးရှုံးရမှု ပို၍ကြီးမားစေနိုင်ပါသည်။ ရေလွှမ်းမိုးမှု ကြီးမားစွာ ဖြစ်ပေါ်လာပါက ဆည်များက ထိုရေလုံးများကို ထိန်းသိမ်းထားနိုင်စွမ်း မရှိကြတော့ ပါ။ ရေလျှံပြီးနောက် ပို၍ဆိုးရွားပြင်းထန်သော ရေလွှမ်းမိုးမှုများဖြစ်ပေါ်စေပါသည်။ မြစ်ဆုံဆည် တည်ဆောက်ရာတွင်လည်း ဤကိစ္စသည် စိုးရိမ်ဖွယ်အချက်ဖြစ်ပါသည်။ အကြောင်းမှာ ဤ နေရာသည် မြစ်ကြီးနားမြို့အထက်ဖက် ကီလိုမီတာ (၄၀) ခန့် အကွာအဝေးတွင်သာ တည်ရှိနေ သောကြောင့်ဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်း ထိုဒေသတဝိုက်တွင် ရေလွှမ်းမိုးမှု အန္တရာယ်က တနှစ်တခြား ပို၍ဆိုးရွားပြင်းထန်လာနေခဲ့ပါသည်။ အကြောင်းမှာ ဤဒေသတ ဝိုက်တွင် ရွှေတူးဖော်နေကြသောကြောင့် မြစ်ကမ်းပါးများကို ပျက်စီးစေပြီး၊ ရေကြောင်း ပြောင်းလဲ စေသည့်အပြင်၊ ရေကြီးမှုကို သဘာဝအရ တားဆီးနိုင်သော သစ်တောများလည်း ပြုန်းတီးလာ နေသောကြောင့် ဖြစ်ပါသည်။ (၂၀၀၄) ခုနှစ်၊ ဇူလိုင်လတွင် မြစ်ကြီးနားမြို့ရေလွှမ်းခဲ့ပြီး၊ လူပေါင်း (၁၉,၀၀၀) ကျော် ရေလွှမ်းမှုဒဏ်ခံခဲ့ကြရပါသည်။ ဒေသရှိ ရပ်ရွာအဖွဲ့အစည်းများနှင့် ဘုရားရှိခိုး ကျောင်းများ၊ ဘာသာရေးအသင်းများက ဖျားနာသူများနှင့် အိုးအိမ်မဲ့ ဖြစ်ရသူများကို ကူညီ ကယ်ဆယ်ပေးရေးအတွက် ရုန်းကန်ကြိုးပမ်းခဲ့ကြရပါသည်။[၄၆]

ရုတ်တရက် ရေတက်လာသည်နှင့် ကြုံရနိုင်ခြင်း။

ရေကာတာမှ ရေလျှံကျသည်ဖြစ်စေ၊ ဆည်ကျိုးပေါက်သည်ဖြစ်စေ ရုတ်တရက်ရေလွှမ်းမှု ဖြစ်စေနိုင်ပါသည်။ ထိုသို့ မဟုတ်ပါဘဲ လည်း ရေအားလျှပ်စစ်ထုတ်သော စက်ရုံများတွင် ချိန်ခါမဟုတ်ဘဲ ရုတ်တရက် တာတမံမှ ရေစွန့်ထုတ်သည့် အဖြစ်မျိုးရှိနိုင်ပါ သည်။ မြစ်အထက်ပိုင်းရှိ ဆည်ကို စီမံအုပ်ချုပ်နေသူက လျှပ်စစ်ဓါတ်အားပေးစက် လိုအပ်မှုရေပမာဏ

အခြေအနေကိုလိုက်၍ ရေစွန့်ထုတ်ရန် ဆုံးဖြတ်ချက်ချပါသည်။ (ဤသို့ ရေစွန့်ထုတ်ရန်ဆုံးဖြတ်ချက်ချသူများမှာ မြစ်အထက်ပိုင်း တရုတ်နိုင်ငံရှိ အာဏာပိုင်များလည်း ဖြစ်နိုင်ပါသည်။) ရေစွန့်ထုတ်လိုက်သည့်အခါ ရေအမြင့် ချက်ချင်းတက်လာပြီး၊ မြစ်အကြေပိုင်းရှိ လူထု များမှာ ကြိုတင်သတိပေးမှု မရှိဘဲ ရေအန္တရာယ်နှင့် ကြုံရနိုင်ပါသည်။ လူအများအဖို့ ၎င်းတို့၏လှေများ၊ ငါးဖမ်းကရိယာ များ ဆုံးရှုံးကြရပြီး၊ ရုတ်တရက် ရေမြင့်တက်လာမှုကြောင့် အချို့မှာ ရေနစ်သေဆုံးကြရပါသည်။[၄၇]

မှတ်သားဖွယ်ရာ ဆည်များကြောင့်ဖြစ်သော ရေလွှမ်းမိုးမှုများ

အီတလီ၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ။ ။ ကမ္ဘာ့အမြင့်ဆုံးဆည်ကြီးတခုဖြစ်သည့် ဗိုင်အွန့်ရေလှောင်တမံ (Vaiont Dam) သည် တည်ဆောက်ပြီးစီး၍ ရေစတင်ဖြည့်သည် နှင့် တပြိုင်နက် လျှောင်များလှုပ်လာစေပါသည်။ မြေတုန်လှုပ်မှုကြောင့် ရေလှောင်တမံ အတွင်းသို့ မြေသားပြိုကျမှုများ ဖြစ်ပေါ်လာစေပြီး၊ မြေပြိုမှုကြောင့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာပြီး ဆည်တမံ အပေါ် မီတာ ၂၀၀ ကျော်မြင့်သော လှိုင်းလုံးများ လွှမ်းမိုးခဲ့ သည်။ နှစ်မိနစ်အကြာတွင် လောင်ဂါရုံးမြို့ (Longarone) လည်း တမြို့လုံး ရေလွှမ်းမိုးခံ ရပြီး လူပေါင်း ၂,၀၀၀ ကျော်မျှ အသက်ဆုံးရှုံးခဲ့ရသည်။

ပါကစ္စတန်၊ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ။ ။ မန်ဂလာဆည် (Mangla Dam) ၏ ရေထိန်းမောင်းနှင်သူများက ကြိုတင်သတိပေးခြင်း မရှိဘဲ ရေလွှဲတံခါးပေါက်များကို ဖွင့်ချခဲ့သည်။ မျက်မြင်သက်သေများ၏ အပြောအရ ရေအမြင့်နံရံ ၇ မီတာမျှ မြင့်သော ရေနံရံကြီးက ရွာနှင့်ဆည်အနီးရှိ စစ်တပ်စခန်းဆီသို့ပြိုဆင်းလာခဲ့ပြီး၊ လူ ၅၀၀ကျော် အသက်ဆုံးရှုံးစေခဲ့သည်။

ကနေဒါ၊ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ။ ။ ကွိဘက်ဒေသ၊ ဆန်ဂူနေးမြစ်ဝှမ်းလွင်ပြင်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၇ ဦး အသက်ဆုံးရှုံးခဲ့ရပြီး၊ လူပေါင်း (၁၆,၀၀၀) ခန့်ကို ကယ် ဆယ်နေရာချထားရသော အခြေအနေ ဖြစ်ပေါ်စေခဲ့သည်။ ကနေဒါ ဒေါ်လာ (၁ ဒသမ ၅) ဘီလီယံမျှ ပျက်စီးဆုံးရှုံးခဲ့ရသော ရေလွှမ်းမိုးမှုသည် ကနေဒါနိုင်ငံ သမိုင်းတွင်အကြီး ကျယ်ဆုံးသော ဖြစ်ရပ်ဖြစ်သည်။ အစိုးရက ဖွဲ့စည်းပေးသည့် ကော်မရှင်၏ လေ့လာတွေ့ ရှိချက်အရ မလျော်ကန်သော စီစဉ်ဆောင်ရွက်ချက်များနှင့် ဆည်တာတမံများ ကျိုး ပေါက်ခဲ့မှုကြောင့် ရေလွှမ်းမိုးမှုကို ပိုမိုဆိုးရွားစေခဲ့သည်ဟု ဖော်ပြခဲ့သည်။

နိုက်ဂျီးရီးယား၊ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာ/အောက်တိုဘာလ။ ။ ကိန်ဂျီ၊ ဂျက်ဘာ၊ ရှီရိုရိုဆည်များ၏ ရေထိန်းစီမံခန့်ခွဲသူများက ရေတံခါးများကို ဖွင့်လိုက်ကြ သောကြောင့် နိုင်ဂါနှင့် ကာဒုနာမြစ်ဝှမ်းဒေသများတွင် ဆိုးရွားပြင်းထန်သည့် ရေလွှမ်းမိုး

မှုများ ဖြစ်ပေါ်လာခဲ့ရသည်။ အစီရင်ခံစာများအရ လူတစ်ထောင်ခန့် အသက်ဆုံးရှုံးခဲ့ရပြီး၊ လူ (၃)သိန်းကျော် ထိခိုက်နစ်နာခဲ့ရသည်။

တရုတ်နိုင်ငံ၊ ၂၀၀၄ ခုနှစ်၊ မေလ။ ။ မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ဟွေ့ဘိုင်းပြည်နယ်၊ ကျင်ဂျန်းမြစ် (Qingjiang River) ပေါ်တွင် တည်ဆောက်နေသော ဒါလောင်းတန် (Dalongtan Dam) ယာယီဆည်ကျိုးပေါက်ပြီး၊ လူ ၁၈ ဦးအသက် ဆုံးရှုံးခဲ့ရပါသည်။

ဘရာဇီးနိုင်ငံ၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ။ ။ ပရာဘာပြည်နယ်ရှိ ၂–နှစ်သား ကာမာဆည်ကျိုးပေါက်ပြီး အာလာဂိုအာ ဂရန်ဒေး (Alagoa Grande) မြို့ မူလန်ဂူမြို့ (Mulungu) များ ရေလွှမ်းမိုး ခံခဲ့ရပါသည်။ လူ ၅–ဦး အသက်ဆုံးရှုံးရပြီး၊ မိသားစု (၈၀၀) နီးပါးမျှ အိုးအိမ်မဲ့ဖြစ်ခဲ့ရပါသည်။

ပါကစ္စတန်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ။ ။ မိုးပြင်းထန်စွာ ရွာသွန်းပြီးနောက် ဆည် (၅) ခု ကျိုးပေါက်ခဲ့ပါသည်။ အကြီးဆုံး ဖြစ်သည့် ၃၅–မီတာမြင့်သော ရှာဒီကောဆည်လည်း ကျိုးပေါက်ခဲ့ပြီး၊ လူ ၈၀ အသက်ဆုံးရှုံးခဲ့ရပါသည်။ လူအမြောက်အများ ဒဏ်ရာရရှိကာ မိသားစုပေါင်း (၄,၀၀၀) ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရပါသည်။ ရှာဒီကောဆည်ကို တည်ဆောက်ထားသည်မှာ နှစ်နှစ်မျှပင် ရှိသေးသည့် ဆည်အသစ်ဖြစ်ပါသည်။
အိန္ဒိယ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ။ ။ မက်ဒရာ ပရာဒေ့ပြည်နယ်ရှိ၊ နာမာဒါမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ဆည် ကြောင့် ရေလွှမ်းမိုးမှု ဖြစ်ပေါ်စေခဲ့ပြီး အနည်းဆုံး လူ ၆၂–ဦး အသက်ဆုံးရှုံးခဲ့ရပါသည်။ ထိုအချိန်တွင် မြစ်ကမ်းပါး၌ ဝတ်ပြုဆုတောင်းနေသူ ဟိန္ဒူဘာသာဝင်များနှင့် စည်ကားနေသော အချိန်ဖြစ်ပါသည်။ မြစ်၏ အထက်ဘက်ရှိ ကီလိုမီတာ ၁၀၀ ခန့် အကွာအဝေးရှိ အင်ဒီရာ ဆာဂါဆည်၏ ရေတံခါးများကို ကြိုတင်သတိပေးမှုမရှိဘဲ ဖွင့်ချလိုက်ပြီးနောက်ပိုင်း ဤသို့ဝမ်းနည်း ကြေကွဲဖွယ်အဖြစ်ဆိုးဖြစ်လာရခြင်းဖြစ်ပါသည်။
Before the Deluge: Coping with Floods in a Chainging Climate, International Rivers Network, 2007. **စာအုပ်မှ ထုတ်နှုတ်ဖော်ပြပါသည်။**

သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများ

ထင်ရှားသောပညာရှင်တဦးက ရေ၀တီမြစ်သည် "ကမ္ဘာ၏ထင်ရှားသော မြစ်ကြီးများတွင် တစင်း"အပါအဝင်ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ အထူးသဖြင့် ၎င်း၏စီးဆင်းမှုပမာဏ၊ အရှည်အလျားနှင့် ဤမြစ်ကြောင်းတလျှောက် ထိန်းသိမ်းထားသော ထွေပြားစုံလင်သည့် ဇီဝမျိုးကွဲများအရ တန်ဖိုးသတ်မှတ်ခြင်းဖြစ်ပါသည်။[၆၉] ရေ၀တီမြစ်သည် မဲခေါင်မြစ်ဝှမ်းဒေသရှိ မြစ်ကြီး ၅–

ခု (ဧရာဝတီ၊ မဲခေါင်၊ သံလွင်၊ ကျောက်ဖရာနှင့် မြစ်နီမြစ်များ) တွင်တစင်းအပါအဝင် ဖြစ်ပါသည်။ ကျယ်ပြန့်လှသောရေစီးဆင်းရာလမ်းကြောင်း တလျှောက်ရှိ သဘာဝဂေဟဗေဒစနစ်ကို ထိန်းသိမ်းထားရန်သည် အရေးကြီးလှပြီး၊ မြစ်ကြောင်းအတွင်းရှိ ထူးခြားတန်ဖိုးရှိသည့် ရေညှိရေမှော်များနှင့် အကောင်ငယ်များနှင့် ဤမြစ်ကြောင်းကို မှီခိုရှင်သန်နေကြရသော ပြည်သူလူထုများအတွက်လည်း အသက်သွေးကြောသဖွယ်ပင်ဖြစ်ပါသည်။[၅၀]

“ဆည်များသည် ဇီဝမျိုးကွဲများ ထွေပြားတည်ရှိမှုအပေါ် တစုံတရာအကျိုးသက်ရောက်မှုရှိစေနိုင်သော အခြေခံအဆောက်အဦတည်ဆောက်မှုလုပ်ငန်းမျိုးဖြစ်ပါသည်။ ဆည်များတည်ဆောက်မှုကြောင့် မြစ်အထက်ပိုင်းရှိ မြစ်ကြောင်းတလျှောက်ဒေသများကို ရေလွှမ်းမိုးနိုင်ပြီး၊ ရာသီအလိုက် ရေစီးဆင်းနေမှု၊ မြစ်အောက်ပိုင်းရှိ အနယ်ကျမှုဖြစ်စဉ်ကိုလည်း ပြောင်းလဲစေနိုင်ပါသည်။ ထို့အပြင် ဆည်များတည်ဆောက်မှုကြောင့် ငါးများရွှေ့ပြောင်းနေထိုင်မှု လမ်းကြောင်းများကို ဟန့်တားမှုဖြစ်စေပြီး၊ သားပေါက်ရာဒေသများသို့ ရွှေ့ပြောင်းမှုကို ထိခိုက်စေပါသည်။ …ဆည်တည်ဆောက်မှုသည် ဇီဝမျိုးကွဲများ ထွေပြားစွာတည်ရှိနေထိုင်မှုကိုလည်း တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေပါသည်။ ဥပမာအားဖြင့် လူများပြောင်းရွှေ့မှု ဖြစ်စေပြီး၊ ထိုသို့ပြောင်းရွှေ့အခြေချရခြင်းကြောင့် သဘာဝအရင်းအမြစ်များအပေါ်ထပ်၍ ဖိစီးမှုများ ဖြစ်ပေါ်စေပါသည်။”[၄၉]

ဆည်ကြီးများတည်ဆောက်လိုက်ခြင်းဖြင့် ဤအခြေအနေကို ဆန့်ကျင်၍ ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။ မြစ်ကြောင်းရှိ သဘာဝဂေဟစနစ် တည်တံ့နေမှုကို မထိန်းသိမ်းနိုင်တော့ပဲ၊ မြစ်ကြောင်း၏ ဂေဟစနစ်ကို ပြိုကွဲစေပါသည်။ ဆည်ကခြားထားလိုက်သော မြစ်၏အထက်နှင့်အောက် ဇီဝမျိုးကွဲများကို သီးသန့်ပိုင်းခြားသည့်နှယ်ရှိစေပြီး၊ မျိုးရိုးဗီဇ ထိန်းသိမ်း ရှင်သန်မှုစနစ်ကို ဖြစ်စေသော ဇီဝသတ္တဝါများ ရွှေ့ပြောင်းသွားလာမှုကို ပိုင်းခြားဖြတ် တောက်သည့်နှယ် ဖြစ်စေပါသည်။ ထို့အပြင် ယခင်ကရေလွှမ်းနုံးတင်သောလွင်ပြင်များနှင့် မြစ် ရေကိုလည်း ထိတွေ့မှုကင်းမဲ့လာစေပါသည်။ ဆည်မှစွန့်ထုတ်လိုက်သောရေများတွင် အနယ် အနှစ်ပါဝင်မှုနည်းပြီး၊ ဓါတုသဘောအရလည်းပြောင်းလဲမှုများမြစ်ရေတွင်ဖြစ်လာစေပါသည်။[၅၁]

ကချင်ပြည်နယ်သည် ဇီဝမျိုးကွဲများ ထွေပြားစွာတည်ရှိနေသော နေရာ ၂–ခုဖြစ်သည့် အိန္ဒိယ–မြန်မာဒေသနှင့် တောင် တရုတ် အလယ်ပိုင်းဒေသကြား အထူးအလေးထားရမည့်နေရာတွင် တည်ရှိနေပြီး၊ ကမ္ဘာပေါ်တွင် အလေးထားထိန်းသိမ်းရမည့် သဘာဝဂေဟစနစ်အရ အရေးပါသော ဒေသတခု ဖြစ်ပါသည်။ ဤဒေသနှစ်ခုတွင် အသီးသီး၌ ရှားပါးသော ဇီဝသတ္တ မျိုးကွဲပေါင်း အနည်းဆုံး (၁,၅၀၀) ခန့်စီရှိနေကြပြီး၊ ၎င်းဒေသတွင် နေထိုင်ခဲ့သော မူလမျိုးကွဲပေါင်း(၇၀)% မျှ ဆုံးရှုံးပျောက် ကွယ်ခဲ့ရပြီ ဖြစ်ပါသည်။[၅၂] အိန္ဒိယ–မြန်မာ ဇီဝသတ္တစနစ်အရ အရေးကြီး

ဒေသမှာ အရေးကြီးဒေသ (၈) ခုအနက်၊ တခုအဖြစ် သတ်မှတ်ထားခဲ့ပြီး ဇီဝရုက္ခ မျိုးနွယ် (၇,၀၀၀) ကျော် တည်ရှိနေသော ဒေသဖြစ်ပါသည်။

ဤသို့ ကမ္ဘာကြီး၏ ဂေဟဗေဒစနစ်အရ အရေးပါသောဒေသများအဖြစ် သတ်မှတ်ခံထားရသည့် အပြင်၊ မလိခနှင့် အင်မိုင်ခမြစ် ရေတံခွန်တို့ တွေ့ဆုံရာ မြစ်ဆုံဒေသသည် မီဇိုရမ်–မဏိပူ–ကချင်မုတ်သုန်သစ်တောဒေသအတွင်း၌လည်း ကျရောက်နေပါသည်။ ဤနေရာသည် သဘာဝအတွက် ကမ္ဘာ့သားရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ကြီး (World Wild Wide Fund for Nature--WWF) ၏ စောင့်ရှောက်ထိန်းသိမ်းရန် အသိအမှတ်ပြုထားသော ဂေဟစနစ်အရ အရေးပါသော ဒေသ (၂၀၀) အနက်မှ တခုအပါအဝင်လည်း ဖြစ်ပါသည်။ ထူးခြားထွေပြားသော ဇီဝမျိုးကွဲများတည်ရှိနေမှု ကြောင့် ယခုကဲ့သို့ သတ်မှတ်ထားခြင်းလည်း ဖြစ်ပါသည်။[၃၃] ဤဂေဟစနစ်အရ အရေးပါသော ပထဝီဒေသတွင်၊ ဒေသများ စုဆုံကြသည့် လမ်းဆုံသဖွယ်ဖြစ်ပြီး၊ အိန္ဒိယ၊ အင်ဒို–မာလာယန်၊ အင်ဒို–တရုတ်ဒေသများတွင် တွေ့ရှိရသော ရုက္ခသတ္တဇီဝ မျိုးစုံကို တွေ့နိုင်ပြီး ဇီဝမျိုးကွဲများ အထူးကြွယ်ဝသောဒေသလည်း ဖြစ်ပါသည်။ တောင်တန်းများနှင့် တောင်ကုန်းများကြောင့် ရေငွေ့များထိန်းသိမ်းထားသည့် ကျယ်ပြန့်လှသော လွင်ပြင်ကို ဖန်တီးပေးထားပါသည်။ ဤဒေသတွင်း ပေါများလှသော သားရဲ တိရစ္ဆာန်ဖြစ်သည့် ကျားများကလည်း ဤဒေသ၏ ထူးခြားမှုကို ဖြည့်ဆီးတန်ဖိုးမြင့်စေပါသည်။

မြန်မာနိုင်ငံတွင် အနည်းဆုံးငှက်မျိုးကွဲ (၁,၀၂၇)တည်ရှိနေပြီး၊ အရှေ့တောင်အာရှဒေသရှိ နိုင်ငံများတွင် အခြားနိုင်ငံများထက် ပိုမိုကြွယ်ဝစွာထိန်းသိမ်းထားနိုင်သော နိုင်ငံဖြစ်ပါသည်။[၃၄] ဒေသပေါက်ငှက်မျိုးကွဲများသည် ဧရာဝတီမြစ်ကြောင်းတလျှောက်တွင် ကျက်စားကြပြီး၊ (၂၀၀၂) ခုနှစ် စာရင်းအရ ဧရာဝတီမြစ်ဝှမ်းဒေသတွင် ငှက်များကျက်စားနေထိုင်ရာ နေရာ (၄) ခုရှိနေပါသည်။[၃၅] ဧရာဝတီမြစ် အလယ်ပိုင်းဒေသသည် တိဘက်နှင့် ဟိမဝန္တာမြောက်ပိုင်း အခြားဒေသများမှ ရွှေ့ပြောင်းနေထိုင်ကြသော ရေပျော်ငှက်များအတွက် ဆောင်းခိုရာအတွက်၊ နားခိုအခြေချရာနေရာဖြစ်ပါသည်။ ရေ၏ အရည်အသွေးပြောင်းလဲ သွားခြင်း၊ ငါးများတည်ရှိမှု အရေအတွက်ပြောင်းလဲသွားခြင်းအတွက် ငှက်များအခြေချမှုတွင်လည်း ထိခိုက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေလိမ့်မည် ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ၏အခြားသော ဒေသများတွင်ရှာဖေမတွေ့နိုင်သည့် ငှက်မျိုးများပျောက် ကွယ်ဆိတ်သုဉ်းရမည့် အခြေအနေလည်း ဖြစ်စေနိုင်ပါသည်။

ဤသို့ သားကောင်များပျောက်ကွယ်သွားရခြင်းသည် ရွှေ့ပြောင်းအခြေချမှု ပုံစံပျက်ယွင်းသွားစေခြင်း၊ ရေ၏ အရည်အသွေး ကျဆင်းသွားခြင်း၊ ရေ၏ မြစ်ကြောင်း စီးဆင်းမှု သဘာဝပြောင်းလဲသွားခြင်းတို့ကြောင့် ဖြစ်ပေါ်နိုင်ပါသည်။ ဧရာဝတီ မြစ်ဆုံဆည် တည်ဆောက်ရေးနှင့် အင်မိုင်ခမြစ်ပေါ်တွင် တည်ဆောက်မည့် အဆိုပြုထားသော အခြားသောဆည်များကြောင့် ယခု ကာလကတည်းက မျိုးတုန်းလုနီးပါးဖြစ်နေသော၊ အထူးရှားပါးနေပြီဖြစ်သည့် ဧရာဝတီလင်းပိုင်များ

(Irrawaddy dolphins) ကိုလည်း အန္တရာယ်ရှိစေနိုင်ပါသည်။ မြစ်အထက်ပိုင်းတွင် ဆည်တည်ဆောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ပြဒါးခါတ်များ ဇီဝသတ္တများတွင် စုပုံသိပ်သည်းလာခြင်းကြောင့်လည်း ပို၍ဆိုးရွားစေနိုင်ပါသည်။ ***(ပြဒါးအနည်များစုပုံနေသော ရေလှောင်တမံများ... ... အခန်းကို ကြည့်ပါ။)*** ပြဒါးဆိပ်သင့်မှု ပြဿနာမှာ ဖြစ်လာနိုင်ဖွယ်ရှိသည့် ကြီးလေးသော ပြဿနာတခု ဖြစ်ပါသည်။ ကမ္ဘာ့သဘာဝဝန်းကျင် ထိန်းသိမ်းရေးသမဂ္ဂ (World Conservation Union)၏ အဆိုအရ ရေမှော်ပင်များ ပိတ်ဆို့ထူထဲလာခြင်း၊ အခြေချနေထိုင်သော ဇီဝသတ္တများ လျော့နည်းသွားခြင်း၊ မာကျူရီ ပြဒါးခါတ်များ စုပုံလာခြင်းတို့ကြောင့်–

“မြစ်နေ လင်းပိုင်ငါးကြီးများအတွက် အထူးအန္တရာယ်ရှိလာစေပြီး၊ ဤအကြောင်းမှာ ရေအတွင်း အဆောက်အဦကြီးများ အထူးသဖြင့်ဆည်များ ဆောက်လုပ်ခြင်းကြောင့်၊ ရေကာတာများနှင့် ရေတံတိုင်းများ ဆောက်လုပ်ခြင်းကြောင့်ဖြစ်စေပါသည်။ ရေတွင်း ဆောက်လုပ်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမှုမှာ သိသိသာသာဖြစ်ပြီး၊ အတိုင်းအဆအရ အလွန်ကြီးမားလှပါသည်။ ဤတည်ဆောက်မှုများကြောင့် ဇီဝမျိုးကွဲများဦးရေကို ကွဲပြားတည်ရှိစေပြီး၊ မြစ်ရေဖြင့် ရှင်သန်ရေးအတွက် မှီခိုနေကြရသော ဇီဝ သတ္တဝါများ၊ အပင်များပျောက်ကွယ်ကာ၊ သဘာဝပတ်ဝန်းကျင် ထွေပြားတည်ရှိမှုလည်း ဆုတ်ယုတ်ကျဆင်းလာစေနိုင်ပါသည်။ သို့သော်လည်း ဤကိစ္စများအပေါ် သိရှိနားလည်မှု သိပ် မရှိကြဘဲနှင့်၊ ဆိုးကျိုးများအပေါ် အလေးထားမှု မရှိကြဘဲနှင့်၊ မြစ်နေ လင်းပိုင်ကဲ့သို့သော နို့တိုက်သတ္တဝါများအပေါ် သက်ရောက်စေမှုနှင့် ပတ်သက်၍ ထည့်သွင်းအလေးထား စဉ်းစားမှုမရှိကြဘဲနှင့်၊ ရေတွင်းတည်ဆောက်မှုများကို ဆက် လက်ဆောင်ရွက်နေကြပါသည်။”[၅၆]

တရုတ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေများအရ ဆည်တည်ဆောက်ရေးလုပ်ငန်းများ အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်စေမှု အကဲဖြတ်ချက် **(Environmental Impact Assessment)** နှင့် လူမှုရေးအရ ထိခိုက်စေမှု အကဲဖြတ်ချက် **(Social Impact Assessment)** လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဥပဒေအရကို စီမံချက်၏ ပြန်လည် စစ်ဆေးသုံးသပ်မှုနှင့် သင့်လျော်–မသင့်လျော် ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ဆောင်ရွက်ကြရပါသည်။ စီမံချက်ပြင်ဆင် ရေးဆွဲနေစဉ်ကာလမှာပင် ဤကဲ့သို့ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုဆိုင်ရာ အကဲဖြတ်ချက်များကို ဆောင်ရွက်ကြရပြီး၊ ဤရလဒ်များကို စီမံချက် ပြင်ဆင်ရေးဆွဲရာ၌ ထည့်သွင်း စဉ်းစားအသုံးချကြရပါသည်။ [၅၇]

မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများအရ ဤသို့ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုဆိုင်ရာ အကဲဖြတ်ချက်များကို ဆောင်ရွက်ရန် ထည့်သွင်း ပြဋ္ဌာန်းထားသည်ကို မတွေ့ရှိရပါ။ (၂၀၀၆) ခုနှစ်၊ အောက်တိုဘာလတွင် (နအဖ) စစ်အစိုးရက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းမှုဥပဒေကို ပြဋ္ဌာန်းခဲ့သော်လည်း အထက်ဖော်ပြပါအချက်များ မပါဝင်ပါ။ ဤဥပဒေတွင် စီမံချက်များ အတွက် အကယ်၍ မြစ်ကြောင်းများ ပြောင်းလဲစေခြင်း၊ ရေ အရည်အသွေးကျဆင်းစေခြင်းနှင့် ယေဘုယျအားဖြင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ရှိစေနိုင်ပါက၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရန် လိုအပ်သည်ဟုဖော်ပြသော အချို့အပိုဒ်များ ရှိပါသည်။ မြန်မာနိုင်ငံ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ညွှန်ကြားမှုဦးစီးဌာနကလည်း မြစ်ချောင်းများ၏ ပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ကြည့်ရှုကြပ်မတ်ရန် တာဝန်ရှိပါသည်။ သို့သော်လည်း ဤဥပဒေအရ ခွင့်ပြုချက်ရယူရန်အတွက် ဆောင်ရွက်ရမည့် သင့်လျော်သော လုပ်ငန်းစဉ်အဆင့်များကို အသေးစိတ်ဖော်ပြထားခြင်း မတွေ့ရ ဘဲ၊ ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်သောကိစ္စရပ်များ တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ တိကျသော ဥပဒေစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ ပြဋ္ဌာန်းထုတ်ပြန်ထားခြင်း မတွေ့ရပါ။ ထို့အပြင် မြန်မာနိုင်ငံတွင် လွှမ်းခြုံပြဋ္ဌာန်းမှုရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ဥပဒေ မရှိသေးပါ။ [၅၈]



ယနေ့အထိ ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်မည့်ကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရိုက်ခတ်မှုများအပေါ် အကဲဖြတ်ချက်ကို လူအများသိရှိနိုင်အောင် ထုတ်ပြန်ပေးခြင်း မရှိသေးပါ။ ဤသို့ အကဲဖြတ်စစ်ဆေးမှု များ ဆောင်ရွက်ထားရှိခြင်း လုံးဝမရှိဟုပင် သံသယပွားစရာ အခြေအနေ ရှိနေပါသည်။

ဧရာဝတီလင်းပိုင်ငါးကြီးများ

ကမ္ဘာပေါ်တွင် မြစ်တွင်းနေ လင်းပိုင်မျိုးစိတ် (၄) မျိုးခန့်သာ ရှိသည့်အနက်၊ ဧရာဝတီလင်းပိုင်ငါး ကြီးများ*(Orcaella brevirostris)* သည် တမျိုးအပါအဝင်ဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာ့မြစ်ကြီး (၃)စင်း ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ မဟာခမ်မြစ်၊ လောနိုင်ငံတောင်ပိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းသွားသော မဲခေါင်မြစ်နှင့်၊ မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်တို့တွင်သာ ရှားရှားပါးပါး တွေ့ကြရသည်။ လင်းပိုင်ငါးကြီးများသည် (၂) မီတာမှ (၂.၇၅)မီတာအထိ ရှည်လျားပြီး၊ အပြာရင့်မှ မီးခိုးမှောင်အရောင်များရှိကြသည်။

ဧရာဝတီလင်းပိုင်တို့သည် လူတို့နှင့်ပူးပေါင်း၍ ငါးရှာတတ်ကြသော မတူခြားနားသည့် ထူးခြားချက်ရှိသည်။ မြန်မာနိုင်ငံ၌ တံငါတို့သည် လှေနံကို လှော်တက်ဖြင့်ခေါက်၍ လင်းပိုင်များကိုခေါ်လေ့ရှိသည်။ လင်းပိုင်တို့က ငါးများကိုအုပ်ဖွဲ့ပြီး ပိုက်ထဲသို့မောင်းပို့ပေးတတ်ကြသည်။ ရလာသောငါးကို လင်းပိုင်တို့အားလည်း တံငါတို့က မျှဝေပေးကြရသည်။ ဤမတူ ထူးခြားသော အပေါင်းအဖေါ်ဖွဲ့မှုကြောင့် သိပ္ပံပညာရှင်တို့အဖို့ လူနှင့်တိရစ္ဆာန်တို့၏ ဆက်ဆံရေးကို လေ့လာရန် ထူးထူးခြားခြား အခွင့်အလမ်းတရပ် ရရှိစေသည်။

သို့ရာတွင် ကမ္ဘာ့သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (The World Conservation Union)က ဧရာဝတီ လင်းပိုင်များကို အလွန်ရှားပါး ထိန်းသိမ်းစောင့်ရှောက်အပ်သော သတ္တဝါအဖြစ် (၂၀၀၄) ခုနှစ်တွင် ထည့်သွင်း ကြေငြာသတ်မှတ်ခဲ့သည်။ လွန်ခဲ့သောရာစုနှစ်အတွင်း ဧရာဝတီမြစ်ထဲရှိ လင်းပိုင်အရေအတွက်မှာ (၆၀) ရာခိုင်နှုန်းနီးပါးလျော့ကျဆင်းသွားခဲ့ရသည်။ လောလောဆယ် အသေချာဆုံးခန့်မှန်းတွေ့ရှိရသော အရေအတွက်မှာ (၅၉) ကောင်သာဖြစ်သည်။[၂၉] မြန်မာနိုင်ငံရှိ စစ်အစိုးရသည် ကျောက်မြောင်းနှင့် မင်းကွန်းအကြား (ဆည်တည်ဆောက်မည့် နေရာမှ ကီလိုမီတာ ၃၃၀ ခန့်သာ ကွာဝေးသည့်နေရာ)တွင် (၇၂) ကီလိုမီတာ ကျယ်ဝန်းသော လင်းပိုင်များ ကာကွယ်စောင့်ရှောက်ရေးဇုံနယ်မြေတခုကို သတ်မှတ်ပေးထားခဲ့သည်။ သို့သော်လည်း လင်းပိုင်များ ကာကွယ်စောင့်ရှောက်ရေးဇုံနှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်အောင် မည်မျှအတိုင်းအတာအထိ ကြေငြာလုပ်ဆောင်ပေးနေကြောင်း ကောင်းစွာမသိရှိရချေ။

ကချင်ပြည်နယ်ရှိ ကလေးများသည် ကမ္ဘာပေါ်တွင် အဆိုးရွားအညံ့ဖျင်းဆုံးသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်အောက်တွင် နေထိုင်နေကြရသည်။

ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ

မစီးဘဲ ငြိမ်နေသောရေတွင် ရောဂါသယ်ဆောင်နိုင်သည့် အင်းဆက်များ ပိုမိုပေါက်ဖွားနိုင်ခြင်း။

လွတ်လပ်စွာ စီးဆင်းနေသော ဧရာဝတီမြစ်ကိုဆည်ဖြင့်တားလိုက်သောကြောင့်၊ ရေငြိမ်နေသော ကန်သဖွယ် ဖြစ်လာပေမည်။ ထိုအခါ အင်းဆက်များ၊ ပက်ကျိမျာနှင့် အခြားသောတရိစ္ဆာန်များလည်း ပိုမိုတိုးပွားလာနိုင်ပြီး၊ ရောဂါပိုးသယ်ဆောင်နိုင်သော ကပ်ပါးများ၊ ပိုးမွှားများလည်း ပိုမိုပေါက်ဖွားလာစေနိုင်သည့် အန္တရာယ်ရှိပါသည်။ ကပ်ပါးသံကောင်များကြောင့်ဖြစ်သည့် (schistosomiasis) ဟုခေါ်သော သွေးထဲတွင် သန်ကောင်တွယ်သောရောဂါကို ဆည်တည်ဆောက်သည့် နေရာများတွင် ပိုမို တိုးတက်ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။ ဤသန်ကောင်များသည် ရောဂါမျိုးစုံကိုဖြစ်စေနိုင်ပြီး၊ မလှုပ်ရှားနိုင်ခြင်း၊ ကြွက်သားများအားပျော့သွားခြင်း၊ ကိုယ်ခန္ဓာ ချိနဲ့သွားခြင်း၊ အရေပြားရောဂါများ၊ အသည်းပျက်ခြင်းမှသည် ဝက်ရူးပြန်ရောဂါ၊ ကျောက်ကပ် အလုပ်မလုပ်နိုင်တော့သည်အထိ ပျက်သွားခြင်း၊ ကင်ဆာရောဂါများအထိဖြစ်စေနိုင်ပါသည်။ ရှစ်စတို ဆိုမီယေးစစ် (schistosomiasis) ရောဂါစွဲကပ်ခံရသူများသည် အခြားရောဂါများလည်း ထပ်မံကူးစက်ခံရစေရန် လွယ်ကူပါသည်။[၆၀] ဤရောဂါအပြင် ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်၏ မှတ်တမ်းပြုထားချက်များအရ “ရေလှောင်တမံများနှင့် ရေပေးရေးစီမံချက်များသည် ငှက်ဖျားရောဂါပူးပြောသော ဒေသများတွင် ဆောင်ရွက်လေ့ရှိသောကြောင့်၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့် ကူးစက်ပျံ့ပွားမှု ပိုများလာစေသည်”ဟုလည်း ဖော်ပြထားပါသည်။

ပြဒါး အနည်များစုပုံနေသော ရေလှောင်တမံများကြောင့် မြစ်အောက်ပိုင်းဒေသနေလူထုများထံသို့ အဆိပ်သင့်စေနိုင်သည်။

ရေများသည် ရေလှောင်တမံထဲတွင် ငြိမ်နေသည်နှင့်အမျှ ပုတ်သိုးလာသော ဇီဝရုပ်ကြွင်းများကိုစားသုံးရှင်သန်နေကြသော ဘက်တီးရီးယားများက ရေထဲတွင်ရှိနေသော ပြဒါးဓါတ် (မာကျူရီ) များကို မီသိုင်းလ် မာကျူရီဓါတ် (methylmercury) အဖြစ်သို့ ပြောင်းလဲပစ်ပါသည်။ ဤဓါတ်မှာ လူတို့၏ ဗဟိုအာရုံကြောစနစ်ကို အဆိပ်အတောက်ဖြစ်စေသော ဓါတ်တမျိုးဖြစ်ပါသည်။

ဤမီသိုင်းလ် မာကျူရီခါတ်များကို အစားအသောက်ကွင်းဆက်များမှတဆင့် လွှဲပြောင်းရောက်ရှိ၍ လူတို့ထံ ရောက်လာကြပြီး၊ လူတို့တွင် စုပုံလာစေနိုင်ပါသည်။[၆၁] အမေက မီသိုင်းလ်မာကျူရီခါတ်ပါသော ငါးများ၊ အခွံပါသော ခရု၊ ပုစွန်၊ ဂဏန်းများ စားမိပါက သားအိမ်တွင် မီသိုင်းလ်မာကျူရီခါတ်ထိတွေ့နိုင်ပြီး၊ ကလေး၏ ဦးဏှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ပါသည်။ ကလေး၏ သိစိတ်ဆင်ခြင်မှု (cognitive thinking)၊ မှတ်ဉာဏ်စူးစိုက်မှု (memory attention)၊ ဘာသာစကား ပြောဆိုမှု၊ အနုစိတ်လုပ်ငန်းများနှင့် အမြင်အာရုံ (fine motor and visual spatial skills) တို့ကို ထိခိုက်စေပါသည်။[၆၂] သိပ္ပံပညာရှင်များက ရေလှောင်တမံများအတွင်းရှိ ငါးများတွင်လည်းကောင်း၊ ဆည်တည်ဆောက်ရာဒေသ မြစ်အောက်ပိုင်းနေလူထုများ၏ သွေးကြောများအတွင်း ပြဒါးစုပုံလာမှု အနေအထားကိုလည်း အထူးသတိထားလာကြပါသည်။[၆၃]

အာရှ ပုံရိပ် (Images Asia) နှင့် ကချင်လူမျိုးတရပ်လုံး ဖွံ့ဖြိုးမှုဆိုင်ရာ လူမှုအဖွဲ့အစည်း (Pan Kachin Development Society) မှ ထုတ်ဝေခဲ့သော "မည်သည့်တန်ဖိုး ပေးရ–ပေးရ *(At What Price)*"ဟူသော အစီရင်ခံစာတွင် ဖော်ပြထားချက်အရ ဧရာဝတီမြစ်ဖျားပိုင်းဖြစ်သော၊ မလိခနှင့် အင်မိုင်ခမြစ်များသည် ၁၉၉၉ ခုနှစ်မှစတင်၍ ကချင်ပြည်နယ်အတွင်း အဓိကရွှေတူးဖော်ရှာဖွေကြရာ နေရာများ ဖြစ်နေကြပါသည်။[၆၄] ဤရွှေတူးဖော်ထုတ်လုပ်ရာနေရာများသည် ဆည်တည် ဆောက်မည့်နေရာ၏ မြစ်ညာပိုင်းဖြစ်ပြီး၊ ရေတွင်ပြဒါးခါတ်ပါဝင်မှုနှုန်းမြင့်နေပြီး ဖြစ်နေပြီဟု ယူဆနိုင်ဖွယ်ရှိပါသည်။ ၂၀၀၃ ခုနှစ်တွင် စစ်ဆေးစမ်းသပ်ချက်အရ ဧရာဝတီမြစ်ကြောင်းတလျှောက်အတွင်း နေထိုင်သော ငါးအမျိုး (၂၂)မျိုးတွင် ပြဒါးခါတ်ပါဝင်မှုနှုန်း အမှန်ပင် မြင့်မားနေကြောင်းတွေ့ရှိရပါသည်။[၆၅] ဤဒေသအတွင်း မြင့်မားစွာပါဝင်နေသော ပြဒါးခါတ်များသည် တာတမံ၏ နောက်ကျောတွင် စုပုံနေကြမည်ဖြစ်ပြီး၊ ဖော်ပြခဲ့သည့်အတိုင်း နောက်ပိုင်းတွင် မီသိုင်းလ် မာကျူရီအဖြစ် ပြောင်းလဲသွားမည် ဖြစ်ပါသည်။ ဆည်မှ ရေထုတ်လွှတ်သည့်အခါ မြစ်အောက်ပိုင်းတွင် နေထိုင်ကြသူများသည် ပြဒါးဆိပ်သင့်နေသော ရေနှင့် ငါးများကို ထိတွေ့ကြရတော့မည် ဖြစ်သည်။ ဤဆိုးကျိုးကို မြစ်ကြီးနားမြို့အောက်ဘက် ၂၈ မိုင်အတွင်း နေထိုင်ကြသော လူဦးရေပေါင်း (၁၄၀၀၀၀) ကို ထိခိုက်ဖွယ် ရှိနေပါသည်။ ထို့မှမက ဧရာဝတီမြစ်ကြောတလျှောက် နေထိုင်ကြသော သန်းပေါင်းများစွာ မြန်မာနိုင်ငံသားများရှိနေကြပါသေးသည်။ ထို့အပြင် ငါးများကို ဖမ်းစားကြသည့် ငှက်များနှင့် အခြားနို့တိုက်သတ္တဝါများသည်လည်း အလားတူ အဆိပ်သင့်ခံရဖွယ်ရှိနေပါသည်။

ဆည်တည်ဆောက်မည့်နေရာတွင် ကျန်းမာရေးထိခိုက်ခံစားရနိုင်သည့် အခြေအနေနှင့် ရွှေ့ပြောင်းလူထုများအကြား ဖြစ်လာနိုင်သော ကျန်းမာရေးအကျိုးဆက်များ

ဆည်တည်ဆောက်မည့်နေရာနှင့် နီးစပ်ရာ ကျေးရွာ၊ လူနေမှု အသိုက်အဝန်းများတွင် ကျန်းမာရေးပြဿနာများ များလာနိုင်ပြီး၊ အထူးသဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကူးစက်

ပျံ့ပွားလာမှု ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးမှာ ကမ္ဘာတဝှမ်းလုံးရှိ ဆည်များတွင် ကြုံတွေ့နေရသော ပြဿနာပင်ဖြစ်ပါသည်။[၆၆] ရွှေ့ပြောင်းအခြေချရခြင်းကြောင့် လူအများရုတ်ချည်း ဘဝပျက်ကြရပြီး၊ ကျန်းမာရေးအရလည်း ပို၍ထိခိုက်နစ်နာဖွယ် အခြေအနေကိုကြုံစေပါသည်။ ကမ္ဘာ့ဆည်များဆိုင်ရာကော်မရှင်၏ မှတ်တမ်းပြုချက်များအရ "ပြန်လည်အခြေချနေထိုင်ရန် ပြောင်းရွှေ့ခံရသောလူထုများထဲတွင် သောက်သုံးရေရရှိမှုပြဿနာ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ရုပ်ပတ်ဝန်းကျင်အသစ်၊ လူမှုအသိုင်းအဝိုင်းအသိစိတ်နှင့် အသားကျစေရန်အတွက် ရုန်းကန်ရသောပြဿနာများကြုံတွေ့ကြရပြီး၊ ကျန်းမာရေးအခြေအနေအပေါ်သက်ရောက်မှုရှိစေပါသည်။"

မြန်မာနိုင်ငံ၏ ပြိုကွဲနေသော ကျန်းမာရေးစောင့်ရှောက်ပေးမှု စနစ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကမ္ဘာပေါ်တွင် အချို့တဲ့အဆိုးရွားဆုံး နိုင်ငံတခုအဖြစ် သတ်မှတ်ဖော်ပြခဲ့ပါသည်။ ကုလသမဂ္ဂ ကလေးများဆိုင်ရာ ရန်ပုံငွေအဖွဲ့ (UNICEF) က ဖော်ပြခဲ့ရာတွင် မြန်မာအစိုးရက နိုင်ငံသားတစ်ဦးချင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးစရိတ်မှာ အမေရိကန် ဒေါ်လာ ၀ . ၄၀ သာရှိပြီး၊ ထိုင်းနိုင်ငံတွင် (၆၁) ဒေါ်လာ ရှိနေပါသည်။ ကိုယ်ခံအားကျရောဂါ (HIV/AIDS) တိုက်ဖျက်ရေး ကိစ္စတွင် လူ ၅၂ သန်းအတွက် တနှစ်လျှင် မဖြစ်စလောက် အမေရိကန်ဒေါ်လာ (၁၃၇၀၀၀)သာရရှိပါသည်။[၆၇] မြန်မာနိုင်ငံ၏ ချို့တဲ့ပြိုကွဲနေသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကြည့်ပါက၊ ဆည်တည်ဆောက်မည့်အတွက် ပိုမိုဖြစ်ပေါ်လာမည့် ရောဂါဘယများကြောင့် လူမှုအဖွဲ့အစည်းတခုလုံး၏ ကျန်းမာရေးကို ထိခိုက်စေတော့မည်မှာ သေချာသည့်အချက်ပင် ဖြစ်နေပါသည်။

မလိခမြစ်နှင့် အင်မိုင်ခမြစ်ကမ်းပါးများတွင် ရွှေတွင်းတူးနေကြရာမှ ထွက်လာသော အဆိပ်သင့်ပစ္စည်းများသည် ရေကာတာအတွင်း စုပုံလာရန် အကြောင်းရှိနေသည်။ ရေကာတာမှ ထပ်မံစွန့်ထုတ်သော ရေများကြောင့် မြစ်အောက်ခြေရှိ လူထုများ ထိခိုက်နစ်နာရပေမည်။

စစ်အင်အားတိုးချဲ့ ချထားခြင်း။

(၁၉၉၂) ခုနှစ်မှ (၂၀၀၆) ခုနှစ်အတွင်း၊ ကချင်ပြည်နယ်အတွင်း တပ်စွဲအခြေချထားသော ခြေလျင်တပ်ရင်းများအရေအတွက်မှာ (၂၆) ရင်းမှ (၄၁)ရင်းအထိ တိုးတက်များပြားလာခဲ့ပါသည်။ အမြောက်ကြီးတပ်စခန်းများမှာလည်း (၃) ခုမှ (၇) ခုအထိ တိုးတက်လာခဲ့ပါသည်။ ထို့အပြင် ပြည်နယ်အတွင်းတွင် စစ်စခန်းနေရာချထားမှုများသည်လည်း နေရာအနှံ့အပြားတွင် ပို၍တိုးချဲ့ ဖြန့်ကျက်ချထားလာခဲ့ပါသည်။[၆၈]

ဆည်များအပါအဝင်၊ အကြီးစား တည်ဆောက်ရေးစီမံချက်များ၏ လုံခြုံရေးအတွက် စစ်သားများ ပိုမိုတိုးချဲ့ချထားခြင်းသည် စစ်အစိုးရ အုပ်ချုပ်နေသော မြန်မာနိုင်ငံအနှံ့အပြား၌ ဖြစ်ပွားနေခဲ့ပါသည်။ ဥပမာအားဖြင့်– ကရင်နီပြည်နယ်အတွင်းရှိ လောပီတရေအားလျှပ်စစ် စီမံကိန်းတွင်လည်း အလားတူ တည်ဆောက်ရေးကာလနှင့် နောက်ပိုင်းကာလများတွင် မြန်မာစစ်အစိုးရ၏ တပ်ရင်းများ ပိုမိုတိုးချဲ့ ချထားလာခဲ့သည်ကို ကြုံခဲ့ကြရပါသည်။ ဤသို့ စစ်တပ်များတိုးချဲ့ ချထားလာမှုကြောင့် ဒေသခံပြည်သူလူထုများအပေါ် တိုး၍ဖိနှိပ်မှုများ၊ ဖိစီးမှုများဖြစ်စေပြီး၊ အဓမ္မငွေကောက်ခံခြင်း၊ မြေယာများ သိမ်းယူခြင်း၊ စစ်တပ်အတွက် အဓမ္မလုပ်အားခိုင်းစေခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အပြင် စစ်တပ်များ တိုးချဲ့ချထားလာမှုကြောင့် အမျိုးသမီးများတွင် အထူးသဖြင့် ပို၍ထိခိုက်နစ်နာဖွယ်၊ မတော်မတရားပြုခံရဖွယ် အခြေအနေကြုံရနိုင်ကြောင်း မှတ်တမ်းများအရ တွေ့ရှိခဲ့ကြရပါသည်။ (အမျိုးသမီးများအတွက် အထူးထိခိုက်နစ်နာစေနိုင်သည့် အန္တရာယ်များအခန်းကိုကြည့်ပါ။)

(၂၀၀၆) ခုနှစ်၊ စက်တင်ဘာလတွင် ခြေမြန်တပ်ရင်း အမှတ် (၂၉) မှ စစ်သားအင်အား (၅၀၀) ခန့်ကို မြစ်ကြီးနားတောင်ဘက်ရှိ လေးကုန်းမှ မြို့မြောက်ဘက်ရှိ ပလာနသို့ ပြောင်းရွှေ့အခြေစိုက်စေခဲ့ပါသည်။ ပလာနနေရာမှာ ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်မည့်နေရာမှ ကီလိုမီတာ (၂၀)ခန့်သာ ကွာဝေးသောနေရာဖြစ်ပါသည်။ တပ်စခန်းချမည့်နေရာနှင့် နီးသောနေရာများရှိအိမ်ခြေ (၅၀)ခန့်ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ အမိန့်ဖြင့် အဓမ္မရွှေ့ပြောင်းစေခဲ့ပါသည်။ ပြောင်းရွှေ့ကြရသည့် အိမ်ထောင်စုများမှာ မည်သည့်လျော်ကြေးငွေမျှ မရရှိကြသကဲ့သို့၊ မည်သည့်နေရာသို့ ပြောင်းရွှေ့ကြရမှန်းလည်းမသိပါ။

ကျေးရွာသားများ၏ သတင်းပေးပို့ချက်အရ ယခုအခါ၊ အေးရှားဝေါလ်ကုမ္ပဏီ၏ စီမံချက်အကောင်အထည်ဖော်မည့် စခန်းအတွက် ခြံနေရာသတ်မှတ်၊ ခြံစည်းရိုးကာထားပြီ ဖြစ်ပြီး၊ ထိုစခန်းဂိတ်ပေါက်တွင် လက်နက်ကိုင် အစောင့်များလည်း ချထားကြောင်း ပြောပြကြပါသည်။ ဤစီမံချက် ဆက်လက်ဆောင်ရွက်သည်နှင့်အမျှ ဤဆည်တည်ဆောက်ရေး စီမံချက်၏ လုံခြုံရေးအတွက် မြန်မာစစ်တပ်မှ စစ်သားများနှင့် အစားထိုး အသုံးပြု–မပြုကို အတိအကျမပြောနိုင်သေးပါ။

အခြေမဲ့ ပြောင်းရွှေ့ကြရခြင်းနှင့် လိင်ကွဲပြားမှုအပေါ် အကျိုးသက်ရောက်စေမှု

အခြေမဲ့ ရွှေ့ပြောင်းမှုကြောင့် ဖြစ်ရသော၊ လူမှုအဖွဲ့အစည်းကို အထွေထွေအားဖြင့် ဆင်းရဲကျပ်တည်းစေခြင်း၊ လူမှုရေးအရ ကစင့်ကလျားဖြစ်ရခြင်း၊ ကိုယ်စိတ်ဒုက္ခများနှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများသည် အထူးသဖြင့် အမျိုးသမီးများအပေါ် ပို၍ဆိုးရွားစွာ ထိခိုက်မှု ရှိစေပါသည်။ (ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်။ စ၁–၁၁၅)

ဆည်စီမံချက်များကြောင့် နေရာပြောင်းရွှေ့ရမှုနှင့် ပြန်လည်အခြေချကြရမှုတို့ကြောင့် ဖြစ်ရသော ဆိုးကျိုးများသက်ရောက်ရာတွင် အမျိုးသားများနှင့် အမျိုးသမီးများအပေါ် ထိခိုက်စေပုံခြင်း မတူကြပါ။ နေရာပြောင်းရွှေ့ကြရခြင်းကြောင့် ရှိနေသော လူမှုအဖွဲ့အစည်းနှင့် မိသားစုများ၏ ဆွေမျိုး အသိုက်အမြုံကို ပြိုကွဲစေပါသည်။ အမျိုးသမီးများသည် သဘာဝအရ အမျိုးသားများထက် ရွှေ့လျားသွားလာနေထိုင်မှု နည်းပါးခြင်းကြောင့်လည်းကောင်း၊ မိသားစုများ၊ ကျေးရွာများ၊ လူမှုအသိုက်အမြုံများ ပြိုကွဲကြရခြင်းကြောင့်လည်းကောင်း၊ အမျိုးသမီးများတွင် ပို၍ထိခိုက်နစ်နာမှု ဖြစ်ကြရပါသည်။ အကယ်၍ ပြန်လည်အခြေချနေထိုင် ရပါကလည်း၊ ယောကျ်ားများမှာ ပို၍လှုပ်ရှားသွားလာတတ်သည့် သဘာဝရှိခြင်းကြောင့် မြို့များတွင် ဝင်ငွေကောင်းသော အလုပ်ရရန်၊ သို့မဟုတ် အစားထိုးအလုပ်ရရန် ပို၍ လွယ်ကူပါသည်။ နှိုင်းယှဉ်ချက်အရ အမျိုးသမီးများအတွက် အလုပ်ရရန် ပို၍ခက်ခဲပါသည်။ [၇၁]

ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်အတွက် လေ့လာချက်စာတမ်းတွင်၊ မားကပ်စ် ကိုလ်ချက်စတာ (Marcus Colchester) က ပြောင်းရွှေ့အခြေချပြီးနောက် ဖြစ်ရပုံကို အောက်ပါအတိုင်း ဖော်ပြထားခဲ့ပါသည်။

"အခြေအနေ တစ်ခုလုံးအရ ဝင်ငွေလျော့ပါးသွားပြီး၊ အစားအသောက်ရှာဖွေရခြင်း သည်လည်း ပိုမိုခက်ခဲလာပါသည်။ ထင်းလောင်စာများလည်းရှာရန် ခက်ခဲလာပါ သည်။ အမျိုးသမီးများသည်လည်း တောတောင်များနှင့် ဝေးလာသည်နှင့်အမျှ သူတို့ ကုန်ကြမ်းပစ္စည်းများ မရနိုင်သည့်အတွက်၊ ရိုးရာဖြစ်သည့် ယက်ကန်းယက်ခြင်း၊ ခြင်း တောင်းယက်ခြင်းလုပ်ငန်းများ လည်း ဆက်လက်လုပ်ကိုင်ရန် ခက်ခဲလာပါသည်။ ... ...မြေယာကို အတူတကွ ပိုင်ဆိုင်ကြသော အမျိုးသားနှင့် အမျိုးသမီးများကို လျော် ကြေးငွေများပေးရာ၌ အတူတကွ ရသင့်ကြသော်လည်း၊ အိမ်ထောင်ဦးစီးဖြစ်သူ အမျိုး သားကသာ လျော်ကြေးငွေကို ရရှိလေ့ရှိပါသည်။ အချို့အမျိုးသမီးများက ပြောပြကြ ရာတွင် သူတို့၏ ခင်ပွန်းများ စွန့်ပစ်သွားသည်ကိုလည်း ကြုံတွေ့ကြရပြီး၊ ထိုငွေကြေးကို ယူ၍ အခြားအမျိုးသမီးနှင့် အိမ်ယာထူထောင်ကြသည်လည်း ရှိပါသည်။ ၎င်းတို့အနေ ဖြင့် ကယ်သူမဲ့ ဒုက္ခရောက်ကြရသည့် အခြေအနေ ကြုံကြရပါသည်။ အချို့သော ဖြစ်ရပ် များတွင်၊ ဥပမာ–မုဆိုးမ တခုလပ်ကဲ့သို့ သော အမျိုးသမီးများက အိမ်ထောင်ကို ဦးစီးကြသော်လည်း လျော်ကြေးပေးရန် ချွင်းချန်ထားသည်မျိုးကြုံရပါသည်။" [၃၂]

ပြောင်းရွှေ့အခြေချရမှုများတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ ထိခိုက် နစ်နာကြရကြောင်း ကမ္ဘာ့ဘဏ် ကလည်း အသိအမှတ်ပြုထားပါသည်။ အကြောင်းမှာ အမျိုးသမီးများမှာ သူတို့နေအိမ်၊ သို့မဟုတ် အနီးအနားတွင် အသေးစား စီးပွားရေး လုပ်ငန်းများကို အခြေပြု၍ ဝင်ငွေရှာကြရသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ကျေး လက်ဒေသနေ အမျိုးသမီးများမှာ မမျှမတ ပို၍ထိခိုက်နစ်နာခံစားကြရဖွယ် အ ကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူအများ ပိုင်ဆိုင်ကြသည့် (သစ်တော၊ စားကျက်မြေ စသော) ရပ်ရွာအများပိုင် ရင်းမြစ်များအပေါ် ပို၍ မှီခိုနေကြ ရသောကြောင့်ဖြစ်ပါသည်။ ဥပမာအားဖြင့်– လယ်မြေအများစုကို ယောက်ျားများက ပိုင်ဆိုင်ကြပြီး၊ အချို့သော ဥယျာဉ်များမှ မည်သူပိုင်ဆိုင်သည်ဟု သတ်မှတ်ထားခြင်း မရှိသောမြေများတွင် ရှိနေတတ်ကြပါသည်။[၃၃]

အမျိုးသမီးများအတွက် အထူးထိခိုက်နစ်နာစေနိုင်သည့် အန္တရာယ်များ

မြန်မာစစ်သားများက ကျူးလွန်နိုင်သည့် လိင်မှုဆိုင်ရာအကြမ်းဖက် စော်ကားမှုများ

မြန်မာစစ်တပ်ဖွဲ့ဝင်များက တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများအပေါ် မုဒိမ်းကျင့်၊ လိင်မှု ဆိုင်ရာအရ အကြမ်းဖက်ကြသော ဖြစ်ရပ်များကို အစီရင်ခံစာအများအပြား၌ မှတ်တမ်းတင်

ဖော်ပြထားကြပြီးဖြစ်ပါသည်။[၆၉] မြန်မာ စစ်တပ်ဖွဲ့ဝင်အများက ကျူးလွန်သော မုဒိမ်းမှုများမှာ စုံစမ်းစစ်ဆေးခြင်းမရှိသလို၊ ပြစ်မှုကျူးလွန်သူကိုလည်း တစုံတရာ အပြစ်ပေးခြင်း မရှိပါ။ ဤ အလားတူ ဖြစ်ရပ်များမှာ ကရင်နီပြည်နယ်တွင် လောပီတရေအားလျှပ်စစ်စက်ရုံ လုံခြုံရေးအ တွက် စောင့်ကြပ်ရသော စစ်သားများတွင်လည်း ဖြစ်ပေါ်ကျူးလွန်ခဲ့ကြပါသည်။

(၂၀၀၇) ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသက်(၁၄ မှ ၁၆) နှစ်အတွင်းရှိ ကျောင်းသူ (၄) ဦးကို ကချင်ပြည်နယ်မြောက်ပိုင်း၊ ပူတာအိုရှိ စစ်တပ်အရာရှိ (၃) ဦးနှင့် စစ်သား (၄)ဦးတို့က အုပ်စု ဖြင့် မုဒိမ်းပြုကျင့်ခဲ့ကြပါသည်။ ဤမိန်ကလေးများကို ပြည့်တန်ဆာလုပ်မှုနှင့် ဖမ်းဆီးထားခဲ့ပြီး၊ နိုင်ငံတကာက ရှုံ့ချပြစ်တင်မှုများ ဖြစ်ပေါ်လာသည့်အခါမှသာ ပြန်လွှတ်ပေးခဲ့ပါသည်။[၇၀] ဤမု ဒိမ်းမှုကျူးလွန်သူများအပေါ် အရေးယူအပြစ်ပေးခဲ့ခြင်း ရှိ–မရှိကို အသေးစိတ် မသိရှိရပါ။ ဤသို့ သော အပြစ်ရှိသည့် တရားခံများကို အရေးယူအပြစ်မပေးဘဲထားသည့် အခြေအနေနှင့် အစိုးရ ကိုယ်၌က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ခွင့်ပြုကျူးလွန်စေသော အခြေအနေတွင် ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်ရေးစီမံချက်နေရာတွင်၊ စစ်တပ်များ ပို၍တိုးချဲ့ချထားမည်၊ စစ်သားများ ပို၍တိုးများလာစေမည့် အနေအထားကြောင့် ပို၍အထူးစိုးရိမ်ဖွယ် ဖြစ်စေပါသည်။

လိင်ဖျော်ဖြေရေးလုပ်ငန်း ကြီးထွားလာစေနိုင်ခြင်း။

ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အဖွဲ့ (KDNG) က အသေးစိတ် မှတ်တမ်းပြုခဲ့သော ဟူးကောင်း ချိုင့်ဝှမ်းဒေသရှိ ရွှေမိုင်းတူးဖော်ကြသည့် ရွှေတွင်းများတွင် ယာယီအခြေချလာသည့် လုပ်သား များ များပြားလာခြင်း၊ ထိုလုပ်သားများသည်လည်း ဖြစ်သလိုအနေအထားတွင် နေထိုင်ကြရ ခြင်းအပြင်၊ အမျိုးသမီးများအနေဖြင့် လုပ်ခလစာနည်းသည့်အပြင်၊ အလုပ်အခွင့်အလမ်းလည်း ရှားပါးသည့်အတွက်ကြောင့် ဤဒေသများ၌ လိင်ဖျော်ဖြေရေးလုပ်ငန်း ကြီးထွားလာနေပုံကို ဖော်ပြခဲ့ပါသည်။ မြစ်ဆုံဆည် တည်ဆောက်ရေးကဲ့သို့သော စီမံချက်ကြီးများ တည်ဆောက်ကြ မည့်နေရာတွင်လည်း၊ ဤသို့အခြေအနေ မဆိုး လျှင်သော်မှ အလားတူ လူမှုရေးအခြေအနေများ ဖြစ်ပေါ်လာနိုင်ပါသည်။ လိင်ဖျော်ဖြေရေးလုပ်ငန်းများတွင် အလုပ်လုပ်နေကြရသော မိန်းမပျိုများ၊ အဓမ္မပြည့်တန်ဆာအဖြစ် ခိုင်းစေခံကြရသူများမှာ အကြမ်းဖက်မှုများနှင့် ရောဂါကူးစက်မှုများ လည်း ခံကြရဖွယ်ရှိနေပါသည်။ ထို့အပြင် ဤသို့သော အမျိုးသမီးများကို လူမှုအသိုင်းမှ ဖယ် ကျဉ်ခံကြရသောကြောင့် စိတ်ပိုင်းဆိုင်ရာ ခံစားနစ်နာရမှုများလည်းရှိပါသည်။ ။ စီမံချက်အ ကောင်အထည်ဖော်မည့်နေရာတွင် ကိုယ်ခံအားကျရောဂါ (အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်) လည်း ပိုမိုကူးစက်ပျံ့ပွားလာဖွယ် ရှိနေပါသည်။ လူထုအများအတွက် ကျန်းမာရေးစောင့်ရှောက်မှု စနစ် အထူးနိမ့်ကျနေသောအနေအထားတွင် အခြားလူ့အဖွဲ့အစည်း တရပ်လုံးသို့ ပိုမိုကူးစက် ပျံ့ပွားနိုင်သည့်အန္တရာယ်အတွက်လည်း စိုးရိမ်ဖွယ်ဖြစ်ပါသည်။



Our Homeland (Kachin Song)

The most pleasant and glorious homeland of ours,

The site where Mali hka and Nmai hka join together

It is surrounded by snow mountainous and green forest hills,

The mist and the cloud encompass this location

Here, beautiful flowers are blossoming

Rivers and streams flow eternally

Birds and cuckoos fly around,

Cool and pleasant is our homeland

Welcome every one, just for a visit

Unforgettable Kachin culture which can never be satisfied to observe,

Awesome scenic views and natural sights , precious jade and wildlife abound

All kinds of fruits and crops are abundant

As long as the Irrawaddy (Mali hka) river flows

The love of the ethnic Kachin will never cease

အငယ်စားရေအားလျှပ်စစ် ထုတ်လုပ်ငန်းများ (Small hydro power--SHP) သည် ပိုမိုကောင်းမွန်သော အခြား ရွေးချယ်စရာ နည်းလမ်း ဖြစ်သည်။

အငယ်စား ရေအားလျှပ်စစ်ထုတ်လုပ်ငန်းများကို ချောင်းငယ်များ၊ အလတ်စား နှင့် အကြီးစားမြစ်များမှ ရေကိုကဲ့ယူ၍ ဆောင်ရွက်နိုင်ပါသည်။ ဤနည်းသည် သဘာဝပတ်ဝန်းကျင် မပျက်စီးစေသော စွမ်းအင်ထုတ်ယူနိုင်သည့် နည်းပင် ဖြစ်ပါသည်။ အငယ်စား ရေအားလျှပ်စစ်ထုတ်လုပ်ငန်းများ (Small hydro power--SHP) ဟုဆိုရာ၌ များသောအားဖြင့် စွမ်းအင် (၁၀) မီဂါဝပ် ထက်နည်း၍ ထုတ်ပေး နိုင်သော စနစ်မျိုးဖြစ်ပါသည်။ ဆိုးကျိုး အနည်းငယ်မျှသာ ဖြစ်စေပြီး၊ ဝေးလံခေါင်သီသော ဒေသများတွင် စွမ်းအင် ထောက်ပံ့ပေးရန်အတွက် အသုံးပြုနိုင်ပါသည်။ ဤအငယ်စားရေအားလျှပ်စစ်ထုတ် လုပ်ငန်းများတွင် ရေကို မြောင်း သို့မဟုတ် ပိုက်ဖြင့်သွယ်ယူ၍ တာဘိုင်အတွင်းသို့ ပေးပို့ခြင်း ဖြစ်သည်။ ထိုအခါ စက်မောင်းတံရှိ ရေခွက်ကို ရိုက်စေပြီး၊ တာဘိုင်စက်ကို လည်စေပါသည်။ ဤသို့ လည်နေသောမောင်းတံကို မီးအားထုတ်ပေးမည့် ဂျင်နရေတာနှင့် ဆက်သွယ်ထားပေးခြင်းအားဖြင့် ရွေ့ရှားမှုမှ လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းယူခြင်း ဖြစ်ပါသည်။[၇၆] ဤလုပ်ငန်းများတွင် ဆည်ကြီးများ၊ ရေကာတာကြီးများ မလိုအပ်သည့်အတွက်ကြောင့်၊ လူအများပြောင်းရွှေ့ရစေရန်၊ သစ်တောများ ရေမြုပ်ပျက်စီးစေရန် အခြေအနေလည်းမရှိစေပါ။



Inversin, A. R. *Micro-Hydropower Sourcebook*

မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်ရှိ လူထုများသည် သူတို့လိုအပ်ကြသော လျှပ်စစ်စွမ်းအင်ရရှိစေရန်အတွက်၊ အငယ်စားရေအား လျှပ်စစ် ထုတ်ယူရေးလုပ်ငန်းများကို သင့်လျော်ရာနည်းလမ်းများဖြင့် ဆောင်ရွက်နေကြပြီး ဖြစ်ပါသည်။ အမှန်ဆိုရလျှင် တရုတ် နိုင်ငံသည် အငယ်စားရေအားလျှပ်စစ်ထုတ်လုပ်ငန်း (Small hydro power--SHP)တွင် ဦးဆောင်နေသည့်နေရာက ရှိသည်ဟုဆိုနိုင်ပြီး၊ (၂၀၀၆) ခုနှစ် စာရင်းများအရ အငယ်စားရေအားလျှပ်စစ်ထုတ် စက်ရုံ

ပေါင်း (၄၃, ၀၂၇) ခု ရှိနေပါသည်။[၇၇] "မိမိဘာသာ တည်ဆောက်နိုင်သော၊ မိမိဘာသာ ထိန်းသိမ်းစီမံနိုင်သော၊ မိမိဘာသာ အသုံးပြုနိုင်သော" အငယ်စား ရေအားလျှပ်စစ် စက်ရုံများတည်ဆောက်ရန် တရုတ်နိုင်ငံက ၁၉၆၀ ခုနှစ်များ ကပင် မူဝါဒချမှတ်ခဲ့ပါသည်။ ဤသို့ ဗဟို ဦးစီးချုပ်ကိုင်မှု မထားဘဲ ဖြန့်ခွဲထားသော စီမံခန့်ခွဲမှုစနစ်နှင့် ဒေသခံပြည်သူများကို ၎င်းတို့ဘာသာ စီမံထိန်းသိမ်းနိုင်သော ရေအားလျှပ်စစ်ထုတ် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေခြင်းနှင့် အသုံးပြုစေခြင်းကို ပိုမိုမြှင့်တင်ဆောင်ရွက်သင့်လှပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ စစ်အစိုးရက ဆည်ကြီးများတည်ဆောက်ရေး၌သာ အားသန်နေကာ၊ တရုတ်နိုင်ငံမှ ကုမ္ပဏီများက ဤသို့ဆောက်လုပ်ရေးအတွက် ကူညီပံ့ပိုးပေးနေကြပါသည်။

အခန်း [၄]။ အသိရှိရှိဖြင့် သဘောတူ၍ အနစ်နာခံကြရခြင်း၊ သို့မဟုတ် အခြားရွေးချယ်စရာ နည်းလမ်းများ ညွှန်ပြရွေးချယ်စေခြင်းမရှိဘဲ လူအများက ထိခိုက်နစ်နာကြရခြင်း။

တန့်ဖရဲကျေး ရွာမှ ရွာသားတဦးက ပြောပြရာတွင် "အစိုးရကတော့ ကျနော်တို့ကို တရားဝင်အသိပေးတာတွေ မရှိသေးပါဘူး။ အရှေးဝေါ် (ကုမ္ပဏီ) ကလာတော့ ရွာလူကြီးကို ဒီနေရာမှာ သူတို့အလုပ်လုပ်မယ်ဆိုတာ အသိပေးပါတယ်။ ဒါပေမယ့် ရွာသားတွေကို ဘာကိစ္စလုပ်မယ်၊ ဘယ်အတွက်ကြောင့် လုပ်မယ်ဆိုတာ ရှင်းပြတာ မရှိပါဘူး။" ဟု ပြောပါသည်။ (တွေ့ဆုံမေးမြန်းခန်း အမှတ်–၁၄)

စစ်အစိုးရသည် ဤဆည်တည်ဆောက်ရေးနှင့် ပတ်သက်၍ ဒေသခံ ပြည်သူလူထုများထံသို့ တရားဝင် အကြောင်းကြားခြင်း မရှိသေးပါ။ သို့သော်လည်း ကျေးရွာလူထုများသည် ကွင်းဆင်းတိုင်းထွာရေးအဖွဲ့များ သွားလာနေသည်ကို မြင်တွေ့နေကြရပြီး ဆည်တည်ဆောက်တော့မည်ကို သိနေကြပါသည်။ ဂျပန်လေ့လာတိုင်းထွာရေးအဖွဲ့တခုက စာရွက်စာတမ်းများ ကျန်ခဲ့ပြီး၊ ၎င်းတို့မှတဆင့် တန့်ဖရဲကျေးရွာအနီး တည်ဆောက်မည့် ဆည်နှင့် အခြားအချက်အလက်များကို သိရှိကြရပါသည်။

ရေလွှမ်းမည့်ဒေသများ ဖော်ပြထားသည့် မြေပုံအပါအဝင်ဖြစ်သော အထောက်အထားများကို ကြည့်၍ တန့်ဖရဲကျေးရွာသားများက ကချင်လူမျိုးများ၏ ဦးဆောင်အဖွဲ့အစည်းတခုထံသို့ "ဤဆည် ဆောက်လုပ်ရေး ကိစ္စအပေါ် တားဆီးနိုင်ရန်အတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုပေးပါရန်နှင့် သက်ဆိုင်ရာ အာဏာပိုင်များထံ ဆက်လက်တင်ပြပေးရန်" (၂၀၀၄)

ခုနှစ်၊ ဇန်နဝါရီလတွင် တောင်းဆိုခဲ့ကြပါ သည်။ (၂၀၀၇) ခုနှစ်၊ မေလ (၁၂) ရက်နေ့တွင် ရပ်ရွာလူကြီးများနှင့် လူရိုသေ ရှင်ရိုသေ လူမှုခေါင်းဆောင် (၁၂) ဦးက ပူးပေါင်းကာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ဆည်တည်ဆောက်မှုကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း အိပ်ဖွင့်ပေးစာ ရေးသားပေးပို့ ခဲ့ကြပါသည်။ (နောက်ဆက်တွဲတွင် ကြည့်ပါ။) သို့သော်လည်း ယနေ့အချိန်အထိ မည်သည့်စာကိုမျှ ပြန်ကြားခြင်း မရှိသေးပါ။

ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်က အကြံပြုထားသည်မှာ ဆည်တခုတည်ဆောက်ရန်အတွက် ဆုံးဖြတ်ချက် မချမှတ်မီတွင် ရေ၊ အစားအစာနှင့် လောင်စာမည်မျှလိုအပ်မည်ကို သေချာစွာ သုံးသပ်လေ့လာထားရန် လိုအပ်ပါသည်။ အခြားဖြစ်နိုင်ဖွယ်ရှိသော ရွေးချယ်စရာလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး၊ ပထမဦးစားပေး စဉ်းစားဆုံးဖြတ်သင့်သောအချက်မှာ လက်ရှိ တည်ရှိနေဆဲ စနစ်များကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် မည်သို့တိုးတက်အောင် ဆောင်ရွက်နိုင်မည်ကို စဉ်းစားရန် လိုအပ်ပါသည်။ ဤတည်ဆောက်ရေးလုပ်ငန်းများကြောင့် အကျိုးသက်ရောက်မှု ခံစားရမည့်သူများကိုလည်း ဆုံးဖြတ်ချက် ချမှတ်သည့်နေရာတွင် ပါဝင်ပတ်သက်မှု ရှိစေရမည်ဖြစ်သည်။ ထို့အပြင် ဤစီမံချက်ကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပထမဦးဆုံး ခံစားကြရမည့်သူများသည် ဤလူထုများ ဖြစ်ကြပါသည်။ အကျိုးသက်ရောက်ခံရဖွယ်ရှိသော လူထုများက လက်ခံမှုမရှိဘဲ မည်သည့်ဆည်ကိုမျှ မတည်ဆောက်သင့်ပါ။ ဌာနေဒေသခံများနှင့် တိုင်းရင်းသားလူမျိုးစုများ ရှိနေပါက ၎င်းတို့ကို အထူးဦးစားပေး စဉ်းစားရမည်ဖြစ်ပါသည်။[၇၄] တရုတ်နိုင်ငံ၏ ရေအရင်းအမြစ်ဥပဒေတွင် စီမံချက်ကို ပြင်ဆင်ရေးဆွဲရာနှင့် ပြန်လည်သုံးသပ်မှုပြုရာ အဆင့်များအားလုံးတွင် လူထုများ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိစေရေးအတွက် တိုက်တွန်းထားပါသည်။[၇၅] သေချာသည်မှာ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ခွင့် ရရှိလာစေရန် အကြောင်းမရှိပါ။

အောက်ခြေမှတ်စုများ

1 *Valley of Darkness:Gold mining and militarization in Burma's Hugawng Valley, KDNG,2007*

2 "Myanmar commits to building more hydropower," Xinhua, May 7, 2007. မီဂါဝပ် (MW) သည် ဝပ် (watt) တသန်းနှင့်ညီမျှသော လျှပ်စစ်ဓါတ်အား တိုင်းတာရေးယူနစ် ဖြစ်သည်။ ဥပမာ–ကွန်ပြူတာ အလုံးပေါင်း (၂,၀၀၀) ခန့်သည် လျှပ်စစ်ဓါတ်အား တစ် မီဂါဝပ်ကို အသုံးပြုသည်။

3 http://www.energy.gov.mm/efficiency_conservation_sustainability.htm, *Greater Mekong Subregion Atlas of the Environment,* Asian Development Bank, 2004.

4 "Legal aspects of hydropower projects in Myanmar," Hydropower and Dams, Issue One, 2007.

5 "Goodbyes gas for hydropower," *The Myanmar Times*, July 10-16, 2006.

6 *Dams and Development-A new framework for decision-making*, The report of the World Commission on Dams, 2000.

7 "Dam the consequences – Big, bad dams return to South-East Asia," *The Economist*, June 13, 2007. ဤဆောင်းပါးတွင် "ဆည်ကြီးများ အထူးသဖြင့် မြန်မာနိုင်ငံက သံလွင်မြစ်ကြောင်းတွင် တည်ဆောက်နေသော ဆည်များ နှင့် မဲခေါင်မြစ်ပေါ်တွင် တည်ဆောက်ရန် အကြံပြုတင်ပြထားသော လောနိုင်ငံ၏ ဒွန်ဆာဟောင်း (Don Sahong) ဆည်ကဲ့သို့ သော ရောမဆည်ကြီးများကို ဒေသခံပြည်သူများအပေါ်ကျရောက်မည့် ဘေးဒုက္ခများကိုသော်လည်းကောင်း၊ မြစ်တို့၏ အထိ အခိုက် မခံနိုင်သော ဂေဟစနစ်များ ထိခိုက်ပျက်စီးမှုကို သော်လည်းကောင်း ပမာမထားဘဲ၊ မဖြစ်မနေတွန်းထိုး တည်ဆောက်သွား အလားအလာ ရှိနေပေသည်။ ကမ္ဘာ့ဘဏ် သို့မဟုတ် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) တို့က ဤစီမံချက်များအတွက် ဘဏ္ဍာငွေ ထောက်ပံ့သည်ဖြစ်စေ၊ မထောက်ပံ့သည်ဖြစ်စေ၊ တပါတီအာဏာရှင်အစိုးရများ အုပ်ချုပ်နေကြသော ဤနိုင်ငံနှစ်ခုက လျှပ်စစ်ဓါတ်အား အထူးဆာလောင် မက်မောနေသော အိမ်နီးချင်း နိုင်ငံများ၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရနိုင်ကြောင်း သိနေကြရာ၊ ဤသို့တရုပ်ဘက်လှည့်၍ လုပ်ဆောင်လာကြလိမ့်မည် ဖြစ်သည်" ဟု ဖေါ်ပြထားပါသည်။

8 "Myanmar's push for Hydropower," *Energy Tribune*, February 23,2007, at www.energytribune.com/
articles.cfm?aid= 400.

9 WCMC Biodiversity Series No. 8 Freshwater Biodiversity: a preliminary global assessment, World Conservation Monitoring Centre, 1998. ဤသို့ ဖိစီးစေသော အကြောင်းတခုမှာ ဆည်များ ဖြစ်ပါသည်။ အစီရင်ခံစာ၌ ဖေါ်ပြထားရာတွင် "ဆည်များသည် မြစ်ရေစီးဆင်းပုံစနစ်ကို ထိခိုက်စေသည်။ အများအားဖြင့် အကြီးအကျယ်ထိခိုက်စေသည့် အပြင်၊ သတ္တဝါတို့၏ ခိုအောင်းရာနေထိုင်ရာ ဒေသကြီးများကိုလည်း ပျက်စီးစေသည်။ သားပေါက်ရန်အတွက် မြစ်စနစ်ထဲတွင် စုံဆန်ကူးလူးနေကြသော ငါးများအပေါ်တွင်လည်း အထူးသိသာစွာ ထိခိုက်သက်ရောက်စေသည်။"

10 Watersheds of Asia and Oceania, As12 Irrawaddy, *Water Resources* eAtlas, http://www.iucn.org/themes/wani/eatlas/pdf/as/as 13.pdf. *Greater Mekong Subregion Atlas of the environment*, Asian Development Bank, 2004 ဤစာစောင်၏ဖေါ်ပြချက်အရ မြစ်တွင်းရှိ ငါးများတွင် ဂင်္ဂါမြစ်တွင်းနေ ထိုင်ကြသော ငါးမျိုးစိတ်များပါဝင်မှုရှိပြီး၊ မဲခေါင်မြစ်ထဲမှာ မတွေ့ရသော ဌာနေခံ ငါးမျိုးစိတ်အများ ဤမြစ်ထဲမှာရှိနေကြသည်။

11 Irrawaddy Watershed, EarthTrends/World Resources Institute, 2002.

12 "*Amblyceps Carinatum*, a new species of hillstream catfish from Myanmar(Teleostei: Amblycipitidae)," *Raffles Bulletin of Zoology*, 2005 53(2): 243-249, December 31, 2005. ဧရာဝတီမြစ်မှာတွေ့ရှိရသော အချို့ငါးခူများနှင့် နှင့် မဲခေါင်မြစ်မှာတွေ့ရှိရသော ငါးခူများသည် ပုံစံချင်းမတူကြဘဲ၊ တမူထူးခြားနေကြောင်း၊ အကြောင်းမှာ ဧရာဝတီမြစ်သည် ဂင်္ဂါမြစ်နှင့် မြစ်စနစ်ချင်း ပို၍တူသောကြောင့်ဖြစ်ကြောင်းကိုလည်း ဆောင်းပါးက ဖေါ်ပြထားသည်။ ထို့ကြောင့် ဧရာဝတီမြစ်သည် မတူခြားနားသော ဇီဝ ပထဝီဒေသများ (biogeographic regions) ၏ ဆုံစည်းရာ နေရာတခု ဟုဆိုနိုင်သည်။

13 Irrawaddy Watershed, EarthTrends/ World Resources Institute , 2002.

14 *Greater Mekong Subregion Atlas of the Environment*, Asian Development Bank, 2004.

15 "Irrawaddy's bounty is its people's curse," in *The Nation, January* 24, 1997.

16 http://www. Worldwildlife.org/wildworld/profiles/terrestrial/im/im0116_full.html

17 ဤဒဏ္ဍာရီပြောဆိုကြရာတွင် ကွဲလွဲမှု အချို့ရှိပါသည်။ နတ်မင်းကြီးက လက်တဖက်မှနေ၍ ရွှေခွက်ဖြင့်လောင်းပြီး၊ အခြားလက်တဖက်မှ ငွေခွက်ကိုင်၍ လောင်းချသည်ဟုလည်း ဆိုကြပါသည်။ ထို့အပြင် မြစ်များနှင့် ပတ်သက်သည့် ထူးခြားချက်အကြောင်းများတွင်လည်း ကွဲလွဲပြောဆိုမှု အချို့ရှိပါသည်။ Please see *The Kachins: Religion and Custom,* A. Gilhodes, 1996 and http;//www.pandaw1947.com/irrawaddy_river.htm

18 *Myanmar Hydroproject,* Report, China Power Investment Corporation Myanmar Hydro Division, April 2007.

19 နောက်ထပ်သတင်းအချက်အလက်များကို China Southern Power Grid. website စာမျက်နှာ www.csg.cn တွင် ကြည့်နိုင်သည်။

20 "West-to-east Power Transmission Program Well Underway in SW China," *People's Daily Online,* January 10, 2003.

21 "China to Build Dams in Northern Burma," *The Irrawaddy Business News,* February 2007.

22 *China eyes second dam on Thanlwin*, The Myanmar Times, Volume 19, No.336, May 14-20, 2007, "China firm to build Myanmar hydro-power plants," *AFP*, May5, 2007.

23 *China eyes second dam on Thanlwin*, The Myanmar Times, Volume 19, No.336, May 14-20, 2007.

24 "Hydropower plays a leading role in Myanmar's power development plans," International Journal of Hydropower and Dams, Issue Two, 2005.

25 "Who rules the Ground?" The power of Myanmar's area commanders," at http://www,asiaweek.com/asiaweek/magazine/99/0903/nat_myanmar.html

26 http://eng.cpicorp.com.cn/channel.do?cmd=show&id=5

27 *Myanmar Hydroproject Report*, China Power Investment Corporation Myanmar Hydro Division, April 2007.

28 http://eng.cpicorp.com.cn/channel.do?cmd=show&id=5

29 http://finance.mapsofworld.com/company/c/china-southern-power-grid.html နှင့် www.csg.cn အင်တာနက် စာမျက်နှာများမှ သတင်းအချက်အလက်များ ရယူပါသည်။

30 http://www.ymec.com.cn/en/about.htm

31 www.yndaily.com/html/20051201/news_88_714449.html

32 http://www,cjw.com.cn/index/civilization/detail/20070530/88736.asp

33 အေရှဝေါလ်ကုမ္ပဏီသည် ပျဉ်းမနား မြို့တော်သစ် (နေပြည်တော်) ၏ အတွင်းနှင့်အပြင် အဆောက်အဦးများ ဆောက်လုပ်ရေး အတွက် အစိုးရနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုထားသော အဓိကကုမ္ပဏီကြီးတခုလည်း ဖြစ်သည်။

34 အေရှဝေါလ်နှင့် ပတ်သက်သော အချက်အလက်များကို ဧရာဝတီမဂ္ဂဇင်းမှ ခွန်ဆမ် (Hkun Sam) က သုတေသနပြုသည်။ "Hanging drug couriers but investing with their suppliers," in *The Nation,* October 20, 1997.

35 http://www.suntactechnologies.com/

36 htpp://www.japancorp.net/company_show.asp?compid=453

37 *Dammed by Burma's Generals: The Karenni Experience with Hydropower Development from Lawpita to the Salween,* The Karenni Development Research Group, 2006.

38 (WCD p. 112)

39 *Down River, The consequences of Vietnam's Se San River Dams on Life in Cambodia and their meaning in international law,* The NGO Forum on Cambodia

40 "The Mekong's Changing Currency," Montree Chantawong, in *Watershed*, Vol. 11, No. 2, November 2005-January 2006.

[41] *Silenced Rivers, the Ecology and Politics of Large Dams*, Patrick McCully, 2001, p. 117.

[42] တရုတ်ပြည်သူ့သမတနိုင်ငံ၊ ရေနှင့် စွမ်းအင် အရင်းအမြစ်များအတွေ့အကြုံတွင် ဆည်များနှင့်ပတ်သက်သော ကိစ္စများကို ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်သို့ တင်ပြရန် Professor R. Fuggle and W.T. Smith, 2000. ပြုစုသော တရုတ်နိုင်ငံအကြောင်း တင်ပြချက်စာတမ်းမှ ရယူပါသည်။

[43] http://asc-india.org/maps/hazard/haz-myanmar.htm, last accessed June 22, 2007.

[44] *Silenced Rivers, the Ecology and Politics of Large Dams*, Patrick McCully, 2001, p. 113-114.

[45] လုံခြုံရေးဝန်ထမ်းများနှင့် အင်ဂျင်နီယာတဦးမှာ ရေနစ်သေဆုံးခဲ့ရပါသည်။ ဒီမိုကရက်တစ် မြန်မာ့အသံ ထုတ်လွှင့်ချက်။ (၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၂) *Dam burst kills five in northern Burma's Kachin State.*

[46] မြစ်ကြီးနားရေကြီးမှုသတင်းကို http://www.kachinstate.com/reporton_myitkyina_flood.html အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်။

[47] *Down River, The consequences of Vietnam's Se San River Dams on Life in Cambodia and their meaning in international law,* The NGO Forum on Cambodia, 2005, "Death toll rises in Indian dam tragedy," 12 April 2005, www.waterpowermagazine.com

[48] From *Myanmar: Investment opportunities in biodiversity conservation*, Birdlife international, 2005, citing "Large-scale hydrological changes in tropical Asia: prospects for riverine biodiversity," *Bioscience* 50 (9): 793-806, 2000, and "The ecology of tropical Asian rivers and streams in relations to biodiversity conservation," *Annual Review of Ecology and Systematics* 31: 239-263, 2000.

[49] "Large-scale hydrological changes in tropical Asia: prospects for riverine biodiversity," David Dudgeon, in *Bioscience*, September 2000.

[50] *Greater Mekong Subregion Atlas of the Environment*, Asian Development Bank, 2004, p. 37.

[51] *Silenced Rivers, the Ecology and Politics of Large Dams*, Patrick McCully, 2001

[52] ဤအရေးပါသော ဒေသများအကြောင်းကို ဒေါက်တာ နော်မန် မေယာ (Dr. Norman Meyers) က ပထမဦးဆုံးလေ့လာခဲ့ပြီး၊ ၁၉၈၈ ခုနှစ်တွင် ပုံနှိပ်ဖော်ပြခဲ့ပြီ ဖြစ်ပါသည်။ ဤလေ့လာမှုကို နှစ်စဉ်ထပ်မံဖြည့်စွက်ခဲ့ပြီး နောက်ဆုံးစာအုပ်မှာ *Hotspots Revisited: Earth's Biologically Richest and Most Endangered Terrestrial Ecoregions.* ဟု အမည်ရပါသည်၊ ၎င်းကို အောက်ပါအင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်။ http://multimedia.conservation.org/cabs/online_pubs/hotspots2/cover.html

[53] http://www.worldwildlife.org/wildworld/profiles/terrestrial/im/im0131_full.html

[54] *Myanmar: Investment opportunities in biodiversity conservation*, Birdlife international, 2005

[55] Irrawaddy Watershed, EarthTrends/World Resources Institute, 2002.

[56] Occasional Paper No. 23 Biology and Conservation of Asian River Cetaceans, accessed at http://www.iucn.org/themes/ssc/publications/rivercetacean.htm

[57] တရုတ်ပြည်သူ့သမတနိုင်ငံ၊ ရေနှင့် စွမ်းအင် အရင်းအမြစ်များအတွေ့အကြုံတွင် ဆည်များနှင့်ပတ်သက်သော ကိစ္စများကို ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်သို့ တင်ပြရန် Professor R. Fuggle and W.T. Smith, 2000. ပြုစုသော တရုတ်နိုင်ငံအကြောင်း တင်ပြချက်စာတမ်းမှ ရယူပါသည်။

[58] "Legal aspects of hydropower projects in Myanmar," in *Hydropower and Dams*, Issue One, 2007.

[59] "Smith, B.D. & Beasely, I. 2004. *Orcaella brevirostris* (Malampaya Sound subpopulation). In: IUCN 2006. 2006 IUCN *Red List of Threatened Species*. <www.iucnredlist>.org. Downloaded on 21 June 2007.

[60] ရှစ်စတိုဆိုမီယေးစစ်ရောဂါနှင့် ပတ်သက်သော အချက်အလက်များကို *Silenced Rivers, the Ecology and Politics of Large Dams,* Patrick McCully, 2001. စာအုပ်မှ ရယူပါသည်။

[61] WCD, p. 118.

62 မိနာမာတာ ရောဂါမှာ ဂျပန်နိုင်ငံရှိ မိနာမာတာမြို့တွင် ၁၉၅၆ ခုနှစ်က ပထမအကြိမ် စတင်တွေ့ရှိခဲ့ရခြင်း ဖြစ်ပါသည်။ ချစ်ဆို ကော်ပိုရေးရှင်း **(Chisso Corporation)** ၏ ဓါတုပစ္စည်း စက်ရုံက စက်ရုံထွက် မီသိုင်းလ် မာကျူရီဓါတ်ပါဝင်သော ရေဆိုးများကို၊ ၁၉၃၂ ခုမှ ၁၉၆၈ ခုနှစ်အထိ စွန့်ပစ်နေခဲ့ပြီးနောက် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ အဆိပ်ပြင်းထန်လှသော ဓါတ်များသည် မိနာမာတာကမ်းခြေနှင့် ရှိရာနွေ ပင်လယ်အော်ရှိ အခွံပါသော ခရု၊ ပုစွန်များနှင့် ငါးများတွင် စုပုံနေခဲ့ကြပြီး၊ ဒေသခံလူထုများက ၎င်းများကို စားသုံးကာ ပြဒါးဆိပ်သင့်ခဲ့ကြခြင်း ဖြစ်ပါသည်။ (၂၀၀၁) ခုနှစ်၊ မတ်လအထိ လူပေါင်း (၂,၂၆၅) ပြဒါးဆိပ်သင့်သည့် ဒဏ် ခံစားခဲ့ကြရပြီး၊ (၎င်းတို့အထဲမှ ၁,၇၈၄ ဦးမှာ အသက်ဆုံးရှုံးခဲ့ရပါသည်။) လူပေါင်း (၁၀, ၀၀၀) ကျော်မှာ နစ်နာမှုအတွက် လျော်ကြေးငွေ ရရှိခဲ့ပါသည်။ လျော်ကြေးငွေရရှိရေးအတွက် တောင်းဆိုမှုများ၊ တရားစွဲဆိုမှုများမှာ ယနေ့တိုင် ဆက်လက် ဖြစ်ပေါ်နေဆဲ ဖြစ်ပါသည်။ မိနာမာတာရောဂါကို ဂျပန်နိုင်ငံ၏ စက်မှုညစ်ညမ်းမှုမှ ရရှိသော ရောဂါကြီး (၄) မျိုးအနက် တမျိုးအဖြစ် သတ်မှတ်ထားခဲ့ပါသည်။ ရောဂါလက္ခဏာများမှာ ကိုယ်ခန္ဓာဟန်ချက်မညီဘဲ ထိန်းမရခြင်း၊ လက်နှင့် ခြေတို့တွင် ထုံကျင်ခြင်း၊ အထွေထွေ ကြွက်သား အားနည်း ချို့တဲ့ခြင်း၊ မျက်စေ့မြင်ကွင်း ကျဉ်းခြင်း၊ အကြားနှင့် စကားပြောနိုင်သည့် စွမ်းရည် ချို့တဲ့ခြင်းများ ဖြစ်ပါသည်။ ပို၍ပြင်းထန် စွာ အဆိပ်သင့်ခံရသည့် အခြေအနေတွင် ရူးသွပ်ခြင်း၊ လေဖြတ်ခြင်း၊ သတိလစ် မေ့မျောခြင်းနှင့် ဤရောဂါလက္ခဏာများ ပေါ်ပြီးနောက် ရက်သတ္တ ပတ်များအတွင်း သေဆုံးခြင်းတို့ ဖြစ်တတ်ပါသည်။

63 *Silenced Rivers, the Ecology and Politics of Large Dams*, Patrick McCully, 2001.

64 *At What Price: Gold Mining in Kachin State, Burma*, Images Asia and Pan Kachin Development Society, 2004.

65 Smith, B.D. & Beasley, I. 2004, *Orcaella brevirostris* (Malampaya Sound subpopulation). In: IUCN 2006. *2006 IUCN Red List of Threatened Species.* <www.iucnredlist.org>. Downloaded on 21 June 2007.

66 ဥပမာအားဖြင့် တောင်အာဖရိကနိုင်ငံရှိ ကာရီဘာဆည်တွင် ဆည်တည်ဆောက်စဉ်ကာလတွင် လုပ်သားများ ဝင်ရောက်လာခြင်းနှင့် အတူ မြို့ပြ အဖြစ်ပြောင်းလာခြင်းကြောင့် လိင်ဆက်ဆံမှုကြောင့် ဖြစ်သော ရောဂါများ တိုးပွားလာစေပါသည်။ မကြာသေးမီကာလတွင် အိပ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နှုန်းမြင့်လာပြီး၊ အထူးသဖြင့် ဒေသခံအမျိုးသမီးများကို အထူးဆိုးကျိုး သက်ရောက်စေပါသည်။ လီဆိုသိုနိုင်ငံ၊ ကုန်းမြင့်ဒေသ စီမံချက်တွင်လည်း ရောဂါပျံ့ပွားမှုနှုန်းမှာ၊ ပတ်ဝန်းကျင်ဒေသများထက် ပို၍မြင့်မားနေခဲ့ပါသည်။ *Dams and Development - A new framework for decision-making*, The report of the World Commission on Dams, 2000.

67 "Aid and sanctions in Burma," Boston Globe, June 16, 2007.

68 *Valley of Darkness: Gold mining and militarization in Burma's Hugawng Valley*, KDNG, 2007.

69 မြန်မာစစ်တပ်ဖွဲ့ဝင်များက အမျိုးသမီးများအပေါ်တွင်၊ အထူးသဖြင့် တိုင်းရင်းသားဒေသများ၌ မုဒိမ်းကျင့်၊ လိင်မှုဆိုင်ရာအရ အကြမ်းဖက်ကြ သော ဖြစ်ရပ်များကို အစီရင်ခံစာအများအပြား၌ မှတ်တမ်းတင် ဖော်ပြထားကြပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် ရှမ်းအမျိုးသမီး လှုပ်ရှားမှု ကွန်ရက် အဖွဲ့ **(Shan Women's Action Network)** မှ ထုတ်ဝေသော *License to Rape: The Burmese Military Regime's Use of Sexual Violence in the Ongoing War in Shan State* (မုဒိမ်းကျင့်ခွင့်လိုင်စင်။ ။ ရှမ်းပြည်နယ်အတွင်း ဆက်လက်ဖြစ်ပွားနေသော စစ်ပွဲတွင်း၌ မြန်မာစစ်အစိုးရက လိင်မှုဆိုင်ရာအကြမ်းဖက်မှုများကို ဆက်လက်ကျင့်သုံးနေခြင်း) အစီရင်ခံစာ၊ ကရင်အမျိုးသမီး အစည်းအရုံး (ကေဒဗလျူအို) မှ ထုတ်ဝေသော *Shattering Silences* (တိတ်ဆိတ်နေမှုကို ချိုးဖျက်လိုက်ခြင်း) အစီရင်ခံစာ၊ မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်း **(Human Rights Foundation of Monland)** နှင့် အမျိုးသမီးနှင့် ကလေးဆိုင်ရာ အခွင့်အရေးစီမံချက် **(Women and Child Rights Project)** တို့ ပူးပေါင်းထုတ်ဝေသော *Catwalk to the Barrack* (စစ်တန်းလျားသို့ အလှပြလမ်းလျှောက်ကြရခြင်း) အစီရင်ခံစာများတွင် တွေ့ရှိနိုင်ပါသည်။ ထို့အပြင် ချင်းပြည် အမျိုးသမီးအဖွဲ့ချုပ် **(The Women League of Chinland)** မှ ထုတ်ဝေသော *Unsafe State* (မလုံခြုံသောပြည်နယ်) အစီရင်ခံစာတွင်လည်း တွေ့နိုင်ပါသည်။

70 အမှု အမှတ် **(MMR 090307.CC.VAW)** ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့၊ နိုင်ငံတကာ အတွင်းရေးမှူးများအဖွဲ့၏ ၂၀၀၇ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် တင်ပြချက်။ "Jailing of four minor girls gang-raped by members of the military, Case MMR 090307.CC.VAW," the International Secretariat of the World Organisation Against Torture, March 9, 2007.

71 *The Impact of Dams and Resettlement on Women's Lives*, Carol Yong, www.wrm.org.uy/bulletin/79/dams.html

72 *Dams, Indigenous Peoples and Ethnic Minorities*, Prepared for the World Commission on Dams (WCD) by Marcus Colchester - Forest Peoples Programme, November

2000. သတိပြုသင့်သောအချက်မှာ အတိတ်ဖြစ်ရပ် အတွေ့အကြုံများအရ မြန်မာနိုင်ငံတွင် ပြောင်းရွှေ့ကြရသောသူများရရှိကြသော လျော်ကြေးငွေမှာ မဆိုစလောက်မျှ အနည်းငယ်သာ ရရှိပါသည်။

73 *The Relocation Component in Connection with the Sardar-Sarovar (Narmada) Project,* World Bank, Washington DC, 1984.

74 ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်၏ အကြံပြုချက်များကို ပိုမိုသိရှိလိုပါက အောက်ပါ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါသည်။ www.dams.org

75 တရုတ်ပြည်သူ့သမတနိုင်ငံ၊ ရေနှင့် စွမ်းအင် အရင်းအမြစ်များအတွေ့အကြုံတွင် ဆည်များနှင့်ပတ်သက်သော ကိစ္စများကို ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင်သို့ တင်ပြရန် Professor R. Fuggle and W.T. Smith, 2000. ပြုစုသော တရုတ်နိုင်ငံအကြောင်း တင်ပြချက်စာတမ်းမှ ရယူပါသည်။

76 “What is small hydro?” from the International Small Hydro Atlas at http://www.small-hydro.com/index.cfm?fuseaction=welcome.whatis

77 *Development of Small Hydro,* G. Baidya, presented at the Himalayan Small hydropower Summit, October 2006.

နောက်ဆက်တွဲ ၁။ တွေ့ဆုံမေးမြန်းခဲ့သူများ စာရင်း

စဉ်	ရက်စွဲ	ကျား/မ	အသက်	အလုပ်အကိုင်
၁	၂၀၀၆ ခုနှစ်၊ မတ်လ	ကျား	၃၅	ဘုရားကျောင်းလူကြီး
၂	၂၀၀၆ ခုနှစ်၊ မတ်လ	ကျား	၂၄	ကူးတို့လှေသမား
၃	၂၀၀၆ ခုနှစ်၊ မတ်လ	ကျား	၃၈	တံငါ
၄	၂၀၀၆ ခုနှစ်၊ မတ်လ	ကျား	၆၀	မုဆိုး
၅	၂၀၀၆ ခုနှစ်၊ မတ်လ	ကျား	၃၀	တံငါ
၆	၂၀၀၆ ခုနှစ်၊ မတ်လ	ကျား	၅၈	လယ်သမား
၇	၂၀၀၆ ခုနှစ်၊ မတ်လ	မ	၆၄	လယ်သမား
၈	၂၀၀၆ ခုနှစ်၊ မတ်လ	မ	၂၇	ကျပမ်းဈေးရောင်းသူ
၉	၂၀၀၆ ခုနှစ်၊ မတ်လ	မ	၄၆	အငယ်စား မိုင်းတွင်းတူးသမား
၁၀	၂၀၀၆ ခုနှစ်၊ မတ်လ	မ	၃၉	တိုင်းရင်းဆေးဆရာ
၁၁	၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ	ကျား	၂၈	ဝါးရောင်းသူ
၁၂	၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ	ကျား	၂၄	တံငါ
၁၃	၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ	ကျား	၂၆	ကူးတို့လှေသမား
၁၄	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၂၄	နေ့စားအလုပ်သမား
၁၅	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၄၀	ဘုရားကျောင်းလူကြီး
၁၆	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၂၇	တံငါနှင့် ကူးတို့လှေပို့သူ
၁၇	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၆၀	လယ်သမားနှင့် တံငါ
၁၈	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၅၅	လယ်သမားနှင့် အငယ်စား မိုင်းတွင်းတူးသူ
၁၉	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၆၀	လယ်သမား
၂၀	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	မ	၆၅	လယ်သမား
၂၁	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၄၄	ကျေးရွာလူကြီး
၂၂	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၄၀	သင်းအုပ်ဆရာ
၂၃	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၄၃	အဓမ္မလုပ်အားခိုင်းစေခံရသူ
၂၄	၂၀၀၆ ခုနှစ်၊ အောက်တိုဘာ	ကျား	၅၆	သင်းအုပ်ဆရာ
၂၅	၂၀၀၇ ခုနှစ်၊ မတ်လ	ကျား	၅၈	သင်းအုပ်ဆရာ
၂၆	၂၀၀၇ ခုနှစ်၊ မတ်လ	မ	၂၉	လယ်သမား
၂၇	၂၀၀၇ ခုနှစ်၊ မတ်လ	မ	၂၆	လယ်သမား
၂၈	၂၀၀၇ ခုနှစ်၊ ဧပြီလ	ကျား	၄၀	သင်းအုပ်ဆရာ
၂၉	၂၀၀၇ ခုနှစ်၊ ဧပြီလ	ကျား	၂၉	သင်းအုပ်ဆရာ
၃၀	၂၀၀၇ ခုနှစ်၊ ဇွန်လ	ကျား	၆၃	သင်းအုပ်ဆရာ

နောက်ဆက်တွဲ ၂။ ဆည်ကြောင့် နစ်နာမှု ဆိုးကျိုးများ ခံစားရမည့် ရပ်ရွာပြည်သူများမှ တင်ပြသော ဆည် တည်ဆောက်ရေး ကန့်ကွက်သည့်စာ၊

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ။
သို့
ဥက္ကဋ္ဌ၊ အတွင်းရေးမှူး
ကချင်ပြည်သူ့ အတိုင်ပင်ခံကောင်စီ
ရှာတာဖြူ၊ မြစ်ကြီးနား
ကချင်ပြည်နယ်။

အကြောင်းအရာ။ ။ မေလိခ–အင်မိုင်ခမြစ်ဆုံတွင် ဆည်တည်ဆောက်မည့်ကိစ္စ။

လူကြီးမင်းခင်ဗျား။
အထက်ဖော်ပြပါ အကြောင်းကိစ္စနှင့် ပတ်သက်၍ တန်ဖရဲကျေးရွာနေ မိမိတို့ ပြည်သူများမှ မိမိတို့ လူမျိုးစု တရပ်လုံး ထိခိုက်နစ်နာစေနိုင်သောကိစ္စနှင့် ပတ်သက်၍ မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

ပေ (၅၀၀) အမြင့်ရှိသည့် ကွန်ကရစ်ဖြင့် မံ၍၊ ကျောက်သားဖြည့် ရေလှောင်ဆည်တခုကို ဂျပန်နိုင်ငံမှ ကန်ဆိုင်း ကုမ္ပဏီက တန်ဖရဲကျေးရွာတောင်ဘက် ၃– မိုင်အကွာအဝေး၊ မလိခ–အင်မိုင်ခမြစ်ဆုံနေရာတွင် မကြာမီတည် ဆောက်ရန် ရှိနေပါသည်။ ဤကိစ္စသည် ကချင်အမျိုးသားတရပ်လုံးကို အန္တရာယ်ကျရောက်စေနိုင်သောကိစ္စ ဖြစ်ပါသည်။

ဆည်တည်ဆောက်လိုက်ခြင်းကြောင့် မိမိတို့ပြည်သူများအပေါ် အောက်ဖော်ပြပါ ဆိုးကျိုးသက်ရောက်မှုများ ဖြစ် ပေါ်လာနိုင်သည်ဟု ထင်မြင်မိပါသည်။
၁။ ကျေးရွာပေါင်း (၂၀) ကျော်၊ လူဦးရေ (၃၀၀၀) ကျော်နှင့် မိသားစု (၅၀၀) တို့၏ နေထိုင်ရာကျေးရွာများ ရေလွှမ်းခံရနိုင်ခြင်း။
၂။ ရေလွှမ်းခံရမှုကြောင့် စိုက်မြေလယ်ယာများ (၁၈, ၀၀၀) စတုရန်းမိုင်ခန့် ပျက်စီးဆုံးရှုံးသွားနိုင်ခြင်း၊
၃။ ဒေသခံပြည်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးရကာ၊ ဘဝမလုံခြုံ ဖြစ်လာနိုင်ခြင်း။
၄။ ကချင်ပြည်သူများ၏ လှပသာယာသော သဘာဝဝန်းကျင်များ ပျက်စီးဆုံးရှုံးရမည် ဖြစ်ခြင်း၊
၅။ ရှားနှင့်ချိသော တိရိစ္ဆာန်သားကောင်များ၊ သစ်မာန်ပန်းမာန် အမျိုးများ ဆုံးရှုံးရနိုင်ခြင်း။
၆။ မလိနှင့် အင်မိုင် ဝါလွန်း၊ မလိ–ခရန် ဝါလွန်းနှင့် ဆွမ်ပရာဘွမ် တြိဂံဒေသရှိ လမ်းပန်းဆက်သွယ်ရေးများ ရေလွှမ်းခံရမှုကြောင့် ပြတ်တောက်သွားနိုင်ခြင်း။
၇။ ခရိုင်နော်နှင့် ခရိုင်ဂမ်တို့၏ ကချင်ရာဇဝင်လာ ဇာတိမြေဒေသများ မြေပုံပေါ်မှ ပျောက်ကွယ်သွားရဖွယ် ရှိနေခြင်း။
၈။ ကချင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ခရစ်ယာန်သာသနာပြုအသင်း ဌာနချုပ်လည်း နေရာပျောက်ကွယ်ရဖွယ် ရှိနေခြင်း။
၉။ ကချင်လူမျိုးများအတွက် သမိုင်းဝင်၊ အလေးအမြတ်ထားရာနေရာများ ပျက်စီးပျောက်ကွယ်သွားရဖွယ် ရှိနေ ခြင်း စသည်တို့ ကြုံရနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဤစာနှင့်အတူ အထောက်အထားမှတ်တမ်း ၂–ခုကို ဆည်တည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်း စေရန်အတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များထံ ဆက်လက် တင်ပြနိုင်ရန်အတွက် ပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်–

တန်ဖရဲကျေးရွာသားများအားလုံး စုပေါင်းလက်မှတ်ရေးထိုးပါသည်။
မိတ္တူကို–
၁။ ကေအိုင်အို (KIO) ဆက်ဆံရေးရုံး၊ မြစ်ကြီးနားမြို့။
၂။ အဲန်ဒီအေကေ (NDAK) အဖွဲ့ ဆက်ဆံရေးရုံး၊ မြစ်ကြီးနားမြို့။
၃။ ကချင်အမျိုးသား ယဉ်ကျေးမှုဌာန၊ မြစ်ကြီးနားမြို့။
၄။ ကချင် ဘက်ပတစ်အသင်းတော် ဌာနချုပ်၊ မြစ်ကြီးနားမြို့။
၅။ မြစ်ကြီးနားမြို့ ကက်သလစ်အသင်းတော် ဌာနချုပ်။
၆။ ကချင်ပြည်နယ် ကျမ်းစာသင်ကျောင်း ကောလိပ်၊ နောင်နန်း၊ မြစ်ကြီးနားမြို့။
၇။ တန်ဖရဲကျေးရွာ ကောင်စီ၊ လက်ခံဖိုင်။

နောက်ဆက်တွဲ ၃။ ကချင်လူထုခေါင်းဆောင်များထံမှ ကန့်ကွက်သောစာ၊

သို့

ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
နေပြည်တော်။

မြစ်ကြီးနားမြို့
ရက်စွဲ ၊ ၂၀၀၇ ခုနှစ်၊ မေလ (၂၁) ရက်

အကြောင်းအရာ။ ။ **ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် မေခနှင့်မလိခ မြစ်ဆုံတွင်တည်ဆောက်မည့်ရေအားလျှပ်စစ်စီမံကိန်းအား ရပ်ဆိုင်းပေးရန်တောင်းဆိုလျှောက်ထားခြင်း။**

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် ကချင်ပြည်နယ်သားများ၏ကိုယ်စား အောက်တွင်လက်မှတ်ရေးထိုးကြသော ကျွန်တော်များက ဥက္ကဋ္ဌကြီး၏ ယုံကြည်လေးစားစွာဖြင့် တောင်းဆိုအပ်ပါသည်။

၂။ ၂၀၀၇ ခုနှစ် မေလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဧရာဝတီမြစ်ဆုံ မေခနှင့်မလိခမြစ်ဝှမ်းတို့တွင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်နေရာများအဖြစ် ကချင်ပြည်နယ်အရှေ့နှင့်အရှေ့မြောက်ခြမ်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း ၇ ခုအနက်၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ချီဖွေရေအားလျှပ်စစ်စီမံကိန်းများကို စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း သတင်းတွင် ပါရှိပါသည်။

၃။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန်သတ်မှတ်ထားသောတည်နေရာသည် မြစ်ကြီးနားမြို့နယ် အတွင်းတည်ရှိ၍ မြစ်ကြီးနားမြို့မှ ၂၆ မိုင်ကွာဝေးသည့် တန်ဖရဲ ကျေးရွာ၏ ရွာအစွန်တွင်တည်ရှိသည်၊ ဧရာဝတီမြစ်စတင်စီးဆင်းသော မေခနှင့်မလိခ မြစ်ကြီးနှစ်သွယ်ဆုံသည့် နေရာနှင့်ဖြတ်လမ်းဖြင့် တိုင်းတာမည်ဆိုပါက မိုင်ဝက်ခန့်အကွာအဝေးတွင် တည်ရှိမည်ဖြစ်သည်။

၄။ တန်ဖရဲကျေးရွာသည် မြစ်ဆုံအနောက်ဖက်ကမ်းနှင့် အင်ခိုင်ဘွမ်တောင်ကြား အလွန်ကျဉ်းမြောင်းသောနေရာတွင်တည်ရှိသည်၊ တန်ဖရဲကျေးရွာမှ မလိခမြစ်ကို ဖြတ်ကျော်သောအခါ မေခနှင့်မလိခ ကြားမြေသို့ရောက်ရှိပါသည်။ မြစ်ဆုံကျေးရွာကစတင်ပြီး ကျေးရွာ ကိုးရွာ တဆက်တစပ်တည်ရှိပြီး အင်ဂျန်းယန်မြို့နယ်သို့ရောက်ရှိပါသည်။ အင်ဂျန်းယန်မြို့နယ်နှင့် တန်ဖရဲကျေးရွာတို့ မြေမျက်နှာပြင် တညီတည်းတည်ရှိသောဒေသဖြစ်ပါသည်။

၅။ မြစ်ကြီးနားမြို့နယ်တွင်းရှိ ကျေးရွာတစ်ခုဖြစ်သော တန်ဖရဲကျေးရွာတွင် အမြဲနေထိုင်သောအိမ်ခြေ ၁၈၇ အိမ်ရှိပြီး၊ လူဦးရေ ၁၀၄၆ ဦးရှိပါသည်။ ထို့အပြင် ပွဲလမ်းရာသီများတွင် ဈေးဆိုင်များလာဖွင့်လှစ်၍ စီးပွားရေးလာရောက်လုပ်ကိုင်သော ပြည်သူအများအပြားလည်းရှိကြပါသည်။ ဤကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း၊ တွဲဖက်အထက်တန်းကျောင်းတစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ရဲစခန်း၊ ဆက်သွယ်ရေးဌာန၊ မိုးလေဝသ၊ အစိုးရစည်ပင်သာယာတစ်ခု၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသုံးကျောင်း၊ ခရစ်ယာန်သီလရှင်ကျောင်း တစ်ကျောင်း၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတစ်ကျောင်း၊ စေတီတစ်ဆူတို့ တည်ရှိသော မြို့ငယ်ကလေးတစ်မြို့ဟုဆိုနိုင်သောကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ဆွမ်ပရာဘွမ်မြို့နယ်နှင့် ပူတာအိုခရိုင်ရှိ မြို့နယ်လေးမြို့သို့သွားရန် တစ်ခုတည်းသော ကားလမ်းဖြတ်သန်းရာ ကျေးရွာဖြစ်ပါသည်။

မေခနှင့်မလိခမြစ်နှစ်သွယ်ကြား ဤမြစ်ကြားနယ်တွင် နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများမှီခိုရာ ၊မြို့ငယ်ကလေးအဆင့်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ဤနယ်တစ်ခုလုံးတွင် တွဲဖက်အထက်တန်းကျောင်းကို ဤကျေးရွာ၌ ဖွင့်လှစ်ထားရှိပါသည်။ ဤကျေးရွာတွင် နေထိုင်ကြသော ပြည်သူများသည်အချို့တောင်ယာနှင့် ဥယျာဉ်ခြံများ လုပ်ကိုင်ကြပြီး အချို့မှာ မြစ်ဆုံ၏သဘာဝ အလှအပကို ကြည့်ရှုခံစားရင်း အပန်းဖြေရန်အလို့ငှာလာရောက်ကြသော ရပ်နီးရပ်ဝေးမှ ပြည်တွင်းဧည့်သည်များနှင့် နိုင်ငံခြားသား ဧည့်သည်များအတွက် ဝန်ဆောင်မှုလုပ်ငန်း များကိုလည်း လုပ်ကိုင်ကြပါသည်။

၆။ ကချင်ပြည်နယ်၏ မြောက်ပိုင်းတောင်တန်းများမှစီးဆင်းသော မြစ်၊ ချောင်းများ ဤမြစ်ကြီးနှစ်သွယ်သို့ စီးဝင်ကြသည်။ အလွန်မြင့်မား၍ မိုးများသော ဤဒေသတွင် ရွာသွန်းသော မိုးရေများသည် ဤမြစ်နှစ်သွယ်သို့ စုပေါင်းစီးဝင်ပါသည်။ နှစ်စဉ်နှစ်တိုင်းမြစ်ဆုံအထက်ပိုင်းဒေသတစ်ခုခုတွင် မိုးများသည်းပြီး မြေပြိုတတ်လေ့ရှိပြီး မြစ်ချောင်းများမှရေ အရှိန်အဟုန်ကြီးမားစွာဖြင့်စီးဆင်းလာ၍ ပတ်ဝန်းကျင်ရှိ သစ်ပင်ဝါးပင်များကို မေခနှင့်မလိခသို့အများအပြား မျှောဆင်းလာစေပါသည်။ ဤသစ်တုံးသစ်ဖေးများကို ဧရာဝတီမြစ်က ဆက်လက်သယ်ဆောင်လာသဖြင့် ဧရာဝတီမြစ်ရိုးများတွင် တည်ရှိသော ကျေးရွာများ၊ မြို့ကြီးများအချို့၌ နှစ်စဉ်နှစ်တိုင်း အထူးတလေထင်းခွေစရာမလိုလောက်အောင်ပင် ထင်းလုံလောက်စွာ ရရှိကြသည်ကို တွေ့ရှိရပါသည်။ ကချင်ပြည်နယ်တွင် မိုးအခါ၌မိုးကြီးသဖြင့် ချောင်းငယ်များရေကြီး၍ မြေပြိုခြင်းကြောင့် အစိုးရစီမံကိန်းများပျက်စီးခဲ့ရသော သာဓကများ ရှိခဲ့ပါသည်။ ပိုင်းမော်မြို့နယ်တွင် တည်ဆောက်ခဲ့သော "ဝါချောင်" ဆည်သည် ယင်းဆည်သို့စီးဝင်သောတောင်ကျချောင်းများ ရေကြီးမှုဒဏ်ကြောင့် ပျက်စီးတိမ်ကောသွားခဲ့ရပါသည်။ မြစ်ကြီးနားမြို့အတွက် ရေအားလျှပ်စစ်မီးချက်ကို ၁၉၉၄ ခုနှစ်တွင် ပြည်သူများ၏ လုပ်အားဖြင့် မြစ်ကြီးနားမှ ၂၂ မိုင်ကွာဝေးသော ကြိမ်ရေနံချောင်းမှ ရေအားလျှပ်စစ် ထုတ်လုပ်ခဲ့သည်။ ၎င်းသည်လည်း ၂၀၀၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ထိုချောင်းမြစ်ဖျားခံသော တောင်ကြားများတွင် မိုးရေ စုလျှံမှုဖြစ်ပေါ်လာကာ ထိုရေစီးအားကြောင့် တောင်များနှင့်မြေပြိုဆင်း လာမှုကြောင့် ရေအားလျှပ်စစ် Transformer များ၊ တာဘိုင်များ၊ Dynamo များရေထဲမျှောပါ သွားခဲ့ရပါသည်။

၇။ ဤသို့သောအခြေအနေများရှိနေသဖြင့် အင်အားအလွန်ကြီးမားလှသောဧရာဝတီမြစ်ကြီးကို ပိတ်လှောင်ပြီးအဆိုပါရေကာတာကြီးကိုတည်ဆောက်မည်ဆိုပါက ထိုဒေသရှိဒေသခံပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ၊ ခြံမြေများ၊ သဘာဝသယံဇာတအရင်းအမြစ်များ၊ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ အကြီးအကျယ် ပျက်စီးဆုံးရှုံးသွားမည်ဖြစ်ပါသည်။ မေခ-မလိခ ကြားနယ်မြေတွင်နေထိုင်သော ပြည်သူများ အတွက် ထွက်ပေါက်လမ်းလည်း ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ မြောက်ပိုင်းဒေသ သို့ဆက်သွယ်သော မော်တော်ကားလမ်းအသစ်တစ်ခုကိုပါထပ်မံ ရှာဖွေတည်ဆောက်ကြရတော့မည် ဖြစ်ပါသည်။

၈။ ထို့ပြင် ငွေကြေးဖြင့်တွက်ဆ၍မရနိုင်သော၊ မည်သည့်အရာနှင့်မျှအစားထိုး၍မရရှိနိုင်သော သဘာဝအမွေအနှစ်များကိုလည်း လက်လွှတ်ဆုံးရှုံးကြရမည်ဖြစ်ပါသည်။ မေခနှင့်မလိခ မြစ်ကြီးနှစ်သွယ် ဆုံစည်းရာမှဖြစ်ထွန်းလာသော ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏မြောက်မှတောင်ဖက်သို့ စီးဆင်းကာ မြန်မာနိုင်ငံအား အလုပ်အကျွေးပြုနေသော ဧရာမသဘာဝအမွေအနှစ်ကြီးဖြစ်ပါသည်။ ဤမြစ်ဆုံကို သဘာဝအမွေအနှစ်အဖြစ် စောင့်ထိန်းရန် မြန်မာနိုင်ငံသားများ၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်သည်ဟု ကျွန်တော်များကအလေးအနက် ယုံကြည်ခံယူကြပါသည်။ တိုင်းပြည်အခြေအနေ မည်သို့ရှိနေစေကာမူ တိုင်းပြည်၏ယဉ်ကျေးမှုအမွေအနှစ် (Cultural Heritage) နှင့် သဘာဝ အမွေအနှစ် (Natural Heritage) များကို ကာကွယ်စောင့်ရှောက်ကြပြီး ကောင်းမြတ်သောပတ်ဝန်းကျင်ကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းပေးသွားရန်မှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်ပေသည်။

၉။ ပစ္စည်းသင်္ခါရ လူသင်္ခါရ ဟူသောဆိုရိုးစကားအရ လူတို့မှာသက်တမ်းရှိသလို လူတို့ပြုလုပ်သော ပစ္စည်းပစ္စည်းသည်လည်း သက်တမ်းရှိသည်ဟု အဓိပ္ပာယ်ပေါက်ပါသည်။ ယခုတည်ဆောက်မည့် မြစ်ဆုံ တာတမံကြီးသည်လည်း လူတို့ပြုလုပ်သောပစ္စည်းများနှင့် တည်ဆောက်ရမည်ဖြစ်၍ သက်တမ်းတစ်ခု အတွက်သာ ရှိနိုင်မည်ဖြစ်ပါသည်။ ယခုတည်ဆောက်မည့်တာတမံမှစ၍ ရေအောက်ပိုင်းမြစ်ကြောင်းတစ်လျှောက် ဝဲ၊ ယာ တွင်တည်ရှိသော မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့ အပါအဝင် လူဦးရေထူထပ်စွာနေထိုင်သော ရွာနေရာဒေသရှိ နောင်လာနောက်သား၊ ပြည်သူများ၏ကံကြမ္မာသည် မြစ်ဆုံရေတာတမံ၏ သက်တမ်းအပေါ် တည်မှီပြီး အစဉ်သဖြင့်စိုးရိမ်ကြောင့်ကြစွာ အသက်ရှင်နေထိုင်ကြရမည်ဖြစ်ပါသည်။

၁၀။ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရခြင်းဖြစ်ပါကလည်း ဤမျှကြီးမားသော ဤရေကာတာကြီးကို တည်ဆောက်ရန်မလိုဘဲ၊ တပိုင်တနိုင်လိုအပ်သလောက် ရေအားလျှပ်စစ်ထုတ်လုပ်ရယူနိုင်သော မြစ်များ ချောင်းများ ကျွန်တော်တို့ဒေသတွင် အလုံအလောက်ရှိသည်ဟု ယုံကြည်ကြပါသည်။ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်နှင့် ပြည်တွင်း လိုအပ်ချက်ကြောင့် တည်ဆောက်ခြင်းဖြစ်သည်ဟု မယူရန် ကျွန်တော်များ လက်လှမ်းမမှီနိုင်ကြပေ။

၁၁။ ကချင်ပြည်နယ်အတွင်း တည်ဆောက်မည့် အဆိုပါရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်နှင့် China Power Investment Corporation တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းဖြစ်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်းတို့တည်ဆောက်ထားသောစီးပွားရေးလုပ်ငန်းများ၏လုံခြုံရေးအလို့ငှာ လိုအပ်သည်များဆောင်ရွက်လာပါက ကျွန်တော်တို့နိုင်ငံ၏လုံခြုံရေးကို ထပ်တလဲလဲ စဉ်းစားရန် လိုအပ်မည်ဟု ကျွန်တော်များက ယုံကြည်မိကြပါသည်။

၁၂။ စီးပွားရေးလုပ်ငန်းအရ ပါဝင်ဆောင်ရွက်၍ နိုင်ငံခြားအဖွဲ့အစည်းများကို လမ်းညွှန်လမ်းပြ အကြံဉာဏ်များပေး၍ လုပ်ငန်းကန်ထရိုက်ရရှိသောကုမ္ပဏီသည် အာရှားဝေါလ်ကုမ္ပဏီ ဖြစ်ပါသည်။ ဤနေရာဒေသများတွင် အချက်အလက်များ စုဆောင်းရာမှမှန်းသပ်သော အချိန်ကာလ များရှိခဲ့မည် ဖြစ်ပါသည်။ မေခ-မလိခ မြစ်ဆုံတွင် ရေကာတာတည်ဆောက်ခြင်းဖြင့် အထက်ပါကျွန်တော်များ ဖော်ပြခဲ့သော ဖြစ်ပေါ်လာနိုင်မည့် ပျက်စီးဆုံးရှုံးမှုများအကြောင်းကို နိုင်ငံခြားကုမ္ပဏီများအားအမှန်အတိုင်း အသိပေးသွားမည်ဆိုပါက နိုင်ငံခြားကုမ္ပဏီများကလည်း စဉ်းစားပေးနိုင်ကြလိမ့်မည်ဟု ကျွန်တော်များက ယုံကြည်ပါသည်။

၁၃။ ကျွန်တော်များသည် မိမိလူမျိုးနှင့်နိုင်ငံသားများ၏ အသက်အိုးအိမ် စည်းစိမ်ပျက်စီးဆုံးရှုံးမှုမည့်ကိုမှု မိမိတို့တိုင်းပြည်၏သဘာဝအမွေအနှစ်များ ပျောက်ကွယ်ဆုံးပါးသွားမည်ကိုစွန့် ပတ်သက်၍ အစဉ်အဆက် ကာကွယ်ရင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ဆိုင်ရာများသို့ တင်ပြတောင်းဆိုနေမည် ဖြစ်ပါသည်။

၁၄။ သို့ပါ၍ မြစ်ဆုံဒေသ၌ ရေကာတာတည်ဆောက်ခြင်းသည် ထိုဒေသရှိဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမည့်အန္တရာယ်ရှိခြင်း၊ ဒေသပတ်ဝန်းကျင်ရှိ သဘာဝသယံဇာတပစ္စည်းများ ဆုံးရှုံးရန်ရှိခြင်း၊ ပြည်သူအများ၏ အကျိုးစီးပွားများဆုံးရှုံးရန်ရှိခြင်းနှင့် နောက်ထပ်ဖန်တီးယူ၍မရနိုင်သော သဘာဝအမွေအနှစ်များ အများအပြားဆုံးရှုံးရန်ရှိခြင်းတို့ကြောင့် မြစ်ဆုံဒေသတွင်ပြုလုပ်မည့် ရေအားလျှပ်စစ် စီမံကိန်းနှင့်ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းအား ရပ်ဆိုင်းပေးပါရန် အလေးအနက် တောင်းဆို လျှောက်ထားအပ်ပါသည်။



လေးဆားရွာဖြင့်

၁။ လက်မှတ်
အမည် ဦးဟောဝါးဆော်ကမ်
မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၀၅၂၃၇
အသက် ၇၀ နှစ်
နေထိုင်ရာဒေသ မြစ်ကြီးနားမြို့

၂။ လက်မှတ်
အမည် [illegible]
မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၀၀၇၅၂၉
အသက် ၉၀ နှစ်
နေထိုင်ရာဒေသ ကျွန်းပင်သာ၊ မြစ်ကြီးနားမြို့

၃။ လက်မှတ်
အမည် ဦးဇော်ခွန်းဆိုင်တောင်
မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၀၁၃၀၁၈
အသက် ၆၃ နှစ်
နေထိုင်ရာဒေသ ဆဒ်/ဗိုင်းမော်မြို့နယ်

၄။ လက်မှတ်
အမည် ဦးဗအင်ခွမ်တန်
မှတ်ပုံတင်အမှတ် ၁/ဗမန (နိုင်) ၀၀၅၂၀၆
အသက် ၆၁ နှစ်
နေထိုင်ရာဒေသ ဗန်းမော်၊ ကချင်ပြည်နယ်

၅။ လက်မှတ်
အမည် ဦးအင်ဒေါင်ဘူ
မှတ်ပုံတင်အမှတ် ၁/မကတ (နိုင်) ၀၅၄၃၅၁
အသက် ၆၅ နှစ်
နေထိုင်ရာဒေသ မိုးကောင်းမြို့၊ ကချင်ပြည်နယ်

၆။ လက်မှတ်
အမည် ဦးမကျီဇော်နောင်
မှတ်ပုံတင်အမှတ် ၁/မညန (နိုင်) ၀၈၉၀၈၈
အသက် ၆၄ နှစ်
နေထိုင်ရာဒေသ ဆက်ကန်း၊ ဟိုပင်မြို့နယ်ခွဲ

၇။ လက်မှတ်
အမည် ဦးဟောင်းဇယ်
မှတ်ပုံတင်အမှတ် ၁/ဗမန (နိုင်) ၀၂၇၉၄၂
အသက် ၅၄ နှစ်
နေထိုင်ရာဒေသ ဗိုင်းမော်မြို့၊ ကချင်ပြည်နယ်

၈။ လက်မှတ်
အမည် ဦးဇော်လွမ်
မှတ်ပုံတင်အမှတ် ၁/ဆဘန (နိုင်) ၀၂၉၉၉၇
အသက် ၅၂ နှစ်
နေထိုင်ရာဒေသ ဗိုင်းမော်မြို့၊ ကချင်ပြည်နယ်

၉။ လက်မှတ်
အမည် ဦးဒိန်ရာအဲန်
မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၀၁၆၅၁၈
အသက် ၆၀ နှစ်
နေထိုင်ရာဒေသ မြစ်ကြီးနားမြို့

၁၀။ လက်မှတ်
အမည် ဦးမီတဲနော်လာ
မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၁၀၀၅၃၅
အသက် ၂၉ နှစ်
နေထိုင်ရာဒေသ မြစ်ကြီးနားမြို့

၁၁။ လက်မှတ်

အမည် ဦးလုံဂျာတူးဇော်

မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၀၅၂၂၀၄

အသက် ၄၈ နှစ်

နေထိုင်ရာဒေသ မြစ်ကြီးနားမြို့

၁၂။ လက်မှတ်

အမည် ဦးမရန်လဆိုင်း

မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၁၀၀၆၀၀

အသက် ၂၈ နှစ်

နေထိုင်ရာဒေသ တန်ဖဲ မြစ်ကြီးနားမြို့

မိတ္တူကို -

၁။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
နေပြည်တော်

၂။ တိုင်းမှူး
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်
မြစ်ကြီးနား

၃။ ဝန်ကြီး
အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
နေပြည်တော်

၄။ ဝန်ကြီး
အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
နေပြည်တော်

Villages in the food zone of Irrawaddy Myitsone Dam



ရေလွှမ်းခံရမည့် ကျေးရွာများမှ လူဦးရေစာရင်း

No.	Village name	Household	Population
1	ညှော်မှော်	21	113
2	လောဝ်ဂမ်	13	58
3	ဇန်နောင်း	72	386
4	ဂျဝါယန်	18	87
5	ဒေါ်မာယန်	10	57
6	ဂါနန်ယန်	14	73
7	အင်ဒုန်းဇွပ်	15	77
8	အူလောင်ယန်	32	179
9	အော်ရာယန်	42	401
10	ဇွပ်ရာယန်	8	60
11	ခါန်ဘယ်ယန်	6	51
12	မဇွပ်	54	292
13	အင်ဒေါ်ယန်	11	109
14	ချီဖွေ	218	1097
15	လမော်ဇွပ် (နာမော်ဇွပ်)	17	65
16	မဂရမ်ယန်	29	138
17	ရှန်ငေါ	65	334
18	ခဝမ်ယန်	69	354
19	မာန်ဒေါင်	165	847
20	ဒွမ်ဘန်ဇွပ်	31	163
21	ဆနီခူး	18	107
22	မန်ဝိန်း	189	897
23	ဆိုင်လော်	263	1294
24	လှိုင်ဆီး	5	25
25	ဆဂေါ့ဝူမန်	6	30
26	တန်ဖရဲ	173	1406
27	ငွေထောင်	22	106
28	ဝေရှိ	4	15
29	ဖစစ်ဇွပ်	10	57
30	ကော့သခါ	5	20
31	မနာဇွပ်ဆကန်	7	28
32	အင်ဆွပ်ဇွပ်	10	30
33	အင်ဂျစ်	18	180
34	ရှီတွေယန်	18	160
35	တယန်	40	150
36	မုန်ယာဇွပ်	10	60
37	ကရတ်ယန်	6	28
38	ဂျိန်မာယန်	10	45
39	ဂျာထူယန်	27	143
40	ခရာဇွပ်	37	192
41	လတ်ဇွပ်	7	29
42	မရောမ်ဇွပ်	8	39
43	လရန်ဂါး	68	357
44	အွမ်လဂွမ်	5	20
45	ဒမ်ကထောင်	17	96
46	ဇနန်	6	25
47	ပလောင်ယန်	5	25
	TOTAL	**1904**	**10505**